
www.burmeseclassic.com




လုံးချင်းဝတ္ထုသစ်

# သင်ဖြူဝင်နိုး

## အဖြူရောင်နူးညံ့ခြင်း

ပန်းနှိုသိန်းရွှေကြည်

2014

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဗျူးစာပေ)
အမှတ်-၅၂၀(က)၊ အင်း၀(၄)လမ်း၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျော်ရှင် (မြ-၁၀၀၉၈)
(ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ်-၁၇၉၊ ၃၃လမ်း၊ (၁၁)ရပ်ကွက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း - ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ။
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၁၀၀ ကျပ်
ဖြန့်ချိရေး - ဖိုးလပြည့်စာပေ
အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၈၉၈၉၄

၈၉၅.၈၃

သင်မြတ်နိုး
အမြူရောင်နှုတ်ခမ်း/သင်မြတ်နိုး။ ရန်ကုန်။
ဗျူးစာပေ ၂၀၁၄။
(၂၄၀)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ
(၁) အမြူရောင်နှုတ်ခမ်း

## အခန်း ( ၁ )

ဒက်ဒီခန့်လိုက်တဲ့ ဒရိုင်ဘာကို ကျွန်မ သဘောမကျမိတာ ကတော့ အမှန်ပဲဖြစ်သည်။

အမြဲတမ်း ...

ဈေးစပ်သေချာစွာ စည်းစနစ်ကျလွန်းသော ဒက်ဒီသည် ဒရိုင်ဘာတစ်ယောက်ကို အလွယ်တကူ ခန့်လိုက်တာမျိုးတော့ ကျွန်မ အံ့သြမိသည်။

နားမလည်နိုင်အောင်လည်း ဖြစ်ရ၏။

ဒက်ဒီ့ကို စောဒကတက်ဖို့အတွက် သူမ ဒက်ဒီ့ရုံးခန်းသို့ ဝင်သွားခဲ့သည်။

"တီးနော့င် ..."

"တီးနော့င် ..."

လူခေါ်ဘဲလ်ကို နှိပ်လိုက်သည်။

"ဝင်ခဲ့ပါ ..."

သူမ ... ဝင်သွားခဲ့တော့သည်။

"သမီး ... ဘာဖြစ်လာတာလဲ"

www.burmeseclassic.com



ဒက်ဒီက အေးဆေးသော လေသံပျော့ပျော့နှင့်သူမကို မေးခဲ့သည်။

"ဒက်ဒီ ..."

"ပြော ..."

"ကျွန်မ ... ဒက်ဒီခန့်ထားတဲ့ ဒရိုင်ဘာကို သဘောမကျဘူး"

"ဘာဖြစ်လို့လဲ ..."

"ရွယ်တူဖြစ်နေလို့ ..."

ဒက်ဒီက မော့ကြည့်သည်။

တည်ကြည်ခန့်ညားစွာ နေထိုင်တတ်သော ဒက်ဒီ့ကို ကျွန်မတို့ မိသားစုဝင်တွေ ချစ်ကြောက်ရိုသေကြရ၏။

BURMESE CLASSIC

ကျွန်မကိုတော့ ဒက်ဒီကချစ်သည်။

အလိုလိုက်သည်။

ဒက်ဒီ့ကို ပြောရဲဆိုရဲတာ ကျွန်မတစ်ယောက်ထဲရှိ၏။

"သမီး ..."

"ရှင် ..."

"မောင်သျှင်နေမင်းကို သမီးရဲ့ ဒရိုင်ဘာခန့်တာ သမီးကို စောင့်ရှောက်ဖို့အတွက်ပဲ ..."

"ဟာ ... ဒက်ဒီကလည်း ..."

ကျွန်မ လုံးဝ လက်မခံနိုင်သော အချက်တစ်ခုကို ဒက်ဒီ ပြောလိုက်ခြင်းသာဖြစ်သည်။

"အမိပ္ပါယ်မရှိတာပဲ ဒက်ဒီ ... သမီးက အရွယ်ရောက်နေပြီ ပညာလည်း စုံနေပြီ ... သမီးကို စောင့်ရှောက်စရာ မလိုပါဘူး"





"လိုတာပေါ့ သမီး ... မောင်သျှင်နေမင်းက ကိုယ်ခံပညာတွေလည်း တတ်တယ် ... သတ္တိလည်းရှိတယ် ... သမီးအတွက် အကာအကွယ်ရတာပေါ့ ... သမီး လက်ခံပါ ..."

သျှင်နေမင်းတဲ့ ...

နာမည်ကြီးကလည်း တင်စီးလိုက်တာ ...

ပြီးတော့ ...

မျက်နှာထားက တင်းနေသည်။

တလောကလုံး သူ့လုပ်စာကို ထိုင်စားနေတဲ့ မျက်နှာ ...

ဒရိုင်ဘာတဲ့ ...

ဘဝမြင့်နေသလိုပဲ ...

"အတော်ပဲ ... သမီးကို တစ်ဆက်တည်း ဒက်ဒီပြောစရာရှိတာ ပြောထားရဦးမယ် ..."

သမီးဖြစ်သူ နွေညလေးရဲ့မျက်နှာကို ကြည့်မိသည်။

နှုတ်ခမ်းလေးတွေ စူတင်းပြီး အတော်လေး မကျေမနပ်ဖြစ်နေပုံရ၏။

"သမီးမှာ အမေ မရှိဘူး မဟုတ်လား ... ဒက်ဒီပဲ အဖေ၊ ဒက်ဒီပဲ အမေ ..."

နွေညလေး ...

တစ်ဦးတည်းသော သမီးလေး ...

မိမိလုပ်ငန်းတွေရော ... အမွေပစ္စည်းတွေပါ ဆက်ခံရမည့် ချစ်သမီးလေး ...

သမီးအရွယ်ရောက်လာပြီ ဖြစ်တဲ့အတွက် မိဘတွေရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထုရှားအတိုင်း သမီးဘဝလမ်းကြောင်း တည့်မတ်ဖို့အတွက် ဖခင်တစ်ယောက်အနေနှင့် ကြိုတင်စီစဉ်ရမည်ဖြစ်သည်။

"သမီးမှာ ချစ်သူတွေဘာတွေ မရှိသေးဘူးဆိုတာ ဒက်ဒီ သိထားတယ်လေ ... အဲဒါ မှားလား ..."

ဒက်ဒီ့အကြည့်တွေက ကျွန်မ မျက်ဝန်းတွေဆီ စူးစိုက်စွာ ကျရောက်လာသည်။

ကျွန်မ ...

ရင်ဆိုင်လိုက်သည်။

"မမှားပါဘူး ... ဒက်ဒီ"

"သမီးအရွယ်ရောက်နေပြီ ... ရုပ်ချောတယ်၊ ဥစ္စာပေါတယ်၊ ပညာတတ်တယ် ... အဖက်ဖက်က ပြည့်စုံတယ်'

"အဲဒါ ဘာဖြစ်လို့လဲ ဒက်ဒီ ... ဘာလဲ ဒက်ဒီက သမီး အိမ်ထောင်ပြုမယ့် ယောကျ်ားက လူဆိုးလူသွမ်းဖြစ်နေမှာ စိုးလို့လား ... သမီးမှာ အသိတရားတွေရှိပါတယ် ... ဦးနှောက် အသိဉာဏ်ဖွံ့ဖြိုးပါတယ် ..."

"မောင်ခွဲနိုင်ကို သမီးတွဲနေတာ ... ဒက်ဒီ လုံးဝ သဘောမကျဘူး ..."

"ဟင် ..."

ဒက်ဒီ့ကို ကြည့်မိသည်။

ခွဲ ...

ဘာဖြစ်လို့လဲ ...

ကျွန်မတို့နဲ့ တန်းတူပဲဟာ ...





ခွဲနိုင်ကိုနှင့် ကျွန်မက ကျောင်းနေဖက် သူငယ်ချင်းတွေ အမြဲတမ်း ...

တတွဲတွဲသွားနေကျ ...

အင်ဂျင်နီယာဘွဲ့ရပြီးသော ခွဲသည် မိဘပိုင်သော ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုမှာ ဦးစီးနေသူဖြစ်သည်။

ခွဲမှာ ဘာချို့ယွင်းချက်မှ မရှိ ...

တစ်ခုပဲ ရှိသည်။

ခွဲသည် မာန်မာန အလွန်ကြီးသော ယောကျ်ားတစ်ယောက် သာဖြစ်သည်။

တော်ရုံ မိန်းကလေးကို စိတ်မဝင်စားပေ။

ကျွန်မကိုပင် ဒီနေ့အထိ စိတ်ဝင်စားဟန် မပြသေးပေ။

ရင်းနှီးသော သူငယ်ချင်းတစ်ယောက်အနေနဲ့သာ ဆက်ဆံနေသည်။

"ခွဲက ..."

"မာန်မာန အရမ်းကြီးတဲ့ ယောကျ်ားတစ်ယောက်ရဲ့ အကျင့်စရိုက်တွေကို ဒက်ဒီသဘောမကျဘူး ..."

သမီးနှင့် မောင်ခွဲနိုင်ကို သူငယ်ချင်းတွေဖြစ်ပေမဲ့ အသက်အရွယ်ရလာတဲ့အခါ သမီးအနာဂတ်ကို ဖခင်တစ်ယောက်အနေနှင့် ရွေးချယ်ဆုံးဖြတ်တာမျိုးတွေ လုပ်သင့်သည်။

ခွဲနိုင်ကိုနှင့် သမီးကို နီးစပ်မှုရှိတာမျိုး သဘောမကျမိ။

"မောင်နေမင်းက သမီးကို စောင့်ရှောက်မှာပါ ... သမီးနဲ့ မပတ်သက်စေချင်တဲ့သူတွေနဲ့ ပတ်သက်မှု ရှိမရှိ အရှင်းဆုံးပြောရရင်တော့ ... ဒက်ဒီ လူယုံပေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com

သူမ ...

သေချင်လောက်အောင် စိတ်ညစ်သွားမိသည်။

"မောင်သျှင်နေမင်းကို ဒက်ဒီက ပြောထားပြီးပြီ ... သမီး ချစ်သူဆိုတဲ့ လူတစ်ယောက်ရဲ့ အကြောင်းကို ဒက်ဒီ့ကိုပြောပြဖို့"

"ဒက်ဒီက ... သမီးကိုချုပ်ချယ်တာလား"

"သမီးကို ဒက်ဒီစိတ်မချဘူး ... အိမ်ထောင်ဘက်ကို ရွေးချယ်ပေးရမယ် ... "

"သမီး ဆန္ဒအတိုင်းပဲ စဉ်းစားဆုံးဖြတ်ချင်တယ် ဒက်ဒီ"

"လက်မခံဘူး ... "

"ခွဲနိုင်ကိုလို ယောကျ်ားတစ်ယောက်ကို ... ဒက်ဒီ လက်မခံနိုင်ဘူး"

"ခွဲက လူတော်လူကောင်း တစ်ယောက်ပါ ဒက်ဒီ ... ခွဲကို မျှော်လင့်နေတဲ့ မိန်းကလေးတွေ အများကြီးပဲ ... "

"အဲဒီအထဲမှာ သမီးမပါစေနဲ့ ... "

"သမီးတို့က သူငယ်ချင်းတွေပါ ဒက်ဒီ ... "

"ဒီအဆင့်ထက် မပိုစေနဲ့သမီး ... ဒက်ဒီက သမီးအနာဂတ်ကို မသိကျိုးကျွံ ပြုနေလို့ မဖြစ်ဘူး ... ဝင်စွက်ဖက်ရလိမ့်မယ်၊ ပြီးတော့ ... ဒက်ဒီပြောထားချင်တာက သမီးရဲ့ အိမ်ထောင်ဖက်ကို ဒက်ဒီရွေးချယ်ပြီးပြီဆိုတာပဲ ... "

"ဘယ်သူလဲ ဒက်ဒီ ... "

"လောလောဆယ်တော့ ... သမီး သိထားဖို့ မလိုဘူးလို့ ထင်တယ် ... "

"သမီးက ... ဘုမသိ ဘမသိ ယောကျ်ားတစ်ယောက်နဲ့





လက်ထပ်ရမှာလား ဒက်ဒီ ... "

ဒက်ဒီနှင့် သူမသည် အမြဲတမ်းပွင့်လင်းစွာ ဆွေးနွေးတတ်သော သားအဖဖြစ်သည်။

ခင်မင်ရင်းနှီးစွာ ပြောဆိုလေ့ရှိသည်။

သမီးကို စည်းစနစ်ကြီးစွာဖြင့် ကြီးပြင်းစေခဲ့သည်။

ပွင့်လင်းစွာ ပြောဆိုတတ်အောင် လေ့ကျင့်ပေးခဲ့သည်။

စီးပွားရေးမှာလည်း လွတ်လပ်စွာလုပ်ပိုင်ခွင့်ပေးထားခဲ့သည်။

တကယ့်ကို မထင်မှတ်သော အကြောင်းအရာတစ်ခုပဲ ဒက်ဒီ ပြောဆိုလာခဲ့၏။

ကျွန်မ ...

အိမ်ထောင်ရေး ...

ခွဲနိုင်ကိုနှင့် နီးစပ်သွားမှာ ဒက်ဒီက စိုးရိမ်နေသည်။

ပြီးတော့ ...

ဒက်ဒီက သဘောတူထားပြီးသား လူတစ်ယောက်ရှိနေပြီတဲ့ ... ။

ဘယ်သူလဲဆိုတာ သိခွင့်မရှိခဲ့ ... ။

"သမီးအိမ်ထောင်ရေးကိုတော့ ဒက်ဒီမလွဲမသွေဝင်စွက်ဖက်ရမှာပဲ ... "

"ဒက်ဒီ ... "

"သမီးမှာ အမေမရှိဘူး ... လောလောဆယ် ချစ်သူလည်း မရှိသေးလို့ပါ ... သမီးလေးက အသိဉာဏ်ကြွယ်ဝတဲ့ သမီးလေးပါ။


www.burmeseclassic.com

www.burmeseclassic.com



[illegible] _ သမီးလေး အိမ်ထောင်ဖက်ကိုတော့ ဒက်ဒီပဲရွေးချယ်ပေး [illegible] _

"ဒက်ဒီ ... "

"ပြော ... "

"ဒရိုင်ဘာကိုတော့ ... "

"သမီးရဲ့ ဘော်ဒီဂတ်အဖြစ်ပါ ... "

"ဒရိုင်ဘာကလည်း မျက်နှာကြီးတင်လို့ ... သမီးနဲ့လည်း ရွယ်တူဖြစ်နေတယ် ... ပြီးတော့ ... "

"မောင်သျှင်နေမင်းကို သမီး မဆက်ဆံချင်နေပါ ... သမီး ဘော်ဒီဂတ်အဖြစ်တော့ လက်ခံရမယ် နေ့ညလေး ... "

ဒက်ဒီဘာမှ မပြောတော့ ...

စာရင်းဇယားတွေကို ဒက်ဒီကငုံ့ပြီးဖတ်နေသည်။

စကားမပြောတော့ကြောင်း အမှတ်အသားဖြစ်နေ၏။

သူမ ...

ထလိုက်သည်။

စေဒကတက်လို့ မရတော့ ... ။

ဒက်ဒီ့အမိန့်ကို နာခံရတော့မည်သာဖြစ်သည်။

ထွက်လာခဲ့၏။

ဒရိုင်ဘာ ...

သျှင်နေမင်းတဲ့ ...

ဘယ်လိုနာမည်ကြီးလဲ ...

ကျွန်မရဲ့ ဘော်ဒီဂတ်တဲ့ ...





ဟွန်း ...

ဒက်ဒီ ဘာသဘောနဲ့ ဒီလိုလုပ်တာလည်းဆိုတာ စဉ်းစားမရပေ။

သေချင်တာပဲ ...

သေချာတာတစ်ခုကတော့ ကျွန်မလှုပ်ရှားသမျှတွေကို ဒက်ဒီထံ အစီရင်ခံစာတင်မဲ့ ဒက်ဒီ့လူယုံက ဟိုဒရိုင်ဘာပဲဖြစ်မည်။

အသက်အရွယ်က သူမထက်နည်းနည်းပဲကြီးမည်။

ပညာအရည်အချင်းကတော့ ဆယ်တန်းအောင် ...

ကျောင်း ဆက်မတက်တော့ ...

မိဘတွေက ဆင်းရဲသည်။

အဖေမရှိ ...

အမေပဲရှိသည်။

ကျွန်းမာရေးချို့တဲ့နေသော အမေကို လုပ်ကျွေးနေတာတဲ့။

ကျွန်မ ...

သဘောမကျဆုံးက ...

သူ့မျက်နှာထားပဲ ...

တင်းမာနေသည်။

အလုပ်တာဝန်ကလွဲပြီး ကျွန်မအပေါ် လုံးဝစိတ်ဝင်စားနေဟန် မရှိ ... ။

ကျွန်မ စိတ်ညစ်နေမိသည်။

ဒရိုင်ဘာ ကိုသျှင်နေမင်းသည် ကျွန်မသွားလေရာကို လိုက်ပါရမည် ဖြစ်သည်။

ဒုက္ခပါပဲ ... ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှပင် မသွားချင်တော့ ... ။

သူ ...

ခြံထဲမှာ ကားဆေးနေသည်။

မသွားလို့ကလည်း မဖြစ်။

ဒီနေ့ ...

ဖွဲ့ မွေးနေ့ ...

မဖြစ်မနေလာဖို့ ဖွဲ့ကိုယ်တိုင်က တကူးတက ဖိတ်ထားသည်။

"ဖွဲ့အိမ်မှာ ဒန်ပေါက်ကျွေးမှာနော် ... ညလေး၊ သူငယ်ချင်းတွေ အများကြီး ဖိတ်ထားတယ် ... လာဖြစ်အောင်လာနော် ..."

ဖွဲ့ ...

သူမနှင့် အငယ်မင်အရင်းနှီးဆုံးသော ငယ်သူငယ်ချင်းဖြစ်သည်။

ကြွယ်ဝချမ်းသာသော ဖွဲ့သည် မာန်မာနအလွန်ကြီးသူဖြစ်၏။

မိန်းကလေးတွေ စိတ်ဝင်စားခြင်းကို အထူးခံရ၏။

ဒက်ဒီက ဘာလို့ လက်မခံတာလဲ။

ရွေးချယ်ထားပြီးပြီတဲ့ ... ။

ကျွန်မရဲ့ ဆန္ဒကိုတော့ ဒက်ဒီမမေးတော့ ... ။

အပြင်သွားဖို့အတွက် စိတ်ထဲမှာမပါတော့ဘဲ အတွေးတွေနဲ့ပဲ ရှုပ်ထွေးနေရသည်။

ဒီဒရိုင်ဘာကို ဘယ်လိုပြောရမလဲ ... ။

ဒက်ဒီ မိတ်ဆက်ပေးဖို့ အချိန်မရသဖြင့် မာလီကြီး ဦးမြက





မိတ်ဆက်ပေးသည်။

သူက ခပ်တည်တည်ပဲ ... ။

ကြီးကျယ်နေလိုက်တာ ... ။

ရောက်စကတော့ ခပ်စုတ်စုတ် နုပ်နုပ်လေးဖြစ်ပေမယ့် ဒက်ဒီရဲ့ မြှောက်စားမှုကြောင့် သားနားနေသည်။

အမြင်ကတ်လိုက်တာ ...

ခြံထဲဆင်းလာခဲ့သည်။

"ဒီမှာ ..."

သူ ...

မော့ကြည့်သည်။

"ကျွန်မ သွားစရာရှိတယ် ..."

သူက ကားတံခါးကို ဖွင့်ပေးသည်။

ရှေ့ခန်းတံခါးကို ဖွင့်ပေးနေသဖြင့် ဒေါသဖြစ်သွားရ၏။

သူဖွင့်ပေးသော ရှေ့ခန်းမှာ မထိုင်ဘဲ သူမဘာသာ နောက်ခန်းကို ဖွင့်ပြီး ဝင်ထိုင်လိုက်မိသည်။

တန်ရာတန်ရာ မလုပ်ဘူး ...

ရှင့်လို ဒရိုင်ဘာတစ်ယောက်နဲ့ အတူတွဲထိုင်ရမလား ... ။

ဒက်ဒီဘာတွေ လုပ်နေတာလဲ ... ။

ကိုယ်တိုင် ကားမောင်းတတ်ရဲ့သားနဲ့ ဒက်ဒီက ဒရိုင်ဘာ ...ပေးသည်။

ဘော်ဒီဂတ်တဲ့ ...

ဒေါသဖြစ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒရိုင်ဘာရဲ့ မျက်ဝန်းတွေက သူမအား အရေး မစိုက်ပုံပင်။

ဝေါခနဲ မောင်းထွက်သည်။

"ဒီမှာ ... ရှင် ကားမောင်းတာ ကြမ်းလွန်းတယ် ညင်ညင်သာသာမောင်းပါ ... "

သူ ...

ဘာမှ မပြောပေ ... ။

သူမက သွားရမည့် လိပ်စာကို ပြောလိုက်သည်။

"အမိ ... "

"ဘာလဲ ... "

"ကျုပ် ... လမ်းမသိဘူး ... "

"ရှင် ... ဒရိုင်ဘာတစ်ယောက်ဖြစ်ပြီး ဒီလောက်ညံ့ရလားကိုသျှင်နေမင်း ... ဒီလောက်လွယ်တဲ့လမ်းကို ရှင်မသိဘူးလား"

"မသိဘူး ... ကျုပ်ကို အမိလမ်းပြပါ ... "

"လုံးဝ ညံ့တယ် ... ဒက်ဒီက ဘယ်လိုအရည်အချင်းကြည့်ပြီး ဒရိုင်ဘာ ခန့်တယ် မသိပါဘူးနော် ... "

သူမ ...

တမင်ပြောပစ်လိုက်သည်။

အလုပ်ထွက်ချင်လည်း ထွက်ပါစေ ... ။

ဒရိုင်ဘာတစ်ယောက်လုပ်ပြီး ဝင်ဒါမီယာထဲက မြို့တစ်မြို့ကိုတောင် မသိဘူး ... ။

"ဒီမှာ ... "

"ဗျာ ... "





"ရှင် မြန်မြန်မောင်းပါ ... ရှင့်ကို လမ်းပြနေရတာကတစ်မျိုးကားကို ဖြည်းဖြည်းမောင်းနေတော့ ဖွဲမွေးနေ့ မှီမှာမဟုတ်တော့ဘူး"

"အမိဘဲ မြန်မြန်မောင်းတာ မကြိုက်ဘူးဆို ... "

"ဒုက္ခပါပဲ ... ရှင်က နှေးတော့လည်း အရမ်းနှေးလွန်းနေပြီ"

ကျွန်မကို တမင်ရွဲ့တာတော့ မဟုတ်ပါဘူးနော် ... ။

"ဟာဗျာ ... ခင်ဗျားကို ကျုပ်ဘာလိုရွဲ့ရမှာလဲ ... လမ်းကလည်း တကယ်မသိတာပါ ... ကျုပ်က ကားမောင်းတာမြန်တော့ အမိ သဘောမကျဘူးထင်လို့ပါ ... "

"ကဲကဲ ... နည်းနည်းသွက်သွက်မောင်း ... ကျွန်မ မွေးနေ့ပွဲ မမှီတော့ဘူး ... အရမ်းတောင် နောက်ကျနေပြီ ... "

"အဲဒါ ... ခင်ဗျားအပြစ်ပဲ ... "

"ဘာရှင့် ... "

"စောစောကြိုထွက်သင့်တယ် ... "

သူနှင့် ဆက်မပြောချင်တော့ ... ။

ဒက်ဒီနှင့် စကားပြောတာ မထင်မှတ်ဘဲ ကြာသွား၍ဖြစ်သည်။

ဖွဲတို့အိမ်ရောက်တော့ လူရှင်းနေ၏။

ရှိန်းမြမြန်တို့ သူငယ်ချင်းတစ်သိုက်သာ ဆူညံစွာရှိနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

"ညလေး … ဘာလို့ နောက်ကျနေတာလဲကွာ … ဖွဲစောင့်နေတာ … အဲဒီလို မတိကျတာမျိုး ဖွဲအရမ်းဒေါကန်တယ် …"

"တောင်းပန်ပါတယ် ဖွဲ … ဒက်ဒီနဲ့အလုပ်ကိစ္စလေး တစ်ခုအခြေအတင် ဖြစ်သွားလို့ပါ …"

ဖွဲကို မွေးနေ့လက်ဆောင်ပေးသည်။

လူတွေအပေါ် အနိုင်ကျင့်ဗိုလ်ကျတတ်သော ဖွဲအကျင့်စရိုက်အတိုင်း ဒေါကန်တဲ့ အမူအရာလေးနှင့် ပြောနေသည်။

ဖွဲကို သူမချော့ရ၏။

"ဖွဲရယ် … စိတ်မဆိုးပါနဲ့နော် … ညလေးမှားတာပါ … စောစောထွက်သင့်တယ် … အရေးထဲ ဒရိုင်ဘာက လမ်းမသိလို့လေ …"

"ညလေးက ကိုယ်တိုင်ကားမောင်းလာတာ … မဟုတ်ဘူးလား …"

"ဒက်ဒီက ဒရိုင်ဘာအသစ်တစ်ယောက်ထားပေးတယ် …





ညလေးက စိတ်မချလို့တဲ့လေ …"

ပွဲပြန်စကြသည်။

ဖွဲက ညလေးရောက်လာမှ မွေးနေ့ကိတ်ကို လှီး၏။

သူငယ်ချင်းအားလုံး ခြောက်ယောက် …

"ဖွဲကတော့ တို့တွေထဲမှာ နွေညလေးကို အခင်ဆုံးပဲသိလား၊ တကယ်မနာလိုစရာကောင်းတယ် … ရှင်မလာလို့ မျက်နှာကြီးကို ရှုပုပ်တင်းမာနေတာပဲ …"

ဒက်ဒီက ဖွဲနဲ့ပတ်သက်တာ သဘောမကျဘူး ပွင့်လင်းစွာ ပြောခဲ့သည်။

ညလေးနှင့် လက်ထပ်ပေးဖို့ပ သဘောတူထားတဲ့ သူရှိပြီး သားတဲ့ … ။

ဘာမှ နားမလည်မိ … ။

ဒက်ဒီက စည်းစနစ်ကြီးပြီး တိကျတာက လွဲပြီး လူတစ်ယောက်ရဲ့ လွတ်လပ်ခွင့်ကို နားလည်သူပဲဖြစ်သည်။

သမီးကိုလည်း လွတ်လပ်စွာ ကြီးပြင်းစေ၏။

"သမီး အနာဂတ်ကို ဒက်ဒီဖန်တီးပေးရမယ် … အိမ်ထောင်ဖက်ကိုလည်း သမီးရွေးချယ်ခွင့်မရှိဘူး …"

ဒက်ဒီ ပြတ်သားစွာ ပြောခဲ့သည်။

"ညလေး …"

"ဟင် …"

"ဒရိုင်ဘာကို ပြန်လွှတ်လိုက်တော့ …"

"ဘာဖြစ်လို့လဲ … ဖွဲ …"



www.burmeseclassic.com

www.burmeseclassic.com



"ဖွဲ့ကားနဲ့ပဲလျှောက်လည်ကြမယ် ... ဒီနေ့ အပျော်ဆုံးနေမယ် ... ကိုယ် အချစ်မြတ်နိုးဆုံး မိန်းကလေးတစ်ယောက်ကို ရွေးချယ်ပြီး ... ကိုယ်နဲ့အတူ နှစ်ယောက်တည်း လျှောက်လည်မယ် ..."

ကြည့် ...

ဖွဲ့ ဘယ်လောက် အတ္တကြီးလဲ ... ။

သူ ...

အချစ်ဆုံးက ကျွန်မတဲ့ ... ။

"ကျွန်တဲ့သူတွေ ပြန်နိုင်ကြပါပြီ ... အခုလို လာရောက်ချီးမြှင့်တဲ့အတွက် အရမ်းဝမ်းသာပြီး ကျေးဇူးတင်ပါတယ်"

အားလုံးကို ပြန်နိုင်းသည်။

ရှိန်းမြဖြတို့ အုပ်စု မသိမသာနှုတ်ခမ်းတွေ စူသွားကြ၏။

ဖွဲ့က အားမနာတတ် ...

ကျွန်မက အားနာနေမိသည်။

ပြီးတော့ ...

ကျွန်မကို ရွေးချယ်တဲ့အတွက်လည်း ဝမ်းမသာနိုင်ပေ။

ဒက်ဒီက ပြောပြီးပြီ ... ။

ဖွဲ့က ကျွန်မကို အချစ်ဆုံးတဲ့ ...

ချစ်သူ အဖြစ်လား ...

သူငယ်ချင်းအဖြစ်လား ...

"ဖွဲ့ ..."

"ဟင် ..."





"ဒရိုင်ဘာကို ပြန်လွှတ်လို့ မဖြစ်ဘူး ..."

"ဘာဖြစ်လို့လဲ ..."

"ကျွန်မရဲ့ ဘော်ဒီဂတ် ..."

"ဘာ ... ညလေးကို ဘော်ဒီဂတ်ထားရအောင် ... မင်းက ဘာမို့လို့လဲ ... ဘုရင့်သမီးတော်လည်း မဟုတ်ဘူး ... ကြီးကျယ်မနေစမ်းပါနဲ့ ညလေးရာ သွားစမ်းပါ ... ဒရိုင်ဘာကို ပြန်လွှတ်လိုက်စမ်းပါ ..."

"တကယ်ပြောတာပါ ... ဖွဲ့၊ ဒက်ဒီက အမိန့်ထုတ်ထားတယ် ဒရိုင်ဘာမပါဘဲ ကျွန်မတစ်ယောက်တည်း သွားခွင့်မရှိတော့ဘူး"

"ဘာဖြစ်လို့လဲ ..."

"မသိဘူး ..."

"ဘာတွေဖြစ်နေတာလဲ ညလေး ... တစ်သက်လုံး ဖွဲ့နဲ့သွားနေတာပဲဟာ ..."

"ဖွဲ့ရယ် ... ဒက်ဒီက ဒီနေ့မှ အမိန့်ထုတ်တာပဲဟာ ... မတတ်နိုင်ဘူး ... ဖွဲ့က ကျွန်မကိုရွေးချယ်ပေမယ့် ကျွန်မဖွဲ့နဲ့လိုက်ပြီး လျှောက်လည်နိုင်မှာ မဟုတ်ဘူးနော် ..."

"ဘာ ..."

ဖွဲ့ ...

ဒေါကန်သွားရသည်။

ညလေး ...

ဘာကြီးကျယ်နေတာလဲ ...

ဖွဲ့လို လူတစ်ယောက်ရဲ့ ရွေးချယ်မှုတွေကို ဘာလို့ငြင်းဆန်ရတာလဲ ... ။



www.burmeseclassic.com

www.burmeseclassic.com



"ညလေး ..."

"ဟင် ..."

"မရဘူးကွာ ... ဒရိုင်ဘာကို မပြန်ခိုင်းချင်ရင်လည်း တစ်နေရာမှာ စောင့်ခိုင်းလိုက်ကွာ ..."

ဖွဲ့က ဖွတ်ပဲ ... ။

ကျွန်မလည်း ဖွဲ့မွေးနေ့မှာ ဖွဲ့စိတ်တွေကို အနှောင့်အယှက် မဖြစ်စေလိုပေ။

ပျော်ရွှင်စေချင်သည်။

ဖွဲ့အခင်မင်ဆုံးက ကျွန်မဖြစ်သလို ကျွန်မ အခင်မင်ဆုံးကလည်း ဖွဲ့ဖြစ်နေ၏။

"မွေးနေ့မှာ ဖွဲ့ကိုပျော်ရွှင်စေချင်ပါတယ် ... ဒါပေမဲ့ ကျွန်မ ဒက်ဒီ့အမိန့်တွေကို နာခံမှဖြစ်မယ် ..."

"ညလေး ..."

"ဟင် ..."

"ဖွဲ့မွေးနေ့ကို ဖျက်ဆီးပစ်လိုက်တာလား ..."

ဖွဲ့ ...

ဒေါကန်သွားမိသည်။

ညလေး ...

ကြီးကျယ်နေတာ ...

သူ ...

ညလေးကို ရွေးချယ်တာက အခင်မင်ဆုံးသူငယ်ချင်းအဖြစ်ပင် ... ။

ချစ်သူတော့ မဟုတ် ... ။





ဖွဲ့ရဲ့ဖော်မြူလာက မိန်းကလေးဘက်က စတင်ချစ်ရေးဆိုရမည်။

မိန်းကလေးတစ်ယောက်ကို ဖွဲ့ကနေ စတင်၍ ချစ်ပါသည်ဟု စပြီး မပြောဘူးဟု ဆုံးဖြတ်ထားသည်။

ဖွဲ့က ...

ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင် ...

အရာအားလုံးပြည့်စုံနေသော ဖွဲ့အတွက် မိန်းကလေးတွေကို ရွေးချယ်ခွင့်ဆိုတာ ရှိပြီးသားဖြစ်သည်။

"ဒါဆို ညလေးပြန်တော့ ..."

"ဟင် ..."

"ကိုယ်က ... ညလေး ဒီလောက်ကြီးကျယ်ခမ်းနားနေမှန်း မသိလို့ပါ ... ကိုယ့် အစီအစဉ်ကို ဖျက်လိုက်ပြီ ..."

ဒီနေ့ ...

ဖွဲ့မွေးနေ့ ...

အမှန်အတိုင်း ဝန်ခံရရင်တော့ ဖွဲ့ကို ကျွန်မအတိုင်းအဆမရှိ ပျော်ရွှင်ချမ်းမြေ့စေချင်မိသည်။

ကျွန်မကြောင့် ...

ဖွဲ့ စိတ်ရှုပ်ထွေးသွားရပြီ ... ။

"ဖွဲ့ ..."

"ဟင် ..."

"ခဏနော် ..."

ကျွန်မ ...

ခြံထဲသို့ပြန်ဆင်းလာခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားနားရောက်လာ၏။

"ဒီမှာ ... "

"ဗျာ ... "

"ရှင် ... ဒီခြံထဲကနေပဲ ကျွန်မကိုစောင့်နေပါ ... ဒီနေ့ ဖွဲ့ မွေးနေ့ဖြစ်နေလို့ ကျွန်မတို့နှစ်ယောက်တည်း ဘုရားသွားမလို့"

"ကျုပ်ကို ဆရာကမှာထားတယ် ... ကျုပ်မပါဘဲ အမိ ဘယ်မှ သွားခွင့်မရှိဘူးတဲ့ ... "

"ရှင် ... ပြန်မပြောနဲ့နော် ... "

"ကျုပ်မလိမ်တတ်ဘူး ... "

"ရှင် ... သက်သက်ကပ်တာပဲ ... "

"ကျုပ် ... မလိုက်လျောနိုင်ဘူး၊ အမိတစ်ခုခုဖြစ်သွားရင် ကျုပ်ဒုက္ခရောက်မှာ ... ကျုပ်အလုပ်ရှင်စကားကိုပဲ ကျုပ်နာခံနိုင်မယ် ... "

"ရှင် ... "

သျှင်နေမင်းကတော့ ဘယ်နည်းနှင့်မှ မလိုက်လျောနိုင်ပေ။

ဆရာဦးစစ်နိုင်ရဲ့ အမိန့်တစ်ခုတည်းကိုပဲ နာခံမှာဖြစ်သည်။

ဘယ်သူ့အမိန့်မှ မနာခံနိုင် ... ။

"ကျုပ်က ဝန်ထမ်းပဲ ... အမိစကားကို ဘာမှ လိုက်နာစရာ မလိုဘူးလို့ ပြောထားလို့ပါ ... "

ကျွန်မ ...

ဘာဆက်ပြောရတော့မှာလဲ ...

ဒီလူက ...

ခေါင်းမာတဲ့လူ ...





နည်းနည်းလေးမှ အလျှော့ပေးမည့်ပုံ မပေါ်ဘဲ ... မျက်နှာထားက တင်းမာနေသည်။

ဖွဲ့ဆင်းလာ၏။

"ဒီမှာ ... "

ဖွဲ့လေသံက မာထန်နေသည်။

လက်အောက်ငယ်သားတွေကို အမြဲတမ်းတင်းမာစွာ အပေါ်စီးကနေ ဆက်ဆံတတ်၏။

"မင်းပြန်ပါ ... "

"ကျုပ် မပြန်နိုင်ဘူး ... "

"ဘာလဲကွ ... မင်းက ဒရိုင်ဘာပဲ ... ညလေးက အလုပ်ရှင် သူဌေးသမီး ... မင်း ဘာလို့ အာခံနေရတာလဲ ... "

"ကျုပ်က မနွေ့ညလေးရဲ့ အလုပ်သမားမဟုတ်ဘူး ... ဆရာ ဦးစစ်နိုင်ရဲ့ဝန်ထမ်း ... ကျုပ် ဦးစစ်နိုင်အမိန့်တစ်ခုတည်းကိုပဲ နာခံနိုင်မယ် ... "

"မင်း ... "

"ဖွဲ့ ... ပြောမနေနဲ့တော့ ... သွားကြရအောင်"

ဖွဲ့ကိုခေါ်ပြီး တိုက်ကြီးထဲသို့ ဝင်လာခဲ့သည်။

"မင်းဒရိုင်ဘာက ရင့်သီးလှချည်လား ... ညလေး ... မင်းအဖေက မင်းအပေါ် အယုံအကြည်မရှိတော့တာလား ... "

"မသိပါဘူး ... ဖွဲ့ ... ဒက်ဒီသဘောထားတွေ ရုတ်တရက်ကြီး ပြောင်းတယ် ... ကျွန်မလည်း စဉ်းစားမရအောင် ဖြစ်နေရတယ် ... "

"တောက် ... "



www.burmeseclassic.com

www.burmeseclassic.com



"ဖွဲ ..."

"ဟင် ..."

"ရှင့်မွေးနေ့မှာ ... ကျွန်မကြောင့် စိတ်ရှုပ်ထွေးစရာတွေ ဖြစ်သွားရတာ ကျွန်မတောင်းပန်ပါတယ်"

"ဖွဲ လုံးဝမကျေနပ်ဘူး ..."

"ဖွဲရယ် ... ကျွန်မလည်း စိတ်မကောင်းဘူး ... ရှိန်းမြဆီ ဖုန်းဆက်ပြီး ကျွန်မခေါ်လိုက်မယ် ..."

"မခေါ်နဲ့ ဖွဲရွေးချယ်တာ နွေညလေးပဲ ... မင်းပဲ လိုက်ခဲ့ရမယ် ..."

"ညလေး ..."

"ကိုယ့်ကို မွေးနေ့မှာ အမှတ်တရလေးတစ်ခုပေးပါ ..."

"ဖွဲ အတွက် မွေးနေ့လက်ဆောင်အဖြစ် ..."

"ဟင့်အင်း ..."

"ဖွဲ ..."

"ညလေး ... ဖွဲနဲ့လိုက်ခဲ့ပါ ..."

ဖွဲဘဝတွင် မိန်းကလေးတစ်ယောက်ရဲ့ ငြင်းပယ်မှုကို ဘယ်တော့မှ မခံခဲ့ရပေ။

အခံရ အခက်ဆုံးပဲ ဖြစ်နေရသည်။

ညလေးကို အတင်းခေါ်မယ် ...။

အန်ကယ်ဦးစစ်နိုင်ရဲ့ စိတ်တွေ ဘာကြောင့်ပြောင်းလဲသွားရတာလဲ ...။

သူနဲ့ ညလေး အမြဲတမ်း တတွဲတွဲ သွားလာနေတာပဲဟာ။

"ကိုယ်နဲ့တောင် မင်းဒက်ဒီက မသွားစေချင်တဲ့ သဘော





လား ... ညလေး"

"ဒက်ဒီ့သဘောထားတွေကို ညလေးတကယ်ပဲ မသိတာပါ ဖွဲကို ညလေး ဘယ်လောက်ခင်လည်းဆိုတာ ... ဖွဲသိပါတယ် ... မနက်ကမှ ဒက်ဒီက သူ့သဘောထားပြောင်းလဲမှုတွေကို ထုတ်ဖော်ပြောကြားသွားတာလေ ..."

"ညလေး ..."

"ဟင် ..."

"ဖွဲနဲ့လိုက်ခဲ့ပါ ... ညလေးကိုခေါ်ပြီး မြို့ပြင်အထိ ... ကားလျှောက်မောင်းချင်တယ် ... တွေ့တဲ့ဆိုင်မှာဝင်ပြီး စားချင်တယ် မွေးနေ့ မတိုင်ခင်ကတည်းက ကိုယ်စိတ်ကူးတွေ ယဉ်ခဲ့တာလေ"

"ဖွဲရယ် ..."

ကျွန်မ ...

တကယ်ပဲ စိတ်မကောင်းပါဘူး ဖွဲ ...

ဖွဲက ကျွန်မကို အခင်ဆုံး သူငယ်ချင်း ...

မွေးနေ့မှာ ဖွဲရဲ့ရွေးချယ်မှုကို သူငယ်ချင်းတွေအလယ် ကျွန်မ ဂုဏ်ယူစရာပဲ ...။

ဖွဲကို ဘယ်လိုမွေးနေ့လက်ဆောင်တွေပဲ ပေးခဲ့ ပေးခဲ့ ပျော်ရွှင်ချမ်းမြေ့မှုတွေ ရနိုင်မှာ မဟုတ်ပေ ...။

စိတ်မကောင်းလိုက်တာ ...။

ဖွဲ ...

ကြေကွဲနေသည်။

ဒေါသတွေဖြစ်နေ၏။

"တောက် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း ..."

"ခွဲ ..."

"သွားကွာ ..."

"ဂျလွမ်း ... လွမ်း ..."

သူ့ရှေ့မှာ ရှိနေသော ပစ္စည်းတွေကို ပေါက်ခွဲပစ်နေသည်။

ခွဲ ဖေဖေနဲ့ မေမေတို့ အထိတ်တလန့်နှင့် ပြေးထွက်လာကြ၏။

"သား ... ဘာဖြစ်တာလဲ ... ညလေး ... သား ဘာဖြစ်တာလဲ ... မွေးနေ့မှာ ဒေါသမဖြစ်ရဘူးလေသား ... မေမေတို့က သားကို ပျော်ရွှင်စေချင်လို့ အစွမ်းကုန် ဖြည့်ဆွမ်းပေးခဲ့ကြတာပဲ ..."

ခွဲကို ချော့မော့နေကြသည်။

"ညလေးရယ် ... သားမွေးနေ့မှာ ဒီလိုတစ်ခါမှ မဖြစ်ဖူးဘူး၊ အမြဲတမ်း သားကို ပျော်ရွှင်စေခဲ့တာပဲ ... သားအတွက် အန်တီ စိတ်မကောင်းလိုက်တာ ..."

ခွဲမေမေ ထိတ်ထိတ်ပျာပျာဖြစ်ပြီး မျက်ရည်တွေပင် ဝဲလာသည်။

"ညလေး ..."

"ဟင် ..."

"ဒီမှာပဲနေ ..."

"ရှင် ..."

"မပြန်နဲ့ဦး ..."

ခွဲထပ်ပြီး ဒေါသကြီးပြီး ပေါက်ကွဲမှာကို ညလေးမလိုလားပါ။ မွေးနေ့ဆိုတာ စိတ်းချမ်းသာ ပျော်ရွှင်မှုတွေနှင့်ပဲ ပြည့်စုံနေ





သင့်သည်။

အထူးသဖြင့် ...

ခွဲ ...

စိတ်ညစ်တယ်ဆိုတာ ဘာမှန်းပင် မသိခဲ့ရသော ဘဝကို ပိုင်ဆိုင်ထားသူ ... ။

အရာအားလုံးပြည့်စုံသူ ...

နွေညလေးဆိုတဲ့ မိန်းကလေးကြောင့် ခွဲမွေးနေ့မှာ စိတ်သောကတွေနှင့် ကြုံတွေ့ခဲ့ရသည်။

ဒရိုင်ဘာ သျှင်နေမင်း ...

ရှင် ...

သိပ်လှူပါးဝလွန်းတယ် ... ။

လူမှုရေးကို လုံးဝနားမလည်တဲ့ ညံ့ဖျင်းလွန်းတဲ့ လူတစ်ယောက်ပဲ။

ဒေါသတွေ ဖြစ်ရသည်။

"ခွဲနဲ့ပဲ ညလေးနေပါ ... သီချင်းနားထောင်မယ် ... ကကြမယ် ... စားကြမယ် ... သောက်ကြမယ် ..."

ကျွန်မ ...

ခက်နေပြီ ...

ဒက်ဒီ့ကို ခွဲမွေးနေ့မို့ နေတာပါလို့ ပြောရတော့မှာပဲ ...

သူငယ်ချင်းတွေ အားလုံးနှင့်နေတာဆိုလျှင် ဒက်ဒီလက်ခံမှာသေချာသည်။

ဒရိုင်ဘာ ...

ရှင့်ကို ဂရုမစိုက်ဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ဒရိုင်ဘာတစ်ယောက်ကို ဒီလောက်အထိ ဂရုစိုက်နေရာ [illegible]

"ကျွန်မနေမယ် ... ဖွဲ့မွေးနေ့မှာ ဖွဲ့ပျော်ရွှင်စေရမယ် ... ကျွန်မ ဖွဲ့ဆန္ဒတွေကို လိုက်လျောမယ်နော် ... "

"ညလေး ... တကယ်ပြောတာလား ... "

"အင်း ... "

"ကိုယ်ပျော်သွားပြီ ... အရမ်းပျော်သွားပြီကွာ"

ဖွဲ့ ...

ကလေးဆန်စွာဖြင့် ထခုန်နေသည်။

စောစောက ...

ဒေါသတွေပေါက်ကွဲနေတဲ့ ဖွဲ့မာန်မာနတွေ ပျောက်ကွယ်သွားရသည်။

ဖွဲ့ဖေဖေနဲ့ မေမေလည်း ပျော်ရွှင်သွား၏။

ကျွန်မကို ချွေးမလောင်းလေးကို ကျေးဇူးတင်ပါတယ်ဟု ပြောခဲ့သည်။

တစ်နေကုန် ...

ဖွဲ့နှင့် ကျွန်မ ...

စားသောက်ကြသည်။

သီချင်းတွေဆိုကြ၏။

ကကြသည်။

အခန်း ( ၃ )

ဘယ်လိုဟာမလေးလဲ ...

အင်းလေ ...

ငွေရှင်ကြေးရှင်တွေပဲ ...

သူက ...

ဒရိုင်ဘာ ...

ဆင်းရဲနွမ်းပါးတဲ့ မိခင်ကြီးကို ရှာဖွေလုပ်ကိုင်ကျွေးနေရတဲ့ သူ ... ။

နွေညလေးဆိုတဲ့ ကောင်မလေး တိုက်ကြီးထဲက ထွက်မလာသေးပေ။

ဘယ်လောက် ကိုယ်ချင်းစာတရား ကင်းမဲ့ကြလည်းဆိုတာ သူကားပေါ်မှ ထိုင်စောင့်နေရတာ တစ်နေကုန် ... ခုထိ မနက်စာ မစားရသေး။

စောင့်ရမှာပဲလေ ...

သူ ...



www.burmeseclassic.com

www.burmeseclassic.com



ဝတ္တရားပဲ ...

သူ အပြင်ထွက်ပြီး ထမင်းစားရင်လည်း ဝတ္တရား ပျက်ကွက်မှာစိုးမိသည်။

စားစရာလည်း ဘာမှမရှိ ... ။

ရေပဲသောက်နေရသည်။

“နေမင်း ... သမီးကို စောင့်ရှောက်ဖို့ မင်းတာဝန်ပဲနော်၊ အရေးကြီးတာက သမီးအကြောင်းတွေ ဆရာ့ဆီ အစီရင်ခံစာတင်ဖို့ပဲ ... ”

သူ ...

ဆယ်တန်းအောင်သည်။

ကျောင်းဆက်မတက်နိုင် ...

အမေသည် ပင်ပန်းခက်ခဲစွာ သူ့ကိုကျောင်းထားနေရသည်။

သူ လူမှန်းမသိခင်ကတည်းက အဖေမရှိတော့ ...

သေပြီတဲ့ ...

မေမေပဲ ရှန်းကန်လှုပ်ရှားခဲ့ရသည်။

သူ ...

အရွယ်ရောက်လာပြီဖြစ်၍ ဘဝကို ရုန်းကန်ဖို့ စတင်ကြိုးပမ်းရတော့သည်။

လုပ်ငန်းရှင်ကြီး တစ်ယောက်နှင့် ဆုံမိသည်။

ကားပျက်နေစဉ် သျှင်နေမင်းက သွားရောက်ကူညီပေးမိသည်။

“မောင်ရင်က ကားပြင်တာ အတော်ကျွမ်းကျင်တာပဲ ...





ဘာလုပ်လဲ ... ”

“ကျွန်တော် အခု အလုပ်ရှာနေတာပါ ... ”

သူ ...

ဆယ်တန်းအောင်ပြီးကြောင်း ...

ကားမောင်းရော ကားပြင်ရော တတ်ကျွမ်းကြောင်းပြောပြခဲ့သည်။

“အမေ့ကို ငွေရှာပြီး ပေးချင်တယ် ... အမေ ပင်ပန်းနေပြီ ကျွန်တော် အလုပ်တစ်ခုလိုချင်ပါတယ် ... ”

အလုပ်တောင်းမိသည်။

“မောင်ရင့်နာမည်က ... ”

“သျှင်နေမင်းပါ ... ”

“အင်အားပြည့်သားပဲ ... ”

သူ့စိတ်ထဲမှာ သူ့ဒွေးသည် မာန်မာနမရှိဘဲဖော်ရွေလွန်းနေသည်။

ကားပြင်ပေးတာက အလွန်အမင်း ကျေးဇူးတင်နေပုံပင်။

အိမ်လိုက်ပို့ပေးသည်။

အလွန်အမင်း အံ့သြစရာကောင်းတဲ့ အဖြစ်အပျက်က ဦးစစ်နိုင်နှင့် အမေသိနေ၏။

“စံပယ် ... ”

“ဟင် ... ရှင် ... ရှင်”

အမေနှင့် ဦးစစ်နိုင်က အတော်လေး ရင်းနှီးနေသည်။

“တို့နှစ်ယောက် မတွေ့တာကြာပြီနော် ... ”

အမေက တည်ငြိမ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးစစ်နိုင်ကတော့ အတော်လေးဝမ်းသာနေ၏။

"စံပယ်ရယ် ... မင်းဒီမှာနေရတာကို ... ဘဝကို ဒီလောက် အထိ ခက်ခက်ခဲခဲ ရုန်းကန်နေရတာပဲ ..."

ကျွန်တော် အလုပ်ရသွားသည်။

ဒရိုင်ဘာတဲ့ ...

သူ့ရွှေသမီးလေး နွေညလေးကို စောင့်ရှောက်ဖို့ ...

"အထူးသဖြင့် သမီးရဲ့ အိမ်ထောင်ရေးကို ဆရာက ဖန်တီး ချင်တယ် ..."

"ဟုတ်ကဲ့ ..."

"အရှင်းဆုံးပြောရရင်တော့ ဆရာရွေးချယ်ပေးတဲ့ အိမ်ထောင်ဖက်ကိုပဲ သမီးလက်ခံစေရမယ် ..."

"ကျွန်တော်က ..."

"သမီးရဲ့ ဘော်ဒီဂတ်အဖြစ် တာဝန်ယူပေးပါ ..."

"ဗျာ ..."

ဘော်ဒီဂတ်တဲ့ ...

နွေညလေးတဲ့ ...

ဦးစစ်နိုင်ရဲ့ တစ်ဦးတည်းသောသမီး ...

"သမီးသွားလေရာ ... မောင်သျှင်နေမင်းလိုက်ရမယ်၊ အခြေအနေကို စောင့်ကြည့်ရမယ် ... တခြားယောကျ်ားတစ်ယောက်နဲ့ နှစ်ယောက်တည်း အပြင်သွားခွင့်မရှိဘူး ..."

"ဆရာ ..."

"ပြော ..."

"မနွေညလေးက ကျွန်တော့်စကားကို နာခံပါ့မလား"





"ဆရာ အမိန့်ထုတ်မှာပါ ... မောင်ရင်ဘာမှ မပူပါနဲ့ ... မောင်ရင့် အမေနဲ့ကလည်း ဆရာနဲ့ရင်းနှီးတော့ ... အထူးအထွေ ပြောစရာမရှိပါဘူး ... မောင်ရင့်ကို ဆရာယုံတယ် ..."

သူကတော့ အလုပ်တစ်ခုကို ရှာဖွေလုပ်ကိုင်ရတော့မည်ပဲ ဖြစ်သည်။

အမေ့ကို ငွေရှာပေးချင်တယ်။

အရွယ်ရောက်နေပြီဖြစ်၍ အမေ့ကိုရှာဖွေကျွေးမွေးချင်သည်။

ထိုအလုပ်ကို လက်ခံဖို့ သူ စဉ်းစားရ၏။

မိန်းကလေးတစ်ယောက်ကို လိုက်ကြည့်နေရမည့် အရေးက ယောကျ်ားတစ်ယောက်ရဲ့ အလုပ်တာဝန်မှ ဟုတ်ရဲ့လား ... ။

"ကျွန်တော် တခြားအလုပ်တစ်ခုခုပဲ လုပ်ချင်ပါတယ်"

"မောင်ရင့်ကို ယုံကြည်လို့ပါ ... တခြားယောကျ်ား တစ်ယောက်ကိုတော့ ... အန်ကယ် တာဝန်မပေးရဲဘူး ... မောင်ရင့်ကိုတော့ ယုံတယ် ... အန်ကယ့်သမီးလေးကို စောင့်ရှောက်ပေးဖို့ပါပဲ ... တစ်လကို လခအဖြစ်နှစ်သိန်းပေးပါ့မယ် ..."

"ဗျာ ..."

လခက အရမ်းများနေသည်။

သူ ...

အံ့သြသွားရသည်။

"စံပယ်နဲ့ အန်ကယ်က သိပ်ရင်းနှီးနေတော့ စောင့်ရှောက်ရမယ့် တာဝန်ရှိတယ်လေ ... လောလောဆယ်တော့ သမီးကို



www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်ပေးထားပြီး ... နောက်မှ အခြားလုပ်ငန်းတွေ တာဝန်ပေးပါ့မယ် ...”

အန်ကယ်က သူ့ကို အရေးပေးလွန်းသည်။

အမေနှင့် သူနေဖို့ တိုက်ခန်းတစ်ခန်းစီစဉ်ပေး၏။

ဖုန်းပါ တပ်ပေးသည်။

အသုံးအဆောင် ပစ္စည်းအပြည့် ... ။

“အမေ ...”

“ဟင် ...”

“အန်ကယ် ဦးစစ်နိုင်က သဘောကောင်းလှချည်လားဟင်”

“အမေနဲ့က ငယ်သူငယ်ချင်းတွေပဲသား ... တစ်ယောက်နဲ့တစ်ယောက် အကူအညီပေးခဲ့ဖူးကြတယ်လေ ...”

အမေ ဒါပဲပြောသည်။

အန်ကယ်ဦးစစ်နိုင်က သူတို့သားအမိကို စောင့်ရှောက်ခဲ့သည်။

သူလည်း တာဝန်ကျေချင်သည်။

“သမီး ဘယ်သူနဲ့ပတ်သက်တယ် ... ဘာတွေလုပ်တယ်၊ ဘယ်သွားတယ်ပေါ့ ... မောင်ရင် သေသေချာချာ လေ့လာပြီး အန်ကယ့်ကို ပြောပါ ...”

နွေညလေးနှင့် မိတ်ဆက်ပေးတော့ မာန်မာနတွေနှင့် တင်းမာနေသည်။

ဘဝင်မြင့်လွန်းတဲ့ပုံ ...

ဦးစစ်နိုင်ရဲ့ကုမ္ပဏီမှာ မန်နေဂျာ ...





စီးပွားရေးတက္ကသိုလ်က ဘွဲ့ရပြီးသား ...

ရုပ်ချောသည်။

သူ့ကို သူမကြည့်တဲ့ မျက်ဝန်းတွေက မလိုလားတဲ့မျက်ဝန်းတွေ မာထန်နေသည်။

နွေညလေး ...

ကျုပ်ကလည်း မာနနဲ့ပဲ ...

မိန်းမတစ်ယောက်ကို သိပ်ပြီး အောက်ကျမခံချင်တာ မဟုတ် ... ။

ဆင်းရဲပေမယ့် ယောကျ်ားမာနရှိသည်။

အန်ကယ့်ကြောင့် ...

အမေကလည်း အကူအညီပေးပါတဲ့ ... ။

“သားက ကိုယ်ခံပညာတွေလည်း ကျွမ်းကျင်တယ် ... ကိုစစ်နိုင်က အမေနဲ့ အရမ်းခင်မင်ကြတာ ကူညီလိုက်နော်”

သူ ...

လက်ခံလိုက်ရသည်။

“မောင်ရင့်အနေနဲ့ ညလေးကို ဂရုစိုက်စရာမလိုဘူး ... အန်ကယ် အမိန့်ပဲနာခံပါ ... အဓိက သမီးမှာ ချစ်သူတွေ ဘာတွေ မရှိဖို့ ...”

ဟိုလူ ...

ခွန်နိုင်ကိုတဲ့ ...

“လောလောဆယ် ... သမီးတွဲနေတဲ့ ခွန်နိုင်ကိုဆိုတာကို အန်ကယ် သဘောမကျဘူး ... မာန်မာနကြီးလွန်းတယ် ... မိန်းကလေးတွေ ရှုပ်ပွေချင်တယ် ... သမီးကို အနိုင်ကျင့်ချင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ခွဲနိုင်ကိုနဲ့ နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် သွားနေတာမျိုးတွေ လက်မခံနိုင်ဘူး ... ”

အန်ကယ်ကသာပြောနေတာ ညလေးက ထွက်မလာတော့ ...

ဘယ်သူမှ မရှိတော့ ...

သူငယ်ချင်းတွေ အားလုံး ပြန်ကုန်ကြပြီဖြစ်သည်။

“နွေညလေးကို ရွေးချယ်တယ်တဲ့ ... သူတို့နှစ်ယောက်တည်း နေချင်လို့ တို့ကို ပ,ထုတ်တာ”

သူငယ်ချင်းတွေ မကျေမနပ်ပြောသွားတဲ့ စကားတွေကို ကြားလိုက်ရသည်။

နွေညလေးကို ရွေးချယ်တာတဲ့ ... ။

ဘာရွေးချယ်တာလဲ ...

နှစ်ယောက်တည်း နေကြတာဆိုတော့ ချစ်သူတွေများလား မသိပေ ... ။

သူ ...

ယောကျ်ားဆန်ချင်တယ် ...

မိန်းကလေးတစ်ယောက်ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စတွေလိုက် မကြည့်ချင် ... ။

“အန်ကယ့်ကို ကူညီပါ ... မောင်သျှင်နေမင်းက တည်ကြည်တယ် ... ကိုယ်ခံပညာတွေလည်း တတ်တယ် ... သမီးလေးအတွက် အန်ကယ် စိတ်ပူလို့ပါ ... ”

ခွတ်ပင် တာဝန်ပေးခဲ့သည်။

မေမေ ကောင်းကောင်းမွန်မွန် နေရမည်ဆိုတော့ သူလက်ခံ





လိုက်၏။

“သမီးရဲ့ ဒမိုင်ကာဆိုတာထက် ဘော်ဒီဂတ်ဆိုတာ ပိုမှန်တယ် ... သမီးလေးမှ ကိစ္စအဝဝ မောင်ရင့်ကိုအပ်တာပါ ... ”

နွေညလေး မလာတော့ ...

သူ့မှာ တာဝန်ရှိနေသည်။

အန်ကယ်က ကိစ္စအကြောင်းရှိလျှင် ဆက်သွယ်ရန် သူ့ကို ဟန်းဖုန်းတစ်လုံး ပေးထားခဲ့၏။

“မင်းပြောတာတွေကို သမီးလက်မခံရင် ... အန်ကယ့်ဖုန်းကို ဆက်သွယ်ပြီးပြောနိုင်တယ် ... ”

သူက အဆင့်အတော်မြင့်တဲ့ ဒရိုင်ဘာတစ်ယောက်ဖြစ်နေသည်။

ဟန်းဖုန်းနှင့် ...

မဖြစ်ဘူး ...

နွေညလေး ကြာနေပြီ ...

ယောကျ်ားလေးတစ်ယောက်အိမ်မှာ ဒီလောက်အကြာကြီးနေတာကိုက မိန်းကလေးအတွက် ဂုဏ်သိက္ခာမဲ့နေပြီ။

အန်ကယ်က သူ့ကျေးဇူးရှင် ...

ကျေးဇူးရှင်တစ်ယောက်ရဲ့ သမီးကိုတော့ သူထိန်းသိမ်းစောင့်ရှောက်သင့်သည်။

နွေညလေး သိက္ခာမဲ့တာ အန်ကယ့်ရဲ့ သိက္ခာမဲ့တာနဲ့ အတူတူပဲ ...

သူ့ဟန်းဖုန်းကနေ နွေညလေး ဟန်းဖုန်းကို ဆက်သွယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို ... "

နွေညလေးအသံ ...

"နွေညလေး ... မင်းပြန်သင့်ပြီ ... "

"ဘာရှင့် ... "

"ကျုပ်ကို အန်ကယ်က ယောကျ်ားလေးတစ်ယောက်နဲ့ တစ်နေကုန်နေတာမျိုး လက်မခံနဲ့တဲ့ ... "

"ဘာ ... "

"ဘာလဲ ... ညလေး"

"ဒရိုင်ဘာက ခေါ်နေလို့ ... "

"တောက် ... "

နွေညလေးလက်ထဲက ဟန်းဖုန်းကို ဖွဲ့ကလုယူသည်။

"ဖွဲ့ ... နေ ... နေ ... ကျွန်မရှင်းမယ်"

ဒက်ဒီကိုယ်တိုင် ဖွဲ့နှင့်တရင်းတနှီးမနေရန် သတိပေးထားခဲ့သည်။

"ဒရိုင်ဘာက ဘာလို့ ညလေးအပေါ် ဒီလောက် လွှမ်းမိုးနေရတာလဲ ... "

"ဒက်ဒီကြောင့်ပါ ... "

ဖွဲ့က မကျေနပ် ...

"ဒီမှာ ... ကျွန်မ ကိစ္စရှိလို့ နေနေတာ စောင့်ရမယ့်တာဝန်က ရှင့်တာဝန်ပဲ ... "

"ကျုပ် မစောင့်နိုင်ဘူး ... "

"ဘာ ... "

"မနက်စာလည်း ... ကျုပ်ခုထိ မစားရသေးဘူး ... အမိ





မွေးနေ့ပွဲလာတာလည်း လွန်နေပြီ ... တခြားသူတွေ မရှိတော့ တာပဲ ... "

"ရှင် ... "

"ကျုပ်က သူဌေးရဲ့ အမိန့်ကိုနာခံတာပါ မနွေညလေး"

"တောက် ... "

"မင်း ဆက်နေမယ်ဆိုရင် ... ကျုပ်ဆရာဆီ ဖုန်းဆက်ပြီး ပြောရလိမ့်မယ် နွေညလေး ... "

"ညလေး ပြန်တော့မယ် ... "

"ဟာကွာ ... ကိုယ်နဲ့ တစ်နေ့လုံးနေပါဆိုမှ ... "

"မဖြစ်ဘူး ... "

"ညလေး ... "

"ကျွန်မ တောင်းပါတယ်ဖွဲ့ ... တခြားကိစ္စတွေ ရှိသေးလို့ပါ ... "

"ညလေး ... မသွားရဘူး ... "

"ဖွဲ့ ... "

"ဒီ ဒရိုင်ဘာရဲ့ အမိန့်ကို ... ဘာလို့ ဒီလောက်အထိ နာခံနေရတာလဲ ... "

"ဒက်ဒီ့ကြောင့်ပါ ... "

"ကိုနဲ့ညလေး ... ဒီလိုပဲ သွားလာနေကျတာပဲ"

ဒက်ဒီက အရင်ကနဲ့ မတူအောင် ပြောင်းလဲသွားရသည်။

ဖွဲ့ကို ဘယ်လိုပြောရမလဲ ...

"ဒရိုင်ဘာက ဟန်းဖုန်းနဲ့ပါလား ညလေး ... အဆင့်မြင့်လှချည်လား ... "



www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီပေးထားတာပါ ဖွဲ့ ..."

"ဒရိုင်ဘာမှ ဟုတ်ရဲ့လားကွာ ..."

"ကျွန်မ ဘော်ဒီဂတ်တဲ့ ဖွဲ့ ..."

"နေပါဦး ... မင်းကို ဘာကြောင့် ဘော်ဒီဂတ်နဲ့ထားရတာလဲ"

"မသိဘူး ..."

"မသွားနဲ့ကွာ ..."

"မဖြစ်ဘူး ဖွဲ့ ..."

ဒက်ဒီသည် အမိန့်ကို တိကျစွာနာခံမှ သဘောကျတတ်သည်။

သူမ ပြန်မှဖြစ်မည်။

ဒက်ဒီ ...

ဖွဲ့နှင့် မပတ်သက်ရဘူးတဲ့ ... ။

ထိုစကားတွေကိုသာ ဖွဲ့ကြားလျှင် ဘယ်လောက်ဒေါသဖြစ်လိုက်မလဲ ... ။

ဖွဲ့သည် မာန်မာနအလွန်ကြီးမားသော ယောကျာ်းတစ်ယောက်သာဖြစ်သည်။

"ညလေး ..."

"ဟင် ..."

"မင်း ... အရင်လို မဟုတ်ဘူး ..."

"ဒက်ဒီ့ကြောင့်ပါ ဖွဲ့ ... ကျွန်မကို အခုတလော အတော်လေး ချုပ်ချယ်နေတယ် ..."

"ဘာဖြစ်လို့လဲ ..."





"ကျွန်မ ချစ်သူထားမှာစိုးလို့တဲ့လေ ..."

"ဘာ ..."

"ဒက်ဒီ ရွေးချယ်ပေးတဲ့ အိမ်ထောင်ဖက်ကို လက်ခံရမယ်တဲ့ ..."

ဖွဲ့ ...

နားမလည်နိုင် ... ။

ဖွဲ့လို ယောကျာ်းတစ်ယောက်ကို ညလေးဒက်ဒီက မရွေးချယ်ဘူးလား ... ။

"ညလေး ... ဒက်ဒီရွေးချယ်ထားတာ ရှိလို့လား ..."

"မသိဘူး ..."

"ညလေး ..."

"ရှင် ..."

"ကိုယ်က ညလေးကို ချစ်တယ်ဆိုရင်ရော ..."

"ရှင် ..."

"ကိုယ်က မိန်းကလေးတစ်ယောက်ကို ဘယ်တော့မှ မရွေးချယ်ဘူး ... ကိုယ့်ကိုပဲ မိန်းကလေးတစ်ယောက်က ရွေးချယ်ရမယ်လို့ ခံယူထားတာ ..."

"ကျွန်မ ..."

"ညလေး စဉ်းစားထားနော် ... ကိုယ်က စတင်တောင်းဆိုတာ ... ညလေးကို ချစ်တယ်"

ညလေး ကမ္ဘာကယာနှင့် ခြံထဲသို့ ပြေးဆင်းလာခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၄ )

"ဒီမှာ ..."

"ဗျာ ..."

"ရှင် ... သြဇာအာဏာတွေ သိပ်ပြမနေနဲ့ ... ရှင့်ကိုယ်ရှင် ဘာမှတ်နေလဲ ... ဒရိုင်ဘာက ဒရိုင်ဘာလို မနေဘူး ..."

သူမ ... ဒေါသတကြီး ပြောမိသည်။

ကြည့်စမ်းပါဦး ...

ဖွဲရှေ့မှာ ဘယ်လောက်ကျွတ်လဲ ...

ဒရိုင်ဘာ တစ်ယောက်ရဲ့အမိန့်ကို သူမ နာခံနေရသည်။

ဘယ်လောက် ခံပြင်းဖို့ကောင်းလဲ ... ။

ဒရိုင်ဘာတဲ့ ... ရှိုးကအပြည့် ... ဟန်းဖုန်းနှင့် ...

ဒီလူ့ကို ဒက်ဒီဘာကြောင့် ဒီလောက်အထိ မြှောက်စားနေရတာလဲ ... ။

"ကျုပ်က တာဝန်တစ်ခုကိုထမ်းဆောင်တာပါ ... အန်ကယ်က ကျုပ်ကျေးဇူးရှင် ... ထမင်းရှင် ... အမိကို မှည့်တစ်ပေါက်





မစွန်းအောင် ကျုပ်ကို တာဝန်ပေးထားတာလေ ..."

"ကျွန်မ ... ဘာမှ လွတ်လွတ်လပ်လပ် လုပ်ပိုင်ခွင့်မရှိတော့ဘူးလား ..."

"အဲဒါကတော့ အမိရဲ့ အဖနဲ့ညှိပါ ... ကျုပ်ကို အန်ကယ်က လခပေးထားတယ် ... ကျုပ်က ဝန်ထမ်း ..."

"ရှင် ... ကြီးကျယ်နေတာ ..."

"ကျုပ်မှာ ကြီးကျယ်စရာ ဘာအကြောင်းမှ မရှိပါဘူး ... နွေညလေး ကျုပ်ကို အန်ကယ်က ကူညီထားတယ် ... ဒရိုင်ဘာထက် နည်းနည်းမြင့်တဲ့ ဘော်ဒီဂတ်လေ ..."

ဟွန်း ...

လေသံက နည်းနည်းမှ မလျော့ဘူး ... အပေါစီးက ...

ဘယ်လိုလူလဲ ...

"ရှင်ဟာ ... လူ့ယဉ်ကျေးမှုကို နားမလည်တဲ့လူပဲ ..."

"အမိက နားမလည်တာ ..."

"ဘာရှင့် ..."

"ကျုပ် ခုထိ ထမင်းမစားရသေးဘူး ... အမိတို့က အထွာကြီးတဲ့ လူတန်းစားတွေပဲ ..."

"ရှင် ... ဒရိုင်ဘာပဲ ... ကိုယ့်ပြဿနာ ကိုယ်ရှင်းပေါ့ ... ရှင့်ကို ကျွန်မက လိုက်မရှင်းပေးနိုင်ဘူး ..."

ဒေါသဖြစ်နေမိသည်။

ဒွိ ...

အားနာလိုက်တာ ...

ကျွန်မကို ရွေးချယ်ခဲ့သော မွေးနေ့ရှင် ဖွဲ့သည် စိတ်သောက



www.burmeseclassic.com

www.burmeseclassic.com



နှင့် အဆုံးသတ်ခဲ့ရသည်။

"ဖွဲ ... ရှင့်ကြောင့် စိတ်အနှောင့်အယှက် ဖြစ်ရပြီ သိလား"

သူ ... တာဝန် ထမ်းဆောင်တာပဲ ...

"ဖွဲနဲ့ ကျွန်မက အမြဲတမ်း ဒီလိုပဲနေကြတာ ... "

"အန်ကယ်က ... အထူးသဖြင့် ဖွဲနိုင်ကိုနဲ့ မင်း ... ပတ်သက်မှုတွေကို တားရမယ်တဲ့ ... နွေညလေး ... "

"ဘာ ... "

"မင်း ... အခုလို ယောကျ်ားလေးတစ်ယောက်အိမ်မှာ နှစ်ယောက်တည်းနေတော့ ... မင်းရဲ့ဂုဏ်သိက္ခာရော ... အန်ကယ့်ဂုဏ်သိက္ခာရော ကျတာပဲ ... "

"ရှင့်နဲ့ မဆိုင်ပါဘူး ... "

"ကျုပ် တာဝန်တစ်ခုကို ထမ်းဆောင်တာပဲ ... ကျုပ်မှာ ဘဝမြင့်စရာ ဘာအကြောင်းမှ မရှိဘူး ... ဟန်းဖုန်းကလည်း မင်း အခြေအနေကို သတင်းပို့ဖို့လေ ... "

"ဒက်ဒီ ... ဘာတွေလုပ်နေလဲ ... စိတ်မှကောင်းရဲ့လား မသိဘူး ... "

ဘာတွေဖြစ်ကုန်ပြီလဲ ...

ဒက်ဒီပြောင်းလဲသွားတာကိုပဲ သူမ နားမလည်နိုင်ဖြစ်ရသည်။

သေချင်လိုက်တာ ...

သူမကို ဘာလို့ ချုပ်ချယ်နေရတာလဲ ...

ဖွဲက ... သူမကို ချစ်သည်တဲ့ ...

နောက်တာလား ...





ဖွဲသည် အလွန်အမင်း မာနကြီးပြီး မိန်းကလေးတွေကို စိတ်ဝင်စား၍ မဟုတ် ... ။

ရင်တွေ ခုန်နေသည်။ စိတ်တွေ လှုပ်ရှားနေ၏။

ကျွန်မရဲ့ မျှော်လင့်ချက်ပဲ ...

ဒါပေမဲ့ ...

ဒက်ဒီက ကျွန်မနဲ့ ဖွဲရဲ့ ပတ်သက်ဆက်ဆံနေတာတွေကို အကန့်အသတ်တွေနှင့် စတင်လုပ်ဆောင်လာသည်။

ဘာသဘောလဲ ...

သူမအတွက် ဒက်ဒီရွေးချယ်ပေးမှာက ဘယ်လိုယောကျ်ားမျိုးလဲ ...

မပြောနိုင်သေးဘူးတဲ့ ...

ဒက်ဒီ ... ညလေးကို အရမ်းချစ်တာပဲ ...

မာမီ့ကိုတော့ ညလေး ငယ်ငယ်ကတည်းက မမြင်ဖူးခဲ့ပေ။

ညလေးကို မွေးပြီး ဆုံးတာတဲ့ ... ။

ဒက်ဒီပဲ မိခင်လိုတစ်မျိုး ဖခင်လို တစ်ဖုံ ကျွေးမွေးစောင့်ရှောက်လာခဲ့သည်။

အလိုလိုက်ခဲ့၏။

သမီးရဲ့ လွတ်လပ်ခွင့်ကို ဒက်ဒီဘယ်တော့မှ မနှောင့်ယှက်ခဲ့ပေ။

အခုမှ ...

ဒရိုင်ဘာက သူမနောက်ကို အရိပ်လိုလိုက်နေတာမျိုး ကြိုက် ... ။



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီ့ကို ပြောမယ် ...

အိမ်ပြန်ရောက်လာသည်။

ဒက်ဒီ့အခန်းထဲသို့ သူမ တန်းဝင်လာခဲ့၏။

"ဒက်ဒီ ..."

"ဟင် ..."

"ဒီ ဒရိုင်ဘာရဲ့ နှောင့်ယှက်မှုတွေကို သမီး သည်းမခံနိုင်တော့ဘူး ..."

"သမီးကို ဘာနှောင့်ယှက်မှာလဲ ... မောင်သျှင်နေမင်းက တာဝန်ကို တိကျစွာ ထမ်းဆောင်နိုင်တဲ့သူပဲ ..."

"သမီး သူငယ်ချင်းမွေးနေ့မှာတောင် ... ကောင်းကောင်း မနေရတော့ဘူးလား ဒက်ဒီ ..."

"ဘယ်သူ့ မွေးနေ့လဲ ..."

ဦးစစ်နိုင်သိသည်။

ဖွဲ့ မွေးနေ့ ...

သမီးရဲ့ စိတ်ဝင်စားမှုအရှိဆုံး ယောက်ျားလေးက ဖွဲ့နိုင်ကိုပဲ။

အမိက မိမိတားမြစ်ချင်တာလည်း ဖွဲ့နိုင်ကိုပဲ ... ။

"ဒက်ဒီ ..."

"ဟင် ..."

"သမီးကို ... ဘာလို့ ရုတ်တရက်ကြီး ချုပ်ချယ်နေရတာလဲ ဟင် ..."

သမီးကိုကြည့်မိသည်။

အမြဲတမ်း ...





လွတ်လပ်စွာနေခဲ့သော သမီးသည် နည်းနည်းတော့ စိတ်အနှောင့်အယှက် ဖြစ်မှာတော့ အမှန်ပဲဖြစ်သည်။

မတတ်နိုင်ဘူး ...

မိမိစိုးရိမ်စရာရှိတာကိုတော့ စီစဉ်ရမှာပဲ ...

"သမီး စိတ်အရမ်းညစ်နေတယ် ဒက်ဒီ ..."

"ဒီတစ်ခါတော့ ဒက်ဒီ့အမိန့်ကိုပဲ သမီးနာခံရမယ် ..."

"ဒက်ဒီ ..."

"သမီး အနားယူတော့ ..."

"ဒီဒရိုင်ဘာကို သမီးအရမ်းအမြင်ကတ်တာပဲ သိလား ... ဒရိုင်ဘာနဲ့ မတူဘဲ မင်းသားဖြစ်နေပြီ ..."

"မောင်သျှင်နေမင်းက သမီးရဲ့ဘော်ဒီဂတ်ပါ ..."

"သမီးက ဘာမို့လို့လဲ ... တစ်ယောက်တည်း အမြဲသွားလာနေတာပဲ ... ဘော်ဒီဂတ်မလိုတာ ..."

အပေါ်စီးကနေ ဆက်ဆံတတ်တဲ့ လူကို မုန်းတီးနေမိသည်။

ဖွဲ့က သူဌေးသား ...

လေးစားသင့်သည်။

"သူ့ကို ဒက်ဒီက အပ်ထားတယ်ဆိုပြီး ... သမီးကို စက္ကန့်မလပ် လိုက်ကြည့်နေတာမျိုး သမီးမလိုလားဘူး ..."

"မောင်သျှင်နေမင်းပြောတာက ... သမီးလွန်လို့ဖြစ်ပါလိမ့်မယ် ..."

"ဒက်ဒီက အဲဒီလူဘက်ကပဲ လိုက်နေတော့မှာလား ..."

"သူ့ကို ဒက်ဒီက အာဏာကုန်လွှဲအပ်ထားတာလေ ... သမီးကိုစောင့်ရှောက်ဖို့ပါ ..."



www.burmeseclassic.com

www.burmeseclassic.com



"သမီးက သူငယ်နပ်စားလေး မဟုတ်ဘူး ဒက်ဒီ … လုပ်ငန်းကြီး တစ်ခုလုံးတောင် ဦးစီးလုပ်ဆောင်နိုင်ပြီပဲ … "

"သမီး အနားယူတော့ … ဒက်ဒီက လိုအပ်လို့တာဝန်ပေးထားတာပဲ … သမီးလက်ခံပါ … "

"ဟင်း … "

သူမ …

ထလိုက်သည်။

ဒက်ဒီက ဘယ်လိုနည်းနှင့်မှ ပြောရမှာ မဟုတ်တော့ …

"သမီးကို ဒက်ဒီ တစ်ခုထပ်မှာလိုက်ဦးမယ် … စီးပွားရေးလုပ်ငန်းတွေကလွဲပြီး … သမီး ဘာမှစိတ်မဝင်စားပါနဲ့ … ဖွဲ့နိုင်ကိုနဲ့ ပတ်သက်နေတာကို ရပ်လိုက်ပါ … "

"ဒက်ဒီ … "

"ဒက်ဒီ့ စကားကို သမီးနားခံပါ … "

"ဖွဲ့က … "

"သမီးသွားတော့ … "

သူမ …

ပြန်ထွက်လာခဲ့ရတော့သည်။

ဒက်ဒီသည် အလုပ်အလွန်များပြီး စကားအပိုမပြောတတ်။

သူမမှာ စောဒကတက်ပိုင်ခွင့်မရှိ … ။

မကျေမနပ်နှင့် သူမ အိပ်ခန်းထဲသို့ ဝင်လာခဲ့သည်။

အခန်း ( ၅ )

လက်ပွေ့အိတ်ကို မွှေရာပေါ် ပစ်တင်လိုက်မိသည်။

အင်္ကျီကိုပင် မလဲတော့ဘဲ မှန်တင်ခုံပေါ်မှာပဲ ထိုင်နေမိ၏။

ဟွန်း …

ဒက်ဒီက ဘာတွေဖြစ်နေပြီလဲ … ။

တကယ်ပဲကွာ …

ညလေး စိတ်ညစ်နေတယ်။

မထင်မှတ်ပဲ ဒက်ဒီ့ပြောင်းလဲမှုတွေက အံ့သြစရာပဲ ဖွဲ့ …

ဖွဲ့နဲ့ ကင်းအောင်နေတဲ့ …

"ညလေးကို ဖွဲ့ချစ်တယ် … "

ဖွဲ့ပြောခဲ့သည်။

"အား … "

သူမ …

အော်ပစ်ချင်သည်။

စိတ်တွေ ရှုပ်ထွေးနေရ၏။



www.burmeseclassic.com

www.burmeseclassic.com



သမီး စီးပွားရေးလုပ်ငန်းတွေကလွဲပြီး ဘာမှ စိတ်မဝင်စားနဲ့တဲ့ …

ဒီဒရိုင်ဘာကရော ဘာဖြစ်လို့ ဒီလောက်အရေးပါနေရတာလဲ … ။

လုံးဝ မကျေနပ်ဘူး …

ဒက်ဒီစီးပွားရေးလုပ်ငန်းတွေကို သူမလည်း ဦးဆောင်နေရသည်။

အောင်မြင်နေ၏။

ဖွဲ့ကလည်း အောင်မြင်နေတာပဲ …

"ညလေးကို ဖွဲ့ချစ်တယ် … "

ဖွဲ့ပြောခဲ့သည်။

ညလေး ရင်ခုန်နေမိသည်။

ထိုစကားမျိုးကို ဖွဲ့ထံမှ မိန်းကလေးအတော်များများမျှော်လင့် တောင့်တခဲ့ကြသည်။

ကျွန်မ …

ကြားရပြီ …

ဖွဲ့က ပုံရိပ်ကို ချစ်တယ်တဲ့ … ။

"တူ … တူ … "

"တူ … တူ … "

သူမ ဟန်းဖုန်းလေးမြည်လာသည်။

ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားရ၏။

ဖွဲ့လား …





ဟုတ်တယ် …

ဖွဲ့ပဲ …

ညလေး ဘယ်လိုလုပ်ရမလဲ …

"တူ … တူ … "

"တူ … တူ … "

ညလေး ရင်တွေ ခုန်နေသည်။

စိတ်တွေ လှုပ်ရှားနေ၏။

ဘာဖြစ်နေတာလဲ …

ဖွဲ့နဲ့က ငယ်သူငယ်ချင်းတွေ …

လွတ်လပ်စွာ သွားလာလှုပ်ရှားခဲ့ကြသော မိတ်ဆွေတွေ

"တူ … တူ … "

"တူ … တူ … "

မထူးတော့ …

ဖုန်းကို ဖွင့်ပြီး နားထောင်မိသည်။

"ဖွဲ့ … "

"ညလေး … "

"ပြော … "

"စဉ်းစားပြီးပြီလား … "

"ဘာကိုလဲ … "

"စောစောက ဖွဲ့ … ညလေးကို ရည်စားစကားပြောခဲ့တာလေ … အဲဒါ အဖြေသိချင်လို့ … "

"အဖြေ … "

"အင်း … "



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီက လုံးဝသဘောမတူဘူးတဲ့ ... ။

သေချင်တာပဲ ... ။

"ညလေး ..."

"ဟင် ..."

"အိုင်တင်ခံမနေနဲ့ကွာ ... တို့နှစ်ယောက်တွေ့ရအောင်"

"ဖွဲ့ ..."

"ပြော ..."

"ကျွန်မ အလုပ်တွေများနေတယ် ..."

"ထားခဲ့ ..."

"မဖြစ်ဘူး ..."

"ညလေး ... ကိုယ့်ကို အိုင်တင်ခံနေတာလား"

ဖွဲ့လေသံလေးက ဒေါသတွေနှင့် မာမာထန်ထန်ဖြစ်သွားသည်။

မိန်းကလေးတစ်ယောက်က ဒီလောက်အထိ အိုက်တင်ခံနေတာ ညလေးဖြစ်နေလို့ ...

"ညလေး ... ဘာဖြစ်နေတာလဲ ..."

"ဒက်ဒီက ကျွန်မတစ်ယောက်တည်း သွားခွင့်မရှိဘူးတဲ့ ... ဖွဲ့ ..."

"ဘာ ..."

"ဒက်ဒီ အရမ်းပြောင်းလဲသွားတယ် ဖွဲ့ ... ကျွန်မကို စိတ်မချတော့ဘူး ... ကျွန်မ ပြောပြီးပြီပဲ ... ဒက်ဒီရွေးချယ်ပေးတဲ့ ယောကျ်ားတစ်ယောက်ကိုပဲ ကျွန်မယူရမယ် ... ကျွန်မဆန္ဒနဲ့ ချစ်သူထားခွင့်မရှိဘူး ..."





"မင်းဒက်ဒီ ရွေးချယ်တဲ့ ယောကျ်ားက ကိုယ်မဟုတ်ဘူးပေါ့ ..."

"ဖွဲ့က ..."

"ကိုယ်က မင်းနဲ့မတန်ဘူးဆိုတဲ့ သဘောလား ညလေး ..."

ဖွဲ့ ...

တင်းသွားမိသည်။

ဒီသဘောပဲ ...

အန်ကယ် ဦးစစ်နိုင်က သူ့ကိုမရွေးချယ်တာတော့ သေချာနေသည်။

သူက လောကကြီးမှာ အပြည့်စုံဆုံး လူတစ်ယောက် ...

နွေညလေးက ဘာလဲ ...

တွေ့မယ် ...

ဘယ်လို မိန်းကလေးမျိုးပဲဖြစ်ဖြစ် ဖွဲ့နိုင်ကို ကို မျှော်လင့်နေခဲ့တာပဲ ...

"ညလေး ..."

"ရှင် ..."

"ကိုယ့်ကို ချစ်လား ..."

"ရှင် ..."

"ကိုယ်ဘယ်လောက် မာနကြီးလဲဆိုတာ ညလေးသိပါတယ်နော် ..."

"အင်းပါ ..."

ဖွဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



ဒေါသတွေ ပေါက်ကွဲချင်နေပြီ ...

ဦးစစ်နိုင် ဘယ်သူ့ကို ရွေးချယ်တာလဲ ...

တစ်ယောက်ယောက် ရှိနေပြီဆိုတာ သိသာထင်ရှားနေပြီ ဖြစ်သည်။

သူ ...

မဖြစ်နိုင် ...

ညလေးကို တားဆီးနေပြီ ...

ဖွဲ့ ဘယ်လောက် မခံချိမခံသာ ဖြစ်နေရလည်းဆိုတာ ...

ညလေးကို ရအောင်ယူပြမယ် ...

"ညလေး ..."

"ဟင် ..."

"ကိုယ်နဲ့ ညလေး မဖြစ်မနေတွေ့မယ် ... မနက်ဖြန် ညလေး ကိုယ့်ဆီလာခဲ့ ... ဆည်းဆာ လက်ဖက်ရည်ဆိုင်မှာ ကိုယ် စောင့်နေမယ် ..."

"ဖွဲ့ ..."

ဖွဲ့ ဖုန်းချသွားသည်။

ဒုက္ခပါပဲ ...

ဖွဲ့ ဟန်းဖုန်းကို ထပ်ဆက်တော့ ဖုန်းက ပိတ်ထားသည်။

ဆည်းဆာလက်ဖက်ရည်ဆိုင်လေးက သူနှင့် ညလေး တွေ့နေကျ ...

သူငယ်ချင်းတွေအပေါ် အနိုင်ယူဗိုလ်ကျတတ်လေ့ရှိသော ဖွဲ့သည် ညလေးအပေါ် ပို၍ အနိုင်ယူတတ်သည်။





ဇွတ်အတင်း တောင်းဆိုတတ်၏။

ညလေးကို အရေးပေးတဲ့အခါလည်း အလွန်အမင်း ပေးတတ်သည်။

"ကိုယ် မိန်းမတွေကို မချစ်တတ်ဘူး ညလေး ... ဒါပေမယ့် ညလေးကိုတော့ ခင်တယ် ..."

အခု ...

ညလေးကို ချစ်တယ်တဲ့ ...

မိန်းကလေး စိတ်ဝင်စားလွန်းခဲ့သော ဖွဲ့က ညလေးကို ချစ်နေသည်။

မနက်ဖြန် ...

ဒုက္ခပါပဲ ...

ဒက်ဒီက သူ့စကားတွေကို မနာခံလျှင် ပြင်းထန်စွာ အပြစ်ပေးတတ်သည်။

သူမလည်း ဒက်ဒီ့ကို ကြောက်ရ၏။

အလိုလိုက်တာက လိုက်တာပဲ ... ။

လုပ်ငန်းခွင်မှာပဲဖြစ်ဖြစ် ...

ဒက်ဒီချမှတ်ထားသော စည်းကမ်းတွေကို လိုက်နာရသည်။

ကျွန်မ ...

စဉ်းစားမရတာက ...

ဖွဲ့ကို ဘာကြောင့် လက်မခံတာလဲ ... ။

မိဘရှင်တွေအတွက် ဖွဲ့အခြေအနေသည် သမက်လောင်း အဖြစ် ဝမ်းသာအားရ ရွေးချယ်ကြမှာပဲဖြစ်သည်။

ဒက်ဒီ ...



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲသွားတာတော့ အမှန်ပဲဖြစ်၏။

ဖွဲ့ရော ... တခြားယောကျ်ားလေးနဲ့ရော ချစ်သူအဖြစ် မထားရဘူးတဲ့ ...

ကျွန်မ ...

အရွယ်ရောက်နေပြီ ...

ဒက်ဒီဘာကြောင့် ချုပ်ချယ်ရတာလဲ ...

ဖွဲ့ဆီ မသွားဘဲနေရင် ကောင်းမလား ...

မဖြစ်သေးပါဘူး ...

ဖွဲ့ဒေါကန်မှာ ...

ယောကျ်ားပီသစွာ ချောမောခန့်ညားသော ဖွဲ့ကို သူမ စိတ်ဝင်စားသည်။

ချစ်သူအဖြစ် ပိုင်ဆိုင်လို၏။

ဖွဲ့ဘယ်လောက်ပဲ အနိုင်ကျင့်ပါစေ ... သူမ လက်ခံခဲ့သည်။

ငယ်ငယ်လေးကတည်းက တတွဲတွဲနေလာခဲ့၍ သံယောဇဉ် တွယ်ခဲ့ရ၏။

ဘာပဲဖြစ်ဖြစ် ...

သွားတွေ့ရမယ် ...

ဖွဲ့စောင့်နေမှာ ...

တစ်ညလုံး ...

ဖွဲ့အကြောင်းတွေပဲ တွေးမိနေပြီး မနည်းအိပ်ပျော်အောင် အိပ်ရသည်။

မနက်မိုးလင်းတော့ ...

သူမ ...





အလှပြင်သည်။

ရုံးကိုသွားဖို့အတွက် ထွက်လာခဲ့မိ၏။

ဒီနေ့ ...

ဒက်ဒီမလာတော့ဘူးတဲ့ ... ။

သွားစရာကိစ္စရှိနေလို့ သူမကိုပဲ တာဝန်တွေလွှဲအပ်ပေးထားသည်။

ခဏတော့ ... ဖွဲ့ကို သွားတွေ့ရမယ်။

မဖြစ်ဘူး ... ဒရိုင်ဘာကိုတော့ဖားရမယ် ...

သူ ... ဒက်ဒီကို ပြန်မပြောရင် ပြီးတာပဲ ...

အလှအပတွေပြင်ပြီး ခြံထဲသို့ သူမ ဆင်းလာခဲ့သည်။

ခြံထဲမှာ ...

ဒရိုင်ဘာက ကားသုတ်နေသည်။

ဘယ်လောက် အမြင်ကတ်စရာကောင်းနေလည်းဆိုတာ ...

ဟန်းဖုန်းကို ခါးမှာ ချိတ်ထားသည်။

"တူ ... တူ ... "

"တူ ... တူ ... "

သူ ... ဟန်းဖုန်းကိုဖွင့်ပြီး ပြောသည်။

"စိတ်ချ အန်ကယ် ... နွေညလေးကို စောင့်ရှောက်မှာပါ အန်ကယ်ဘာမှ မပူပါနဲ့ ... မှည့်တစ်ပေါက် မစွန်းစေရဘူး ... "

ဟွန်း ...

မျက်စောင်းထိုးပစ်မိသည်။ ဒက်ဒီပဲ ...

သူမအား ဒက်ဒီသည် ဒီလောက်အထိ ကြီးကြပ်လွှမ်းမိုးနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဒီမှာ ဒရိုင်ဘာ"

"ပြောပါ ..."

"ကျွန်မ အပြင်သွားစရာရှိတယ် ..."

"သွားလေ ..."

သူ ...

ကားတံခါး ဖွင့်ပေးသည်။

"ဟင် ..."

သူမက ရှေ့မှာ ဝင်ထိုင်သည်။

အံ့ဖွယ်ပဲ ...

ဘယ်လို မိန်းကလေးလဲ ...

သူ ...

နောက်က ဖွင့်ပေးတော့ ရှေ့မှာဝင်ထိုင်သည်။

ဒရိုင်ဘာတစ်ယောက်နှင့် ယှဉ်တွဲထိုင်သဖြင့် မျက်ခုံးတော့ ခပ်လှုပ်လှုပ်ပဲ ...

အကြောင်းမရှိဘဲ ... ထိုင်မှာ မဟုတ် ...

"ဒရိုင်ဘာ ..."

"ပြောပါ ..."

"ကျွန်မ ... ရှင့်ကို ပြောစရာရှိလို့ ရှေ့မှာထိုင်တာနော်"

"ပြောပါ ..."

"အရင်က ... ဒက်ဒီက ကျွန်မကို လုံးဝမချုပ်ချယ်ခဲ့ဘူး အခုမှလာပြီး ချုပ်ချယ်နေရတဲ့ အကြောင်းရင်းကို ရှင်သိလား ..."





"မသိဘူး ..."

"ရှင် ... ဘာသိလဲ"

"ကျုပ် ... ဘာမှ မသိဘူး"

"ကောင်းတယ် ... ရှင့်ကို မေးနေအပိုပဲ ... ကျွန်မ နောက်ခန်း ပြောင်းထိုင်တော့မယ် ..."

သူ ...

ကားရပ်ပေးသည်။

ဒရိုင်ဘာကို စည်းရုံးသိမ်းသွင်းဖို့က လွယ်တော့မလွယ်ဘူး။

မျက်နှာက တည်နေတာပဲ ...

စကားလည်း အပိုမပြော ...

သူမ နောက်ခန်းပြောင်းလိုက်သဖြင့် သူကားဆက်မောင်းသည်။

ဒီ ... စောင့်နေတော့မယ် ...

ဒရိုင်ဘာကို ဘယ်လိုပြောရမလဲ ...

သူမ ... စိတ်မသက်မသာနှင့် အကြံထုတ်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

"ဒီမှာ ... ကျွန်မ ရုံးမသွားသေးဘူး ..."

"ဗျာ ..."

"ဆည်းဆာကို မောင်းပါ ..."

"ဗျာ ..."

"ဒီမှာ ... ကျွန်မ ကားမောင်းမယ် ..."

"မဖြစ်ဘူး ..."

"ဘာဖြစ်လို့လဲ ..."

"မောင်းခွင့် မရှိလို့ ..."

"ဘာ ..."

"အန်ကယ်က ... အမိကို ကားမောင်းခွင့် လုံးဝမပေးထားဘူး ..."

"ကျွန်မမှာ ... ဘာမှ လုပ်ပိုင်ခွင့်မရှိတော့ဘူးလား ..."

"အမိသွားချင်တဲ့နေရာကိုပြောပါ ... ကျုပ် လိုက်ပို့ပါ့မယ်"





ဖွဲ့နှင့်တွေ့မှာ ...

ဆည်းဆာမှာ ဖွဲ့ထိုင်စောင့်နေလောက်ပြီ ဖြစ်သည်။

ဒရိုင်ဘာကို ဘယ်လိုပြောရမလဲ ...

နေပစေ ...

ဖွဲ့က သူမရဲ့သူငယ်ချင်း ...

ပြီးတော့ ...

ညလေး အမျှော်လင့်ဆုံးသူ ...

ချစ်သူ အဖြစ်တော့ ...

ရင်ထဲမှာ နွေးသွားသည်။

ဖွဲ့ရှိနေတဲ့ နေရာကိုပဲ မောင်းခိုင်းလိုက်တော့မယ်။

အင်းလျားကန်စောင်းက ဆည်းဆာလက်ဖက်ရည်ဆိုင်မှာ ဖွဲ့စောင့်နေသည်။

"မင်း ဖွဲ့နိုင်ကိုနဲ့ တွေ့ဖို့လား ..."

"ဟုတ်တယ် ..."

"မဖြစ်ဘူး ..."

"ဘာရှင့် ..."

"အန်ကယ်က မင်းကို ဖွဲ့နိုင်ကိုနဲ့ လုံးဝတွေ့ခွင့်မပေးရဘူးတဲ့ ..."

"ဘာ ..."

"ကျုပ် ကားရပ်မပေးနိုင်ဘူး ..."

"ရှင် ... ညစ်ပတ်တာပဲ ... ရှင့်စိတ်ဓာတ်တွေ သိပ်အောက်တန်းကျတယ် ... သက်သက် အခွင့်အရေးယူတာပဲ ... ကားရပ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကို ခွဲနိုင်ကိုဆိုတဲ့ လူနဲ့မပတ်သက်ရဘူးလို့ အမိန့် ထုတ်ထားတယ် ... ကျုပ်အမိန့်ကို နာခံရမယ် ... အမိထင်ချင် သလိုထင် ..."

"တောက် ..."

ညလေး ဘာဆက်လုပ်ရမလဲ ...

ခွဲစောင့်နေပြီ ...

ကားကို ဆက်မောင်းနေသည်။

"ရှင်ရပ်ပါ ... မရပ်ရင် ကျွန်မ ခုန်ဆင်းလိုက်မှာနော်"

သူမ ...

ခြိမ်းခြောက်လိုက်ပြီး ...

ကားတံခါးကို ဖွင့်လိုက်၏။

သူ ...

ကားကို ရပ်လိုက်သည်။

"ရော့ ... ကားသော့ ကျုပ် ဒီနေ့ကစပြီး အမိရဲ့ဒရိုင်ဘာ အဖြစ်က ထွက်ပြီ ..."

"ထွက် ... ထွက် ... ရှင် မရှိရင် ပိုကောင်းတယ်"

သူမ ...

ပြောလိုက်သည်။

ပြီးမှ ...

သတိရသွားမိသည်။

ဒက်ဒီ ...

သူမ ဘဝတွင် သူမချစ်ခင် ရိုသေလေးစားသော ဒက်ဒီအမိန့်





ကို သူမ ဆန့်ကျင်သလိုဖြစ်သွားသည်။

သူက ...

ဒက်ဒီ ဒရိုင်ဘာ ...

သူ ထွက်သွားဖို့ ပြင်နေသည်။

"ဒီမှာ ..."

သူ့ ခြေလှမ်းတွေ ရပ်သွားသည်။

"ကျွန်မကို အကျပ်မကိုင်ပါနဲ့ ..."

"ကျုပ်ကို အန်ကယ်က တိတိကျကျ အမိန့်ပေးထားတာ ကျုပ် အလုပ်ရှင်ရဲ့ အမိန့်ကိုမှ နာခံခွင့်မရရင် ... ကျုပ် အလုပ်ထွက်ရုံပဲ ကျုပ်တာဝန်မကျေဘဲ သူများပိုက်ဆံကို အလကားမလိုချင်ဘူး နှညလေး ..."

"ဟင် ... အခုမှ ကိုတိကျကြီးနဲ့ လာတွေ့နေတယ် ... ဒီမှာ ကျွန်မနဲ့ဖွဲ့က သူငယ်ချင်းတွေပါ ... ငယ်သူငယ်ချင်းတွေလေ ... အခုမှ စိမ်းစိမ်းကားကားနေရမယ်ဆိုတော့ ... ရှင် စဉ်းစားကြည့်ပါဦး ..."

သေချင်လိုက်တာ ...

ဘယ်လိုလူလဲ ...

တကယ့်ကို အတိအကျ ...

"အမိ ..."

"ရှင် ..."

"အမိတို့ ကိစ္စကို ကျုပ်စိတ်မဝင်စားဘူး ... ကျုပ်ကား မောင်းနေရတဲ့ အချိန်မှာတော့ အမိကို ... ကျုပ် မလိုက်လျောနိုင်ဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



သူ ...

စိတ်တော့ မကောင်းပါဘူး ...

အန်ကယ်ကလည်း ဘာကြောင့်များ ဖွဲ့နိုင်ကိုနဲ့ သဘောမတူနေလည်း မသိပါဘူး ... ။

ဖွဲ့နိုင်ကိုက ပြည့်စုံနေတာပဲ ... ။

"ငယ်ငယ်လေးတည်းက ကျွန်မနဲ့ဖွဲ့ တွဲလာကြတာ အခုမှ ပြောင်းလဲရင် ..."

"အမိ ..."

"ရှင် ..."

"အမိဒက်ဒီနဲ့ ဆွေးနွေးကြည့်ပါလား ..."

"မရလို့ပေါ့ရှင် ..."

"အဲဒါတော့ ... ကျုပ်လည်း မတတ်နိုင်ဘူး ... အကောင်းဆုံးကတော့ ... ကျုပ် အလုပ်ကနေ ထွက်လိုက်ဖို့ပဲ ..."

"ဟွန်း ..."

မဖြစ်ဘူး ...

ဒက်ဒီ့ကို ဆန့်ကျင်လို့ မဖြစ်ဘူး ...

ညလေး သံယောဇဉ် အတွယ်တာရဆုံးက ဒက်ဒီပဲ ...

ဒက်ဒီက စိတ်ကြီးသည်။

တိကျ၏။

"ရော့ ..."

ကားသော့ကို သူ့ထံ ပြန်ပစ်ပေးလိုက်မိသည်။

"ကျွန်မ ရုံးပဲသွားတော့မယ် ..."

"တူ ... တူ ..."





"တူ ... တူ ..."

"ဟင် ..."

ဖွဲ့ ...

ဆက်နေပြီ ... ။

"တူ ... တူ ..."

"တူ ... တူ ..."

ဖုန်းပိတ်ပစ်လိုက်သည်။

"သွားမယ် ..."

ကားပေါ် ပြန်တက်လိုက်သည်။

မတွေ့တော့ဘူး ...

ရုံးကိုပဲ သွားတော့မယ် ...

ဖွဲ့ရယ် ...

ကျွန်မ အဖြစ်တွေကိုကြည့်ပါဦး ... ။

ဖွဲ့နဲ့ ဘယ်လိုရင်ဆိုင်ရမလဲ ...

ကျွန်မရဲ့ အပြုအမူတွေအတွက် ဖွဲ့တစ်ယောက် အလွန်ခံပြင်းဒေါသထွက်နေမှာတော့ သေချာသည်။

"ဒရိုင်ဘာ ..."

"ပြော ..."

"ရှင့်ကို ကျွန်မ တစ်ခုမေးမယ်"

"မေး ..."

"ရှင့်မှာ ချစ်သူတွေ ဘာတွေ မရှိဘူးလား ..."

"မရှိဘူး ..."

"သွားပြီပေါ့ ... ရှင်က အချစ်ဆိုတာလည်း ဘာမှခံစားတတ်



www.burmeseclassic.com

www.burmeseclassic.com



မှာ မဟုတ်ပါဘူး ... "

"မင်းပြောတော့ ... မင်းနဲ့ ဖွဲ့က သူငယ်ချင်းတွေဆို ... ကျုပ်က ဘာကိုယ်ချင်းစာပေးရမှာလဲ အမိ ... "

ချစ်သူတွေလည်း မဟုတ် ...

ဖွဲ့နဲ့က သူငယ်ချင်းတွေ ...

ဒါပေမယ့် ...

ဖွဲ့ဘက်မှ ကျွန်မကိုချစ်သည်တဲ့ ...

အေးစက်နေတဲ့ ဖွဲ့မျက်ဝန်းတွေက မာန်မာနတွေ အမြဲပြည့်နေတတ်တာပါ ... ။

မိန်းမချောလေးတွေ ဝိုင်းဝိုင်းလည်နေတဲ့ ဖွဲ့က ကျွန်မကိုမှ ရွေးချယ်ခဲ့သည်။

ကျွန်မ ...

ဖွဲ့ကို ရွေးချယ်သင့်တယ် ...

အရာအားလုံး ပြည့်စုံနေသော ဖွဲ့သည် ကျွန်မအိမ်ထောင်ဖက်အဖြစ် ရွေးချယ်ဖို့ ဒက်ဒီဘာကြောင့် ကန့်ကွက်ရတာလဲ ...

"ရှုံးပဲပြန်မယ် ... ရှင်မောင်းတော့ ... "

ညလေး မတတ်နိုင်တော့ ...

ဖွဲ့ ...

ဘယ်လို တုံ့ပြန်မလဲ ...

ရှုံးရောက်တော့ သူမ စိတ်ပျက်စွာဖြင့် အခန်းထဲဝင်လာခဲ့သည်။

ဒက်ဒီ ...





သမီးတကယ်နားမလည်နိုင်တော့ဘူး ...

ဘာကြောင့်လဲ ...

သမီးနဲ့ လက်ထပ်ဖို့ ရွေးချယ်ထားတဲ့သူက ဘယ်သူလဲ ...

ကျွန်မ ...

ဘာမှန်း မသိဘဲ လက်ထပ်ရမလား ...

ရုံးရောက်တော့ အလုပ်တွေကို စိတ်မဝင်စားနိုင်ပေ။

အဲဒီ ဒရိုင်ဘာကို ဘယ်လိုမှ စည်းရုံး၍ရမှာမဟုတ် ... ။

ဒက်ဒီ့ကို အစီရင်ခံစာတင်မှာပဲ ...

သူမ ...

အရွယ်ရောက်နေပြီ ...

အလုပ်ကိစ္စတွေကိုလည်း ဦးဆောင်နိုင်နေပြီဖြစ်သည်။

ဒက်ဒီ သိတာပဲ ...

"ဒက်ဒီ ရွေးချယ်ပေးတဲ့ အိမ်ထောင်ဖက်ကိုပဲ သမီးလက်ခံရမယ် ... "

ဒက်ဒီထံမှ ထိုကဲ့သို့သော စကားမျိုးတွေ ပြောလာလိမ့်မည်ဟု သူမ ဘယ်တော့မှ မထင်မှတ်ထားခဲ့မိပေ။

သမီးကို အမြဲတမ်း ကိုယ်ပိုင်ဆုံးဖြတ်ချက်တွေနဲ့ နေထိုင်ကြီးပြင်းစေခဲ့သည်။

အခုမှ ...

"မမ ... "

"ဟင် ... "

"ဧည့်သည် ရောက်နေပါတယ် ... "

သူမ လက်ထောက်ကောင်မလေး စကားမဆုံးခင် ဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာသည်။

ဖွဲ့ ဘယ်လောက်အထိ ဒေါသတွေ ထွက်နေကြောင်း တင်းမာခက်ထန်နေတဲ့ မျက်ဝန်းတွေက သိသာနေ၏။

"ဖွဲ့ ..."

"ကိုယ့်ကို ... ဘာလို့ မထီမဲ့မြင်လုပ်ရတာလဲ ... နွေညလေး"

"ဟို ... ဟို ... ကျွန်မ အလုပ်မအားလို့ပါ ... ဖွဲ့ကို တောင်းပန်ပါတယ် ..."

"ကိုယ်ဟာ အောက်တန်းစား ကလေကချေတစ်ယောက် မဟုတ်ဘူး ... ညလေး ... မင်းကို အလေးအနက်ထားသလောက် ကိုယ့်ကို ဘာလို့ မထီမဲ့မြင် လုပ်ရတာလဲ ..."

ဖွဲ့ ...

လုံးဝမကျေနပ် ...

သူ့ရာဇဝင်မှာ မိန်းမတစ်ယောက်ကို ဒီလောက်အထိ အောက်ကျခံပြီး ဆက်ဆံ ပတ်သက်နေစရာမလိုပေ ... ။

နွေညလေး ...

မင်း ဒီလောက်ကြီးကျယ်ခမ်းနားနေတာ ...

ကိုယ် မရရအောင် ယူပြမယ် ...

"ညလေး ..."

"ဟင် ..."

"ထ ..."

"ရှင် ..."

"သွားမယ် ..."





"ကျွန်မ အလုပ်တွေ ..."

"ထားခဲ့ ..."

"မရဘူး ထင်တယ်ဖွဲ့ ... နောက်မှ တွေ့မယ်နော် ... လာမယ့် Sunday ရှိန်းမြတ်တို့နဲ့လေ ကျွန်မတို့ ဆုံကြမယ်"

"မရဘူး ... ကိုယ် မင်းကိုစောင့်နေရတာ ကိုယ့်ရဲ့အကျိုးရှိတဲ့ အချိန်တွေ ပေးလိုက်ရတယ် ... မင်းလိုပဲ ကိုယ်လည်း ဆောက်လုပ်ရေး လုပ်ငန်းကြီးတစ်ခုရဲ့ မန်နေဂျင်းပဲ ..."

ဖွဲ့ကို ဘယ်လိုပြောပြရမှန်း မသိတော့ ... ။

ဒက်ဒီက ဒရိုင်ဘာမပါဘဲနှင့် သွားလာခွင့် မပြုပေ။

ကားမောင်းခွင့်ပင် မရှိ။

ဖွဲ့ ခံစားနေရတာတွေကို သူမ ခံစားနေရတာပါပဲ။

"ညလေး ... မင်း ကြီးကျယ်နေတာလား"

"မဟုတ်ပါဘူး ဖွဲ့ရယ် ... ကျွန်မမှာ အလုပ်တွေရှိလို့ပါနော် ကျွန်မ ဖွဲ့နဲ့တွေ့ချင်ပါတယ် ... စကားတွေ အများကြီးပြောချင်ပါတယ် ..."

ဖွဲ့ကို ချော့မိသည်။

"ညလေး ..."

"ဟင် ..."

"ဖွဲ့နဲ့ ... ခဏလေးပဲဖြစ်ဖြစ် လိုက်ခဲ့စမ်းပါ ... ကိုယ့်ရင်ထဲမှာ အရမ်းခံပြင်းနေတယ် ... ညလေးဘာကြောင့်ပြောင်းလဲသွားရတာလဲ ... ဘာလဲ မင်းကိုယ်မင်း တန်ဖိုးတက်အောင် လုပ်ပြတာလား ..."

"ဖွဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့ကို ကျွန်မ ဘယ်လိုရှင်းပြရမလဲ ... ။

ဘာမှလည်း မသိဘူး ...

အဲဒီပြောင်းလဲမှုတွေအတွက် ကျွန်မကိုယ်တိုင်လည်း မသိတာပါ ...

"ထစမ်းပါ ညလေး ... ကိုယ့်ကားနဲ့လိုက်ခဲ့ ဒီဒရိုင်ဘာကို ဘာလို့ ဒီလောက်အထိ ကြောက်နေရတာလဲ ... "

ညလေးလက်ကို သူအတင်းဆွဲပြီးခေါ်သွားသည်။

ဒုက္ခပါပဲ ...

ရုံးမှာရှိတဲ့ ဝန်ထမ်းတွေက အထူးအဆန်းကြည့်နေကြသည်။

ဖွဲ့က ဖွတ် ...

"ဖွဲ့ ... "

ဘာမှ မပြောတော့ ...

သူမ လက်တွေကို တင်းကျပ်စွာ ဆုပ်ကိုင်ပြီးခေါ်လာခဲ့သည်။

ကားပေါ် တက်စေ၏။

ဝေါခနဲ မောင်းထွက်ခဲ့တော့သည်။

"ဖွဲ့ ... ဘယ်ကိုမောင်းမလို့လဲ ... "

"မြို့ပြင် ... "

"ဟင် ... "

ဖွဲ့က တဖွတ်ထိုးလုပ်တတ်တဲ့ အကျင့်ရှိသည်။

ညလေး လန့်နေမိ၏။

ဖွဲ့ တစ်နေရာရာမှာ အေးအေးဆေးဆေး စကားပြောရအောင်နော် ...





ဖွဲ့ကို ချော့ရသည်။

ကားကိုသာ အာရုံစိုက်မောင်းနေသော ဖွဲ့က ဘာကိုမှ မသိတော့ပေ။

သူမ စကားတွေကို နားမထောင် ...

"ဖွဲ့ ... "

သူမ ...

အော်မိသည်။

ကားလေးက လေအဟုန်မှာ ပစ်လွှတ်လိုက်တဲ့ မြားတစ်စင်းကဲ့သို့ ပြေးနေ၏။

"ဖွဲ့ ... ဘယ်ကိုမောင်းမလို့လဲ ... ပြန်ကြစို့နော် ... တောင်းပန်ပါတယ် ... ဖွဲ့ရယ် ... ကျွန်မတို့ ပြန်ကြရအောင်"

ဖွဲ့သည် ကားကိုတုံ့ခနဲ ရပ်ပစ်လိုက်မိတော့သည်။

"ဖွဲ့ ... "

"မင်းကို ... ကိုယ်ကားတင်ပြေးမယ်ထင်ပြီး မင်းလန့်နေတာလား ... "

"ဖွဲ့ရယ် ... "

သူမ စိတ်မောစွာဖြင့် ဖွဲ့ကို မော့ကြည့်မိသည်။

လူတွေအပေး အမြတ်တမ်းအနိုင်ယူ ဗိုလ်ကျတတ်သော အမြဲတမ်းလည်း အနိုင်ရတတ်သော ဖွဲ့သည် ညလေးအပေါ် ရှုံးရှုံးရှဲရှဲနှင့် ဒေါသတွေ ဖြစ်နေတော့သည်။

"ကိုယ့်အဆင့်နဲ့ မိန်းမတစ်ယောက်ကို ကားတင်ပြေးဖို့ မလိုဘူးထင်တယ် ညလေး ... "

ဖွဲ့ရယ် ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို မရှိပါနဲ့ ...

ရှင့်ရဲ့အနေအထားကို ညလေး အသိဆုံးပါ။

"ညလေး ... "

"ဟင်"

"ကိုယ့်ကို ချစ်လား"

"ဒါက ... "

"ဖြေကွာ ... "

"ဘဝတစ်ခုလုံးအတွက် ကျွန်မကို စဉ်စားခွင့်ပေးပါ"

သူမ ...

ပြောလိုက်ရသည်။

ဖွဲ့ မကျေနပ်လည်း မတတ်နိုင်တော့ပေ။

ဒက်ဒီကတော့ ကျွန်မရဲ့အိမ်ထောင်ဖက်ကို ရွေးချယ်ထားပြီးသားတဲ့ ... ။

"ကိုယ်က စဉ်းစားဖို့တောင်လိုအပ်နေတဲ့ အနေအထားလား ညလေ ... "

ဖွဲ့က သူ့ကိုယ်သူ အထင်ကြီးနေခြင်းသာဖြစ်သည်။

ဒက်ဒီက သဘောမတူကြောင်း ဖွဲ့ မသိသေးပေ။

အဖြေက ရှင်းနေသည်။

ကျွန်မမှာ ချစ်သူရွေးချယ်ခွင့် မရှိပေ။

ဖွဲ့ ပြန်ပို့၍ ညလေး စိတ်အေးသွားရတော့သည်။

အခန်း ( ၇ )

"အန်ကယ် ... "

"ပြောပါ ... မောင်သျှင်နေမင်း ... "

"ကျွန်တော့်ကို တခြားအလုပ်ပဲ ခန့်စေချင်ပါတယ်"

"ဘာဖြစ်လို့လဲ ... မောင်ရင်"

"ညလေးကို စိတ်အနှောင့်အယှက် ပေးသလိုကြီးဖြစ်နေတယ်၊ ပြီးတော့ ကျွန်တော် ယောကျ်ားမဆန်ရာလည်းကျနေတယ်"

သူ ... ညလေးကို မနှောင့်ယှက်ချင်တော့ ...

အန်ကယ်က လစာကောင်းကောင်းပေးတယ်ဆိုပေမယ့် ယောကျ်ားမဆန်ဘူးဟု ထင်မိလာရသည်။

"မောင်သျှင်နေမင်း ... "

"ဟုတ်ကဲ့ ... "

"သမီးနဲ့ ဖွဲ့နိုင်ကိုကိုက ချစ်သူတွေအဆင့်လောက်ထိ ဖြစ်နေကြပြီလား ... "



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်ကို တစ်ယောက် စိတ်ဝင်စားတဲ့ အဆင့်လောက်အထိတော့ ရှိပါတယ် ... ကိုခွဲနိုင်ကိုက မိန်းကလေးတွေအတွက် ရွေးချယ်သင့်တဲ့ ယောကျ်ားတစ်ယောက်ပဲ ..."

"မဟုတ်ဘူး ... မောင်ရင်"

"ဗျာ ..."

"ချမ်းသာတယ် ... ပညာတတ်တယ် ... ဂုဏ်ဒြပ်ကောရှိတာနဲ့ပဲ ... မိန်းကလေးတစ်ယောက်က ဒီယောကျ်ားကိုရွေးချယ်သင့်တာမှ မဟုတ်တာ ..."

"ကျွန်တော် နားမလည်ဘူး ..."

"ခွဲနိုင်ကိုရဲ့ စိတ်ဓာတ်ကို အန်ကယ် မကြိုက်ဘူး"

ဦးစစ်နိုင်အတွက် ဒေါသကြီးပြီး မောက်မာထောင်လွှားတတ်သော သမက်လောင်းကို သမီးရဲ့ ဘဝလက်တွဲဖော်အဖြစ် မရွေးချယ်လိုပေ။

"နွေညလေးက ..."

"ခွဲကို သမီးက ချစ်နေတယ်မဟုတ်လား ..."

သူ ... မဖြေချင် ...

နွေညလေးက ခွဲကိုချစ်နေသည်။

ဖခင်ရဲ့စကားတွေကိုလည်း မပယ်ရှားလိုသော သမီးဖြစ်သည်။

"နွေညလေးက လိမ္မာတဲ့ သမီးတစ်ယောက်ပါ ... အန်ကယ် ခွဲနိုင်ကို ကို အတတ်နိုင်ဆုံး မပတ်သက်မိအောင် ရှောင်နေခဲ့ပါတယ်"





နွေညလေးဆိုတဲ့ မိန်းကလေးရဲ့ မျက်ဝန်းတွေက ကြေကွဲနေသည်။

ခွဲနိုင်ကိုအပေါ် နှစ်သက်မြတ်နိုးနေကြောင်း သိသာနေ၏။

သူ ... မတားဆီးချင် ...

"မောင်သျှင်နေမင်း ..."

"ဗျာ ..."

"သမီးကို မင်းလက်ထဲ တမင်အပ်ထားတာပါ ... အန်ကယ်က စိတ်ဓာတ်မှန်တဲ့ ယောကျ်ားတစ်ယောက်ကိုပဲ အန်ကယ့်သမက်လောင်းအဖြစ် ရွေးချယ်ချင်တာ ..."

"ခွဲနိုင်ကိုက နွေညလေးရဲ့ ငယ်သူငယ်ချင်းပဲ အန်ကယ် ... ဒီနှစ်ယောက်ကို ခွဲဖို့ဆိုတာ ..."

"ခွဲရမှာပဲ မောင်ရင် ... အန်ကယ် သဘောမတူနိုင်ဘူး ခွဲနိုင်ကိုက သူငယ်ချင်းအနေနဲ့တောင် သမီးကို အရမ်းအနိုင်ကျင့်တာ"

နွေညလေးကို ဇွတ်အတင်းခေါ်သွား၍ အန်ကယ့်ဆီပြန်လာပြီး အကြောင်းကြားခြင်းဖြစ်သည်။

သူ့တာဝန်ဖြစ်နေ၏။

မလွယ်ဘူး ...

နွေညလေးက သူ့ကိုမုန်းနေသည်။

အောက်တန်းကျတဲ့ ယောကျ်ားတစ်ယောက်အဖြစ် တွေ့မြင်နေ၏။

ခက်တာက ... ငွေပဲ ...

သူ ... ဝင်ငွေရှိမှ ဖြစ်မယ် ...

တခြားအလုပ်တွေက ... သူ့ အရည်အချင်းနှင့် ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



အဆင့်မရနိုင်။

ဒရိုင်ဘာဆိုပေမယ့် ...

စုတ်ပြတ်နွံချာနေတဲ့ ဒရိုင်ဘာတစ်ယောက် မဟုတ်ပေ။

အန်ကယ်က မြှောက်စားထားသည်။

အပြည့်အစုံပေးထား၏။

အဝတ်အစားက အစ လိုလေသေးမရှိ ဖြည့်စွမ်းပေးထားသည်။

ဟန်းဖုန်းနှင့် ... ဒရိုင်ဘာတစ်ယောက်နှင့် မတူပေ ... ။

"အန်ကယ်က သမီးရဲ့ ဘော်ဒီဂတ်အဖြစ် မောင်ရင့်ကို သဘောထားတာပါ ... မောင်ရင် စောင့်ရှောက်ပေးပါနော်"

"ကျွန်တော့်တာဝန်တွေကို မကျေပွန်မှာ အရမ်းကြောက်ပါတယ် ... အန်ကယ်၊ နွေညလေးက ယယ်ရွယ်တဲ့ ကလေးတစ်ယောက် မဟုတ်တော့ဘူး ... သူ့ဆန္ဒနဲ့ပဲ ရွေးချယ်ပါစေ ... "

"မဖြစ်ဘူး ... အန်ကယ့်မှာ သမီးအတွက်ရွေးချယ်ထားတဲ့ သားမက်လောင်း ရှိနေပြီ ... "

"ဗျာ ... "

"အချိန်မကျသေးလို့ မပြောတာပါ ... "

"အမြန်ဆုံး ထုတ်ဖော်သင့်တယ်လို့ ကျွန်တော်ထင်ပါတယ် အန်ကယ် ... "

နွေညလေးက ခွဲနိုင်ကို ကိုချစ်နေသည်။

ထင်ရှားနေသည်။

ထိုကိစ္စကို ဘယ်လိုရှင်းမလဲ ...

"ကျွန်တော်တို့ ဘယ်လောက်အထိ ထိန်းထားနိုင်မလဲ





အခုတောင် ခွဲနိုင်ကိုက ဖွတ်အတင်းခေါ်သွားတယ်လေ ... "

"မောင်ရင် ... "

"ဗျာ ... "

"အန်ကယ့်ကို ကူညီပါ ... မောင်ရင့်ကိုပဲ အန်ကယ်ယုံကြည်လို့ပါ ... သမီးလေး တစ်နေ့ကျရင် တို့စေတနာတွေကို သိသွားမှာပါ ... "

မောင်သျှင်နေမင်းကို သူ့အနူးညွှတ် တောင်းပန်နေမိသည်။

"မောင်ရင် ... "

"ဗျာ ... "

"အန်ကယ့်ကို ကူညီပါ ... "

အန်ကယ်ဦးစစ်နိုင်က သူ့အား ကူညီခဲ့တာတွေ အများကြီးရှိနေသည်။

ဆင်းရဲနွမ်းပါးတဲ့ ဘဝကနေ ဒီလောက်အထိ နေနိုင်တာပဲ။

"သမီးဆီ ဖုန်းဆက်ပါဦး ... "

နွေညလေးရဲ့ ဟန်းဖုန်းကို လှမ်းပြီးဆက်လိုက်သည်။

ပိတ်ထား၏။

"ပိတ်ထားတယ် ... "

"တောက် ... ဒီကောင် သမီးကို အရမ်းအနိုင်ကျင့်တယ် ဘယ်လောက် ဒေါကန်ဖို့ကောင်းလဲ ... "

ဦးစစ်နိုင် စိတ်ပူနေမိသည်။

"အန်ကယ် စိတ်အေးအေးထားပါ ... သမီး ပြန်လာမှာပါ"

ဦးစစ်နိုင် ဒေါသတွေကို ထိန်းချုပ်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သမီးလေး ...

ဖွဲ့နိုင်ကိုနဲ့ မဖြစ်ဘူး ...

စိတ်တွေ ပူနေသည်။

"ကျွန်တော် ... ကားပေါ်မှာထဲ သွားစောင့်နေပါ့မယ် အန်ကယ် ... နွေညလေး အလုပ်ကိုတော့ ပြန်လာမှာပါ ... "

သူ ...

ရုံးခန်းကိုပဲ ပြန်လာခဲ့သည်။

"အန်ကယ်လည်း အလုပ်ကိစ္စရှိသေးလို့ ရုံးခန်းကိုမလာနိုင်သေးဘူး ... မောင်ရင်၊ သမီး ညနေစောင်းလို့မှ ပြန်မလာသေးရင်တော့ တစ်ခုခု စီစဉ်ကြတာပေါ့ ... "

"ဟုတ်ကဲ့ ... "

သူ ...

ရုံးခန်းမှာပဲ စောင့်နေမိသည်။

နွေညလေးကတော့ သူ့ကို ဒေါသဖြစ်မှာသေချာ၏။

ဘယ်တတ်နိုင်မလဲ ...

သူကတော့ အလုပ်ရှင်ကို အစီရင်ခံရမည်ဖြစ်သည်။

ကွယ်ဝှက်ထားလို့ မဖြစ်ဘူး ...

နွေညလေး တစ်စုံတစ်ခုဖြစ်သွားလျှင် သူ့တာဝန်ပဲဖြစ်မည်။

အန်ကယ်က ဖွဲ့နိုင်ကိုလို ယောကျ်ားတစ်ယောက်ကို ဘာကြောင့် သဘောမတူနိုင်ကြောင်း သူ စဉ်းစားမရ။

ဖွဲ့နိုင်ကိုဟာ ဘာမှလိုလေးသေးမရှိ ပြည့်စုံနေသည်။

နွေညလေး ပြန်မရောက်လာလျှင် ...





"ဖွဲ့နိုင်ကိုက မိန်းမတစ်ယောက်ကို ခိုးပြေးမှာမဟုတ်ဘူး မောင်ရင် ... စိတ်မပူပါနဲ့ ... "

စိတ်တော့ ပူနေမိသည်။

အန်ကယ်က ထူးချွန်ထက်မြက်တဲ့ ယောကျ်ားတစ်ယောက်ပဲ ... ။

အမျှော်အမြင်ရှိသည်။

အတော်ကြာမှ နွေညလေး ရောက်လာ၏။

ဖွဲ့နိုင်ကိုက နွေညလေး ဆင်းသွားသည်နှင့် ကားကိုဝေါခနဲ မောင်းသွားသည်။

အဆင်ပြေလာတဲ့ သဘောမရှိ ... ။

"ကိုသျှင်နေမင်း ... "

"မနွေညလေး ... "

"ရှင် ... ဒက်ဒီကို အားလုံး အစီရင်ခံပြီးပြီလား ... "

"ဟုတ်တယ် ... "

"ရှင်ဘာလို့ ဒီလောက်အထိ ကျွန်မအပေါ်အကျင့်ယုတ်နေရတာလဲ ... "

"ဗျာ ... "

"ဒီကိစ္စကို ဘာလို့ ဒက်ဒီဆီ အစီရင်ခံရတာလဲ"

ဒက်ဒီ သိသွားပြီ ... ။

သူမ ... ဘယ်လို ဖြေရှင်းရမလဲ ...

ဖွဲ့က တစ်မျိုး ...

လုပ်ချင်တာတွေ လုပ်သွားတတ်သော ဖွဲ့အကျင့်စရိုက်တွေကို သူမ အလိုလိုက်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



“ကျွန်မ ကလေးမဟုတ်ဘူးနော်”

“ကျုပ် တာဝန်တစ်ခုကို ထမ်းဆောင်တာပါ ...”

“ဘာတာဝန်လဲ ... ရှင့် သက်သက်အကျင့်ယုတ်နေတာ”

သူ ...

ဘာမှ မပြောတော့ ...

နွေညလေး ပြောချင်တာပြော သူခံရမည်သာဖြစ်သည်။

တစ်နေ့ကျရင် အန်ကယ်တို့ စေတနာကို သမီးလေးသိသွားမှာပါဟု အန်ကယ်က ပြောထား၏။

“ဒက်ဒီ ... ဘာပြောလဲ”

“ကျုပ် အစီရင်ခံစာပဲ တင်ပြတာပါ ...”

“ရှင် မဟုတ်တာတွေ ပြောထားတယ် မဟုတ်လား ... ကျွန်မနဲ့ ဖွဲ့က မိတ်ဆွေတွေ ...”

“ကျုပ်ကလည်း အမိတို့ကို ချစ်သူတွေလို့ မပြောပါဘူး”

“ဒရိုင်ဘာပီပီ ဒရိုင်ဘာနေရာမှာပဲ ရှင်နေသင့်တယ် ...”

သူမ ... အထဲဝင်လာခဲ့သည်။

ရုံးခန်းထဲဝင်လာပြီး စားပွဲမှာထိုင်မိ၏။

အေးစိမ့်နေတဲ့ အခန်းထဲမှာပင် ပူပူလောင်လောင်ကြီး ဖြစ်နေတော့သည်။

ဒက်ဒီ့ကို ဘယ်လိုရှင်းရမလဲ ... ။

ဖွဲ့နိုင်ကိုနှင့် ပတ်သက်နေမှုကို ရုတ်တရက်ကြီး ဒက်ဒီက တားဆီးနေသည်။

စဉ်းစားမရ ... ဟူး ... မောလိုက်တာ ...

ဖွဲ့က ဖွတ် ...





အနိုင်ကျင့်ချင်သည်။

အိမ်ပြန်ရမှာပင် နွေညလေး အကြီးအကျယ် စိတ်ညစ်နေမိ၏။

ဒက်ဒီ့ကို ဘယ်လိုရင်ဆိုင်ရမလဲ။

ဟိုလူ ...

ဒရိုင်ဘာ ...

ဒက်ဒီ့ဆီကို သတင်းပို့ထားပြီးဖြစ်သည်။

သေချင်တာပဲ ...

အလုပ်ထဲမှာ စိတ်မဝင်စားနိုင်အောင် ဖြစ်နေသည်။

မထူးဘူး ...

ရင်ဆိုင်ရမှာပဲ ...

ရုံးဆင်းတော့ သူမ အိမ်ပြန်လာခဲ့သည်။

အိပ်ခန်းထဲဝင်ပြီး ရေချိုးအလှပြင်ပြီး အနားယူမိ၏။

“ဒေါက် ... ဒေါက် ...”

တံခါးခေါက်သံ ...

ဒက်ဒီပဲ ...

“သမီး ...”

“ရှင် ...”

“ညစာ စားမယ် ...”

ဒက်ဒီ့ကို ရင်ဆိုင်ဖို့အတွက် သူမ အတော်လေး အင်အားတွေ စုစည်းနေမိသည်။

အပြင်ထွက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားခန်းသို့ ဝင်လာခဲ့သည်။

"လာ … သမီး … "

သူမ ဝင်ထိုင်လိုက်သည်။

"သမီး … "

"ရှင် … "

"ဒီမှာ ဒက်ဒီကိုယ်တိုင် သမီးကြိုက်တဲ့ဟင်းတွေ စီစဉ်ခိုင်းထားတယ်လေ … "

ဒက်ဒီ ဘာပြောချင်လည်းဆိုတာ ညလေးသိသည်။

ညလေးကို ငယ်ငယ်လေးတည်းက ဒက်ဒီသည် တင်းတင်းမာမာ ပြောဆိုဆက်ဆံခြင်း မရှိခဲ့။

ညင်သာစွာ ပြောဆို ဆက်ဆံလေ့ရှိသည်။

ညလေးကို အချစ်ကြီး ချစ်ခဲ့၏။

"သမီး … စားလေ"

"ရှင် … "

"သမီးအတွက် ဒက်ဒီက အမြဲတမ်းဂရုစိုက်ပြီး ပြုစုစောင့်ရှောက်ခဲ့တာ … သမီး သိလား … "

"ဟုတ် … "

"စားလေ … "

ဒက်ဒီ ချော့နေပြီ … ။

ညလေးအပေါ် ဒက်ဒီဆုံးမစကားတွေ ပြောတော့မယ် တာသိနေသည်။

"ဒီညနေ ထမင်းစားပြီးရင် … ဒက်ဒီနဲ့ သမီးခြံထဲမှာ အေး





အေး ဆေးဆေး စကားပြောရအောင် … "

ဒက်ဒီ …

ကျွန်မကို ဘာလို့မဆူတာလဲ …

ဆူလိုက်ပါ …

ကျွန်မလေ ဖွဲအပေါ် ဥပေက္ခာ မပြုနိုင်ဘူး။

"စားလေ သမီး … "

"ဟုတ် … "

ဒက်ဒီကတော့ ထမင်းကိုပဲ အားရပါးရ ငုံ့စားနေသည်။

ကျွန်မ …

ရင်တွေ ပူလောင်နေ၏။

ညစာ စားပြီးသွားသည်။

ဒက်ဒီက ခြံထဲမှာ ထိုင်ဖို့အတွက် အားလုံးစီစဉ်ထား၏။

"သမီး … "

"ရှင် … "

"ဒက်ဒီ့ကို ရင်ဆိုင်ဖို့ ခက်နေလား … "

"ရှင် … "

"ဒက်ဒီ့ကို မော့ကြည့်စမ်း … "

သူမ ကြည့်မိသည်။

"ဒက်ဒီနဲ့ သမီးကြားမှာ ပွင့်လင်းမှုတွေပဲ အမြဲတမ်းရှိခဲ့တယ်နော် … "

"ဟုတ် … "

"သမီး ဘာလို့ ဖွဲခေါ်တဲ့နောက်ကို လိုက်သွားရတာလဲ"

ဒက်ဒီ မေးပြီ … ။



www.burmeseclassic.com

www.burmeseclassic.com



လေပြေလေးနှင့် မေးလိုက်ပေမယ့် ကျွန်မအတော်လေး တုန်လှုပ်သွားရသည်။

ဒရိုင်ဘာ ...

ရှင် အကျင့်ယုတ်တယ် ...

ဒက်ဒီ့ဆီ သတင်းပို့တာ မြန်လိုက်တာ ...

"ဖြေလေ ... "

"ဖွဲက သူ့ကိုဘာလို့ ရှောင်နေတာလဲဆိုတာကို သိချင်လို့ပါ ဒက်ဒီ ... "

"သမီးနဲ့ မိတ်ဆွေ သူငယ်ချင်းတွေအဖြစ်ပဲ ပတ်သက် ဆက်ဆံကြတာလား ... "

"ဟုတ် ... "

"အင်းလေ ... ဒက်ဒီက သမီးအိမ်ထောင်ဖက်ကိုရွေးချယ် ထားပြီးသားဆိုတော့ စိတ်ပူတာပေါ့ ... သမီးက လိမ်မာတာပဲဟာ ဒက်ဒီ့စကားတွေကို နားထောင်မယ် မဟုတ်လားကွယ် ... "

ဒက်ဒီ့လေသံတွေက ပျော့ပျောင်းနူးညံ့နေလွန်းသည်။

ကျွန်မ ငိုချင်လာရ၏။

ဒက်ဒီက ကျွန်မအား သိပ်ပြီးချစ်မြတ်နိုးရတဲ့ အကြောင်းတွေ ဆက်ပြောနေတော့သည်။

အခန်း ( ၈ )

"စံပယ် ... "

"ဟင် ... ကိုစစ်နိုင်"

"မင်းနေကောင်းလား ... "

"အင်း ... "

"နေရတာကော အဆင်ပြေရဲ့လား စံပယ်ရယ် ... "

ဦးစစ်နိုင်ကို တွေ့လိုက်ရသဖြင့် ဒေါ်စံပယ်လန့်သွားရသည်။

တော်သေး၏။

သားထွက်သွားလို့ ...

"ကိုယ့်ကို မထိုင်ခိုင်းတော့ဘူးလား ... "

"ထိုင်လေ ... ထိုင်ပါ ... ဒီအခန်းက ရှင့်အခန်းပဲ ... ဒီပစ္စည်း တွေအားလုံးက ရှင့်ပစ္စည်းတွေပဲဟာ ... "

"အဲဒီလိုလည်း သဘောမထားပါနဲ့ စံပယ်ရယ် ... ကိုယ် ဒီ့ထက်မက စံပယ်တို့ သားအမိကို စောင့်ရှောက်ချင်တာပါကွာ"

စံပယ် ...



www.burmeseclassic.com

www.burmeseclassic.com



မိမိရဲ့ ငယ်ချစ်ဦး ...

တစ်နည်းအားဖြင့် ...

မိမိ ပထမဆုံး လက်ထပ်ယူခဲ့သော ဇနီးမယား ...

"ကိုယ် ... ဒီနေ့အထိ လူလွတ်တစ်ယောက်ဘဝနဲ့ စံပယ်ကို စောင့်နေတာပါ ..."

"ဟို ... ဟို ... အသက်ကြီးလာပြီ ... ရှင် ဘာတွေပြောနေတာလဲ ..."

စံပယ် ရှက်နေမိသည်။

အရှက်အကြောက်ကြီးသော စံပယ်သည် ကိုစစ်နိုင်ကို မကြည့်ရဲတော့ ... ။

"ကိုယ့်ဇနီးရော ... ကိုယ့်သားရော ... ဆင်းရဲဒုက္ခရောက်နေတာ ... ကိုယ် သတ္တိမရှိလို့ပဲ စံပယ် ..."

"ရှင် ... မိန်းမတစ်ယောက်ကို လက်ထပ်ခဲ့တာပဲ မဟုတ်လား ..."

သူ ...

ကလေးတစ်ယောက်အမေဖြစ်သော မမေရီကို လက်ထပ်ယူခဲ့သည်။

သမီးလေး နွေညလေးပါလာ၏။

"ကိုယ် မိန်းကလေးတစ်ယောက်ကို ကယ်လိုက်တာပါ ... စံပယ် ကလေးတစ်ယောက်နဲ့ ဘဝပျက်နေလို့ပါ ..."

စံပယ်နှင့် မိမိတို့ ခိုးရာလိုက်ပြေးခဲ့ကြသည်။

မိဘတွေက သဘောမတူပေ။





အပြင်းအထန် လိုက်ခဲ့ကြသည် ...

စံပယ့်ကိုခေါ်ပြီး ရှောင်ပုန်းနေရင်း သားလေးတစ်ယောက် မွေးခဲ့၏။

ဒါပေမယ့် ...

မိဘတွေက ဖွတ်အတင်းပင် ခွဲပစ်လိုက်ကြတော့သည်။

ဝေးသွားကြ၏။

သူ ...

နှစ်ပေါင်းများစွာ ရှာခဲ့သည်။

မတွေ့ ...

စံပယ်ကလည်း စိတ်နာနာနှင့် ရှောင်ပုန်းနေသည်။

မကြာခင်ကမှ ...

မထင်မှတ်ဘဲ ဆုံကြသည်။

ရွှေတိဂုံဘုရားပေါ်မှာ စံပယ်တို့ သားအမိနှင့်ဆုံ၏။

ပထမတော့ ...

စံပယ်က ခါးခါးသည်းသည်းပင် ငြင်းဆန်နေသည်။

လက်မခံခဲ့ပေ။

တာဝန်မဲ့သော မိမိအား မုန်းတီးနေခဲ့သည်။

သားအနာဂတ်ကို ဆွေးနွေးမှ လက်ခံလာရ၏။

သျှင်နေမင်းက မိမိသား ...

သမီးလေး နွေညလေးက မိမိနောက်ထပ် လက်ထပ်လိုက်သော မိန်းမကပါတဲ့ သမီး။

ဒါပေမဲ့ ...

သမီးလေးကို မိမိအလွန်အမင်းချစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂရုစိုက်ခဲ့၏။

မိမိသားကိုယ်စား သမီးလေးအပေါ် ချစ်ခင်ယုယစွာ ကျွေးမွေးစောင့်ရှောက်ထားမိသည်။

သမီးလေးမှာ မိခင်မရှိတော့တာပင် အားမငယ်စေရန် အဆတိုး၍ ချစ်ခင်ယုယခဲ့၏။

သမီးအရင်း မဟုတ်။

မယားပါသမီးလေး ...

မိမိစိတ်ထဲမှာ သမီးလေးအရင်းပမာ ချစ်ခင်ယုယခဲ့သည်။

အခု ...

သားကို တွေ့ပြီ ... ။

ဆင်းရဲနွမ်းပါးစွာ နေထိုင်ခဲ့ရသော သားကိုတွေ့လိုက်ရတဲ့အချိန်တွင် မိမိအတော်လေး စိတ်မကောင်းဖြစ်ရသည်။

မိမိတာဝန်မဲ့တာ မဟုတ် ...

မိဘတွေ ဖွတ်အတင်းခွဲခဲ့တဲ့အပြင် စံပယ်ကပါ စိတ်နာပြီးရှောင်ပုန်းနေခဲ့သည်။

"စံပယ် ..."

"ဟင် ..."

"သားနဲ့ သမီးကို လက်ထပ်ပေးချင်ကယ်"

မိမိရွေးချယ်ထားခဲ့တဲ့ သားမက်က မိမိသား သျှင်နေမင်းပဲ ... ။

"ကျွန်မ စိတ်တွေ ပူလောင်သောကများလွန်းလို့ သားလေးကို သျှင်နေမင်းလို့ပဲ မှည့်ထားခဲ့တယ် ..."

သမီးကြောင့် သားကို မိမိသားအရင်ပါဟု မပြောချင်ပေ။





ထို့ကြောင့်ပင် ...

ချစ်သူရှိသွားမှာ စိုးရိမ်၍ သမီးကိုတားမြစ်နေခြင်းပင်။

ပြီးတော့ ...

မောင်ဇွဲနိုင်ကိုကိုလည်း သဘောမကျမိဖြစ်နေရသည်။

သမီးကို အနိုင်ကျင့်လွန်းသည်ဟု ထင်မိ၏။

အတ္တကြီးပြီး မာနကြီးသည်။

သမီးလေး အရင်းထက်ပင် နွေညလေးကို ချစ်မြတ်နိုးခဲ့သည်။

သားကိုပင် အသိမပေးသေး။

သမီးလေး နွေညလေးနှင့်သားကို နီးစပ်စေချင်၍ အတူထားခြင်းဖြစ်သည်။

သားကို မိမိသားအရင်းဟုပြောလိုက်လျှင် သမီးကို သမီးအရင်းမဟုတ်ဟု ပြောရမည်။

မပြောချင် ... ။

သမီးလေးကို သမီးအရင်းမဟုတ်ပါဟု မပြောချင်ပေ။

"ကိုစစ်နိုင် ..."

"စံပယ် ..."

"ကျွန်မတို့နှစ်ယောက် ဒီလိုနေလို့ မဖြစ်သေးဘူးထင်တယ်၊ ပတ်ဝန်းကျင်မှာ မသင့်မတော်ဖြစ်မယ် ..."

ဒေါ်စံပယ်ကတော့ ကိုစစ်နိုင်နှင့် ပတ်သက်တာ သားအတွက်ဘဲဖြစ်သည်။

သားရှေ့ရေးအတွက် ...



www.burmeseclassic.com

www.burmeseclassic.com



"စံပယ် ..."

"ဟင် ..."

"ကိုယ်တို့နှစ်ယောက် အတိအလင်း လက်ထပ်ကြရအောင်နော် ..."

"မဖြစ်ဘူး ... မဖြစ်ဘူး ... ကျွန်မ ရှင်နဲ့လုံးဝမပတ်သက်ချင်ဘူး ... အခုတောင် ကျွန်မသားရှေ့ရေးအတွက် ရှင်နဲ့ပတ်သက်တာနော် ..."

ဒေါ်စံပယ်သည် မာနကြီးသောမိန်းမတစ်ယောက်သာဖြစ်သည်။

ကိုစစ်နိုင်နှင့် လက်ထပ်ပြီး အလွန်အနှိမ်ခံခဲ့ရတဲ့ ဘဝဖြစ်ခဲ့ရ၏။

မတူမတန်ဘူးဆိုပြီး သူမအား မောင်းထုတ်သည်။

သားတစ်ယောက်နှင့် ဒုက္ခအခက်အခဲတွေ ရောက်ခဲ့ရ၏။

ကြိုးစားသည်။

ဘဝကို ရုန်းကန်ခဲ့၏။

"ကိုစစ်နိုင် ..."

"ဟင် ..."

"ကျွန်မဆီကို ခဏခဏ မလာပါနဲ့"

"ကိုယ်တို့က ..."

"တစ်ချိန်က ဘာပဲဖြစ်ဖြစ် ကျွန်မနဲ့ ဘာမှမဆိုင်ဘူး ... ရှင်ငွေကြေးဥစ္စာတွေကို မက်တဲ့မိန်းမလည်း အဖြစ်မခံနိုင်ဘူး ... ရှင်မလာပါနဲ့ ..."





ကိုစစ်နိုင်ရောက်လာတာမျိုး စံပယ် လက်မခံနိုင်ပေ။

ရှက်သည်။

သားတွေ့သွားရင်လည်း မိမိကို တစ်မျိုးထင်တော့မည်။

"ကိုယ်တို့ ပွင့်ပွင့်လင်းလင်းပဲ ပတ်ဝန်းကျင်ကိုကြေညာလိုက်မလား စံပယ် ..."

"ရှင့်သမီးလေးအတွက် ရှိသေးတာပဲ ... သူတို့နှစ်ယောက်ရင်းနှီးသွားမှ ကြေညာတာကောင်းပါတယ် ..."

"ကိုယ့်သမီးလေးကို စိတ်အားမငယ်စေချင်ဘူး ... သားကိုလည်း ဒရိုင်ဘာတစ်ယောက်အဖြစ်ထားမှ သမီးနဲ့နီးစပ်မှာ လုပ်ငန်းတွေကို ဦးစီးဖို့ကလည်း သားကလေ့လာရဦးမယ် ... ကိုယ် သင်ပေးမယ်လေ ..."

"ကျွန်မသားလေး ဘဝတစ်လျှောက်လုံး စိတ်ဒုက္ခရောက်လာတာ ... ဆင်းရဲပင်ပန်းလာရတာ ... ကျွန်မသနားတယ် ... ပညာလည်း ကောင်းကောင်း မသင်ရဘူး ..."

"ကိုယ်နဲ့တွေ့ပြီပဲ ... အားလုံး ကိုယ့်တာဝန်ထားပါနော်စံပယ် ..."

"ကျွန်မ စိတ်အေးပါပြီ ... သားလေး နောင်ရေးအတွက်ပါပဲ"

"စံပယ် ..."

"ဟင် ..."

"ကိုယ့်ကိုခွင့်လွှတ်ပါကွာ ... သားနဲ့ သမီးလက်ထပ်ပေးပြီးရင် ကိုယ်တို့နှစ်ယောက်လည်း အတူနေရအောင် ..."

"အို ... စံပယ် မစဉ်းစားသေးပါဘူး ... ကျွန်မသားအတွက်ပဲ စဉ်းစားမယ် ... ကျွန်မ အသက်ကြီးပြီ ... ရှင့်စည်းစိမ်ဥစ္စာတွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း မမက်ဘူး ... ကျွန်မသားလေး ရှေ့ရေးအတွက်ပဲ ရှင်တာဝန်ယူပါ ... ”

“ကိုယ့်သားအရင်ပဲ ကိုယ်ချမ်းသာသမျှ စည်းစိမ်ဥစ္စာတွေ သားရမှာပဲဟာ ... ”

သမီးလေးနှင့် နီးစပ်ဖို့အတွက် မိမိကြိုးစားနေသည်။

စံပယ့်ကိုလည်း မိမိရဲ့စည်းစိမ်ဥစ္စာတွေကို ခံစားစေချင်မိ၏။

မာနကြီးတဲ့ စံပယ်ကတော့ ငြင်းဆန်နေဆဲပင်ဖြစ်သည်။

အခန်း ( ၉ )

“ဒရိုင်ဘာ ... ”

“ဗျာ ... ”

“ကျွန်မ ဒီနေ့သွားစရာရှိတယ် ... အချိန်က အတိအကျပြောလို့ မရဘူး ... ရှင် ထမင်းချိုင့်ထည့်ခဲ့ပါ ... ”

“ဟုတ်ကဲ့ ... ”

ဟုတ်တယ်လေ ...

တော်ကြာ ထမင်းမစားရလို့ ဖြစ်နေဦးမယ် ...

ဒက်ဒီခန့်ထားတဲ့ ဒရိုင်ဘာက နည်းနည်းတော့ ကြီးကျယ်ခန့်ညားနေသည်ထင်သည်။

ဒက်ဒီက ဒရိုင်ဘာကိုပဲ အားကိုးတကြီးဖြစ်နေရသည်။

ညလေး ဘာပဲလုပ်လုပ် မချွင်းမချန် ဒက်ဒီ့ဆီ အစီရင်ခံစာတင်သွင်းနေ၏။

ဘယ်လောက် မုန်းစရာကောင်းလဲ ...

ဒရိုင်ဘာကိုမှာပြီး သူမ အထဲပြန်ဝင်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မမလေး ..."

"ဟင် ..."

အိမ်ဖော်မလေး မတင်လှက သူမအနားရောက်လာသည်။ ငယ်စဉ်လေးထဲက ဒီမှာကြီးပြင်းလာသော မိန်းကလေးဖြစ်သည်။

သူမရဲ့ ဆန္ဒတွေကို မတင်လှက အားလုံးလုပ်ကိုင် ဆောင်ရွက် ပေးပါသည်။

"မမလေးကြည့်ရတာ အရင်ကနဲ့မတူဘူး ... စိတ်ညစ်နေသလိုပဲနော် ..."

"ဟုတ်တယ် ... မတင်လှ ဒီဒရိုင်ဘာကြောင့်လေ ..."

"ဒရိုင်ဘာက ဘာဖြစ်လို့လဲ ..."

"မမလေးလုပ်သမျှတွေကို မျက်စိဒေါက်ထောက်ကြည့်ပြီး ဒက်ဒီ့ဆီ အစီရင်ခံစာတင်နေတယ်လေ ..."

အဲဒီကိစ္စကို ညလေး လုံးဝမကျေမနပ်ဖြစ်နေဆဲပင်ဖြစ်သည်။

"မမလေး ..."

"ဘာလဲ ..."

"ဒရိုင်ဘာဆိုပေမယ့် ချောတယ်နော် ..."

"တော်စမ်းပါ ... ယောကျ်ားတန်မဲ့နဲ့ မမလေးကိုလိုက်ကြည့်ပြီး အသေးစိတ် ဒက်ဒီကိုတိုင်ပြောနေတာ ... ဘယ်လောက် စိတ်ဓာတ် အောက်တန်းကျလဲ ..."

ခွဲကိုတော့ ညလေး ဘယ်လိုမှ တင်းမာပြတ်တောက်စွာ





...ဆက်ဆံ၍ မဖြစ်ပေ။

ညလေးရဲ့ နှလုံးသားထဲမှာ ခွဲရှိနေသည်။

သေသေချာချာ ပြန်တွေးကြည့်တော့ ခွဲကို ညလေး ချစ်နေ...။

အဖြေက ရှိနေပြီးသား ...။

ခွဲကိုငြင်းပယ်လိုက်ဖို့ ညလေးမှာ အင်အားမဲ့နေရသည်။

"ကိုယ်က မင်းစဉ်းစားပြီးမှ ဆုံးဖြတ်ရမယ့် ယောကျ်ား ...ယောက်လား ညလေး ..."

ခွဲကပြောခဲ့သည်။ ဒက်ဒီ့ကြောင့်ပါ ...

ခွဲက သမီးလေးအပေါ် ဘဝတစ်လျှောက်လုံး အနိုင်ကျင့် ...ကျသွားမှာတဲ့ ...။

"ဒက်ဒီ လုံးဝသဘောမတူနိုင်ဘူး ... မိတ်ဆွေအဆင့်ကို ...ဒီခွင့်ပြုနိုင်ပေမယ့် ချစ်သူတွေအဖြစ်တော့ ဒက်ဒီလုံးဝ ခွင့်မပြု ...ဘူးနော် သမီး ..."

ဒက်ဒီ့ဘက်က ကြိုတင်၍ တားမြစ်ပိတ်ပင်ထားပြီးသား ...နေသည်။

သမီးကို တစ်သက်လုံး လွတ်လပ်စွာနေလာခဲ့ပြီး ဘာဖြစ်လို့ ...းမြစ်နေရတာလဲ။

ပြီးတော့ ...

ခွဲက ပြည့်စုံနေတဲ့သူ ...

ဂုဏ်ဒြပ်တွေနှင့် ပြည့်စုံနေတဲ့အပြင် တစ်ဦးတည်းသော ...း ...

ခွဲ ...



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကျအနိုင်ကျင့်တာကတော့ သူမငယ်စဉ်ကတည်းကပင် ဖြစ်သည်။ ဘာထူးဆန်းလို့လဲ ...

"မမလေး ..."

"ဟင် ..."

"ဘာတွေ စဉ်းစားနေတာလဲဟင် ..."

"ဒက်ဒီအကြောင်းတွေပါ ..."

"လူဆိုတာ ငွေမက်တယ် ... မမလေးရဲ့ ... ဟိုဒရိုင်ဘာကို မမလေး ငွေပေးပြီး စည်းရုံးထားပါလား ..."

ငွေပေးရမယ် ... အကျင့်ပါတယ် ...

ဒီဒရိုင်ဘာနဲ့တော့ နည်းနည်းလေးမှ စကားမပြောချင်ပေ။

ဒက်ဒီအရေးပေးလွန်းနေတော့ ဒီဒရိုင်ဘာက ရောင့်တက်နေတာ ...

"မမလေးက ဒီဒရိုင်ဘာနဲ့ မပြောချင်ဘူး ... ဒက်ဒီက ဒီလောက်မြှောက်စားနေမှတော့ ဒီဒရိုင်ဘာကို ငွေပေးလို့လည်း မရပါဘူး ..."

"မမလေး ..."

"ဟင် ..."

"ဒရိုင်ဘာရော ဟုတ်ရဲ့လား ..."

"ဘာ ..."

"တော်ကြာ ... မမလေးရဲ့ ဖူးစာရှင်ဖြစ်နေဦးမယ်"

"ဘာ ..."

သူမ ...

ဒေါသတကြီး အော်ပစ်လိုက်မိသည်။





မိတင်လှမို့လို့ ...

ငယ်ငယ်လေးတည်းက အတူကြီးပြင်းလာတဲ့ ပြောရဲဆိုရဲ ဖြစ်နေသည်။

"နင်နော် ... ငါခေါက်လိုက်လို့ ခေါင်းပေါက်သွားတော့မယ်"

"အဟိ ... သူက ဒရိုင်ဘာနဲ့မှ မတူတာဘဲ မမလေး ... မင်းသားကျနေတာပဲ ... ဘာဘကြီးက ဒီလောက်မြှောက်စားထားတာပဲဟာ ..."

ဟုတ်တယ် ...

ဘယ်လို ဒရိုင်ဘာလဲ ...

ဘော်ဒီဂတ်တဲ့ ...

ဟွန်း ... ဒီလူ ဘယ်လိုလူလဲ ...

"သူက အချစ်ဆိုတာကို နားမလည်ဘူးတဲ့ ... မိတင်လှ ဒင်း အချစ်တွေသိလာအောင် နင်လုပ်ပါလား ..."

မိတင်လှက ရုပ်ဆိုးမလေး ...

ညလေးကတော့ ဒီဒရိုင်ဘာနဲ့ သွားလာနေရတာ လုံးဝ မလွတ်လပ်ပေ။

ဒီနေ့ ...

အလုပ်ကိစ္စတွေရှိသည်။

"မမလေး သွားတော့မယ် ..."

"ဟုတ် ... ဟုတ်ကဲ့ ..."

"ဒရိုင်ဘာစားဖို့ ထမင်းချိုင့်ထည့်ပေးလိုက်ဦးနော်..."



www.burmeseclassic.com

www.burmeseclassic.com



အရေး ဆို သူက တစ်မှောင့် ... သူ့အတွက် မမလေးခေါင်းထဲမှာ ဘာမှ ထည့်မပေးနိုင်ပါဘူး ... ”

အိတ်ကို ကောက်ယူလိုက်သည်။

“မမလေးက အရမ်းလှတာပဲ ... ”

“တော်ပြီ ... ”

“တကယ်ပါ ... မြင်သူတကာငေးလောက်အောင် ချောတာ အဝတ်အစားဝတ်တာလည်း စတိုင်လ်အရမ်းကျတာပဲ ... ”

“ကောင်မလေးနော် သိပ်မဖားနဲ့ ... နင့်အတွက် အကျီစ တွေ ငါဝယ်လာပေးမယ် ... ”

သူမ ထွက်လာခဲ့သည်။

ဖွဲ့ ... စိတ်ညစ်တယ် ...

ကျွန်မနဲ့ ဖွဲ့ကြားမှာ ဘာလို့များ အကာအရံတွေ အတားအဆီးတွေ အခုမှရှိနေရတာလဲကွာ ... ။

ညလေးဆီမှာ အဖြေရှိတယ် ဖွဲ့ ...

ရှင့်ကို ချစ်တယ် ...

ရင်ထဲမှာ နွေးထွေးသွားရသည်။

“သမီး ချစ်သူလုံးဝမထားရဘူး ... အထူးသဖြင့် ဖွဲ့ကို ဒက်ဒီ လုံးဝ သဘောမကျဘူးနော် ... ”

ဟွန်း ...

နှုတ်ခမ်းလေး စူချင်သွားသည်။

ကားထဲကို ခပ်ဆောင့်ဆောင့်လေး ဝင်ထိုင်ပစ်လိုက်သည်။

“တူ ... တူ ... ”





“တူ ... တူ ... ”

“ဟင် ... ”

သူမ ဟန်းဖုန်းကို ဖွင့်ကြည့်လိုက်တော့ ဖွဲ့ ဖြစ်နေသည်။ ဖွဲ့ ဖုန်းနံပါတ်ပေါ်နေ၏။

“ဖွဲ့ ... ”

“နွေညလေး ... ”

ဖွဲ့အသံက မာနေသည်။

သူမအား မကျေမနပ်ဖြစ်နေတဲ့ အခါမျိုးတွေ လေသံမာမာဖြင့် နွေညလေးဟု ခပ်ဆက်ဆက်ခေါ်တတ်လေ့ရှိသည်။

“ဖွဲ့ ... ”

“တွေ့မလို့ ... ”

“ကျွန်မ အလုပ်တွေ ... ”

“ထားခဲ့ ... ”

ဒုက္ခပါပဲ ...

လုပ်ငန်းရှင်တစ်ယောက်နဲ့က ကျွန်မတွေ့မှဖြစ်မည့် အခြေအနေဖြစ်သည်။

ဒီနေ့ ...

တစ်နေကုန် အလုပ်များမှာပါ ... ။

“မင်း ... ကိုယ့်ကို တမင်သက်သက် ရှောင်နေတာလား”

“မဟုတ်ပါဘူး ဖွဲ့ရယ် ... ကျွန်မ လုပ်ငန်းရှင်တစ်ယောက်နဲ့ တွေ့ဖို့ တစ်ဦးချင်းချိန်းထားတယ်လေ ... မတွေ့လို့ မဖြစ်ဘူး”

“ဖြစ်ဖြစ် ... မဖြစ်ဖြစ်ကွာ ... ကိုယ်တော့ တွေ့မှဖြစ်မယ် အရမ်းဒေါကန်နေတယ် ... အလုပ်ထဲမှာတောင် စိတ်ဝင်စားလို့



www.burmeseclassic.com

www.burmeseclassic.com



မရှားဘူး ဖြစ်နေတယ် ... "

"ဟင် ... "

"ခဏတွေ့မယ် ... "

"ရတယ် ... "

"ကိုယ့်ရုံးခန်းကို ညလေးလာခဲ့ ... "

ညလေးကတွေ့မယ်ဆို၍ ဖွဲ့လေသံတွေက နည်းနည်းပျော့သွားသည်။

"ဖွဲ့ ... "

"ပြော ... "

"ခဏနော် ... "

ဖွဲ့က ဖုန်းပိတ်သွားသည်။

ညလေးအကြည့်တွေက ဒရိုင်ဘာဆီရောက်သွားရ၏။

"ဒီမှာ ... "

"ပြော ... "

"ကျွန်မ ဖွဲ့ကို ခဏလေးသွားတွေ့မယ် ... ဘာပဲဖြစ်ဖြစ် ဖွဲ့နဲ့ကျွန်မ ငယ်သူငယ်ချင်းတွေဖြစ်နေလို့ပါ ... အဲဒါကို ... ရှင် နည်းနည်း နားလည်ပေးပါလား ... "

"ကျုပ်ကို နားလည်ပေးဖို့ ပြောမယ့်အစား ခင်ဗျားအဖေဆီ ဖုန်းဆက်ပြီး နားလည်ပေးဖို့ ခွင့်တောင်းပါလား ... "

"မရလို့ပေါ့ရှင် ... "

ဘယ်လောက် လူ့ပွစာလဲဆိုတာ ...

ဒက်ဒီက ဘယ်လိုနည်းနှင့်မှ ခွင့်ပြုမှာ မဟုတ်တာသေချာသည်။





ဖွဲ့နှင့် မိတ်ဆွေအဆင့် တွေ့ဆုံခွင့်ပင် ပိတ်ပင်ထား၏။

"ဖွဲ့ကို ကျွန်မတွေ့ရမှာပဲ ... ရှင်က ကူညီတဲ့အတွက် ... ရော့"

ပိုက်ဆံအိတ်ကိုဖွင့်ပြီး တစ်ထောင်တန် တစ်ထပ်ပေးမိသည်။

မိတင်လှ ကပြောတယ် ... ။

ဒရိုင်ဘာကို ငွေပေးပြီး မမလေး စည်းရုံးထားပါလားတဲ့။

အရှိန်နှင့် မောင်းနေသော ကားလေးက လမ်းမဘေးမှာ ထိုးရပ်သွားသည်။

"အမိ ဒါဘာလုပ်တာလဲ ... ကျုပ်ရဲ့ ကိုယ်ကျင့်တရားကို စော်ကားတာလား ... "

သျှင်နေမင်း ဒေါသတကြီးနှင့် နွေညလေးကို ကြည့်မိသည်။

"ကျုပ် တာဝန်တစ်ခု ထမ်းဆောင်နေတာ ... အမိ အဖေ တာဝန်ပေးထားတဲ့အတိုင်း ကျုပ်လုပ်ရမှာပဲ ... နောင်အခါ ငွေပေးတာတွေ ဆွေးနွေးတာတွေ ... ဘာမှ မလုပ်နဲ့အမိ ... "

"ရှင်က ကြီးကျယ်နေလိုက်တာ ... ဒက်ဒီက ဘယ်လောက်ပေးထားလို့ ရှင့်မှာ ဘာအကျိုးအမြတ်တွေ ရှိနေလဲ ... "

ရှင့်မှာ အကျိုးအမြတ်မရှိဘဲနဲ့ ဒက်ဒီ့အပေါ် ဒီလောက်အထိ သစ္စာရှိနေမလား ... ။

တာဝန်တွေ ကျေနေလိုက်တာ ...

"အင်းလေ ... ဒက်ဒီက ကျွန်မထက်ပိုပြီး အကျိုးအမြတ် ပေးနိုင်တာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"အမိ ..."

"ရှင် ... ကားပဲဆက်မောင်းပါ ... ကျွန်မ ဖွဲ့နဲ့ ခဏတွေ့ မယ် ... ရှင် ဒက်ဒီ့ဆီ ဖုန်းဆက်ပြီးပြောပါ ..."

ဖွဲ့ကိုတော့ သူတွေ့ချင်တဲ့ ဆန္ဒတွေ ရှိနေခဲ့သည်။

မတွေ့လို့ မဖြစ်ဘူး ... ။

ဖွဲ့မှာ ဘာအပြစ်ရှိလို့လဲ ...

ညလေးကို ချစ်တယ်ဆိုတာတောင် ညလေးက ဝမ်းသာ ဂုဏ်ယူရဦးမှာ ...

မိန်းကလေးတစ်ယောက်အတွက် အကြီးမားဆုံး ဆုလာ ကြီးပဲ မဟုတ်လား ... ။

ဖွဲ့နှင့် သူမသည် ငယ်ငယ်လေးကတည်းက သံယောဇဉ် ကြီးမားစွာ ငြိတွယ်လာခဲ့ကြသူတွေ ဖြစ်နေသည်။

ဒက်ဒီ နားလည်သင့်တယ် ... ။

မထူးတော့ ...

သူမ ဖွဲ့ကိုပဲ ဝင်တွေ့ဖို့ ဆုံးဖြတ်လိုက်မိသည်။

ဒရိုင်ဘာကတော့ ဒက်ဒီ့ဆီ မျက်နှာလိုမျက်နှာရ တိုင်မှာပဲ။

တိုင်ပါစေ ... ညလေး ကလေးမှ မဟုတ်တော့တာ။

ဖွဲ့ ရုံးခန်းထဲမှာ ရိုးရိုးသားသားတွေ့ကြတာပဲ မဟုတ်လား။

ညလေး ကားပေါ်မှဆင်းလိုက်သည်။

ဒရိုင်ဘာကို လှည့်မကြည့်တော့ဘဲ ဖွဲ့ကုမ္ပဏီထဲဝင်လာခဲ့၏။

အေးစက်နေတဲ့ ဖွဲ့အခန်းမှာ ကျွန်မချွေးပျံနေသည်။

ဖွဲ့နှင့် နှစ်ယောက်တည်း ...





ညလေးအတွက် ဖွဲ့နှင့် နှစ်ယောက်တည်း နေထိုင်သွားလာ ရတာ မဆန်းပေ။

ဒါပေမယ့် ...

"နွေညလေး ..."

"ဟင် ..."

"မင်း ... စဉ်းစားပြီးပြီလား ..."

"ဟင် ..."

သူ ...

ထလာသည်။

သူမရဲ့ ပခုံးတွေကို ဆုပ်ကိုင်ဖျစ်ညှစ်လိုက်၏။

"ဖွဲ့ ..."

သူမ အထိတ်တလန့်နှင့် ဖွဲ့လက်တွေကို ဖယ်ရှားဖို့ကြိုးစား လိုက်မိသည်။

"ညလေး ... ဘာဖြစ်နေတာလဲ ... ဘာဖြစ်လို့ ဒီလောက် အထိ တုန်လှုပ်နေတာလဲ ..."

"ဟို ... ဟို ... ညလေး ဖွဲ့ကို ခဏလာတွေ့တာပါ ... လုပ်ငန်းရှင် တစ်ယောက်နဲ့ တွေ့စရာရှိသေးတယ် ..."

"ကိုယ့်ကို ဒါတွေလာမပြောနဲ့ ... မင်းဘက်က ကိုယ့်ကို ငြင်းမှာလား ညလေး ..."

ဖွဲ့ မျက်ဝန်းအကြည့်တွေကို သူမ ထိတ်လန့်တုန်လှုပ်စွာ ရင်ဆိုင်လိုက်ရသည်။

ညလေးရင်ထဲမှာ အဖြေက အဆင်သင့်ရှိနေပြီးသားဖြစ်နေ၏။ ဖွဲ့ကို ချစ်တယ် ... ။



www.burmeseclassic.com

www.burmeseclassic.com



အဖြေပေးဖို့အတွက် သူမ အတော်လေး တုန်လှုပ်ချောက်ချားသွားရသည်။

ဒက်ဒီ့စကားတွေကို ညလေး ဆန့်ကျင်ရတော့မှာလား။

"ညလေး ..."

"ဟင် ..."

"ဖွဲ့ကို ချစ်တယ် မဟုတ်လား ..."

"ဖွဲ့ ..."

"မင်းမျက်ဝန်းတွေက ကိုယ့်ကိုချစ်တယ်လို့ အဖြေပေးနေပါတယ်ကွာ ... နော်"

နွေညလေး ... မင်း ကိုယ့်ကို ချစ်ပါတယ်။

ကိုယ့်ဂုဏ်သိက္ခာအတွက် မင်းအချစ်တွေကို ရအောင်ယူရမယ် ... ။

ဖွဲ့နိုင်ကို ဒေါသဖြစ်နေမိတော့သည်။

အခန်း ( ၁၀ )

ဖွဲ့ကို အဖြေပေးဖို့ သူမ တွန့်ဆုတ်နေပေမယ့် ဖွဲ့ကတော့ သူမထံမှ အဖြေကိုရအောင် ယူသွားခဲ့သည်။

"ညလေး ..."

"ဟင် ..."

"မောင့်ကို ချစ်တယ် မဟုတ်လား ..."

ဘုရားရေ ...

မောင်တဲ့ ...

သူမ ... ငြိမ်သက်နေမိသည်။

ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းလား။

ညလေး ...

ဖွဲ့ကို ချစ်နေမိပြီလား ...

ငြင်းဆန်လိုက်ရမှာကိုပင် ညလေးမှာ အင်အားမဲ့နေသည်။

"မောင့်မှာ ကောင်မလေးတွေ ဘယ်လောက်များလည်းဆိုတာ ညလေးသိပါတယ် ..."



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့စကားကြောင့် ညလေးစိတ်ပူသွားရသည်။

ညလေးကို ဖွဲ့ချစ်တယ်ဆိုတာ ရင်ထဲကဖြစ်တည်တဲ့ စစ်မှန်သော ချစ်ခြင်းမေတ္တာတွေမှ ဟုတ်ရဲ့လားလို့ တွေးမိသွားသည်။

"ညလေး ပြန်တော့မယ် ..."

"နေဦး ..."

"အခန်းထဲမှာ နှစ်ယောက်တည်းနေတာ မသင့်တော်ပါဘူး ဖွဲ့ ..."

ကျွန်မ ...

ပြန်ချင်နေပြီ ...

ဒက်ဒီ့ဆီကို ဟိုဒရိုင်ဘာ သတင်းပို့မှာတော့ သေချာသည်။

ပြန်သင့်နေပြီပဲ ...

လုပ်ငန်းရှင်တွေနဲ့ တစ်ယောက်ချင်းတွေ့ဖို့လည်း ရှိနေသည်။

"ညလေး ..."

"ဟင် ..."

"မောင်တို့ လက်ထပ်ကြမယ် ..."

"ဟို ... ဟို ..."

"ဘာဟိုလဲ ..."

"ညလေးတို့ လက်ထပ်တာကို အလွယ်တကူ မဆုံးဖြတ်သင့်ဘူး ..."

"မောင်နဲ့ ညလေးက ပြည့်စုံနေပြီပဲ ... ဘာတွေများ စဉ်းစားနေဖို့ လိုသေးလဲ ညလေး ..."





"ဒက်ဒီက ..."

"မောင့်မိဘတွေက မောင့်ကိုဘယ်လောက်ချစ်ပြီး မျှော်လင့်ချက်တွေ ကြီးမားကြတယ်ဆိုတာ ... မင်းသိပါတယ် ညလေး ..."

ဖွဲ့ ...

အမြဲတမ်း ...

ညလေးကို အပေါ်စီးကနေ မာန်မာနတွေနှင့် စကားပြောတတ်သည်။

ဖွဲ့အကျင့်တွေပဲ ...။

"မောင့်လိုလူတစ်ယောက်က တောင်းဆိုနေတာကို မင်း ဒက်ဒီက ငြင်းမလား ..."

ဖွဲ့လို ဘဝင်မြင့်လွန်းပြီး မာန်မာနကြီးမားတာတွေကို ဒက်ဒီက မကြိုက် ...။

ညလေး ဘယ်လိုပြောရမလဲ ...။

ဖွဲ့ မျက်ဝန်းတွေထဲမှာ ကိုယ့်ကိုယ်ကို ယုံကြည်မှုတွေပဲ ရှိနေသည်။

တခြားသူတွေကိုလည်း အထင်မကြီးတတ်။

ညလေးလို မိန်းကလေးတစ်ယောက်ကိုပင် သူ့အတွက် လိုက်လျောနေစေရမည်။

ငြင်းဆန်တာတွေ ခက်ခဲနေတာတွေ မရှိစေရ။

အမြဲတမ်း အဆင်သင့်ရှိစေရမည်။

လွယ်ကူနေစေရမည်။

အရာအားလုံး ဖွဲ့အတွက် အခက်မခဲမရှိစေရ။



www.burmeseclassic.com

www.burmeseclassic.com



ညလေးမှာ ဒက်ဒီပဲရှိတာ ...

ဒက်ဒီ့စကားတွေကို ညလေး ဆန့်ကျင်လိုက်မိပြီလား။

ဖွဲ့ကို ချစ်တယ်လို့ မပြောမိ ... ။

သူလိုချင်တဲ့ အဖြေကို သူ့ဟာသူ ယူဆောင်သွားခဲ့ပြီ ... လက်ထပ်ဖို့အထိ ပြောနေသည်။

"ကျွန်မ သွားတော့မယ် ... "

"နေဦး ... "

"ဖွဲ့ရယ် ... "

ဖွဲ့သည် သူမကို နားလည်မှု မပေးနိုင်ဘဲ ဖြစ်နေရသည်။

ညလေး ဘယ်လိုပြောရမလဲ ... ။

ဖွဲ့နှင့် ပတ်သက်လာလျှင် ညလေးအမြဲတမ်း မဝံ့မရဲနှင့် ဖြစ်နေခဲ့သည်။

တောင်းဆိုမှုတွေ ဘာတွေ မရှိခဲ့။

လိုက်လျောမှုတွေပဲရှိခဲ့သည်။

လောလောဆယ် ...

ညလေးရင်ထဲမှာ ပူလောင်သောကတွေနှင့် မအေးချမ်းနိုင်ပေ။

ချိန်းထားဟာတွေရှိသည်။

အခုလောက်ဆို ...

ဒရိုင်ဘာ ဒက်ဒီ့ကို အစီရင်ခံစာပို့လိုက်ရောပေါ့ ... ။

ညလေး ဘယ်လိုဖြေရှင်းရမလဲ ... ။

စိတ်တွေ ပူနေပြီ။

"ညလေး ဘဝမှာ မောင်ကလွဲပြီး ဘာမှအရေးမကြီးစေရ





ဘူး ... "

ညလေးကို ဖွဲ့မှ မပိုင်သေးတာ။

စည်းမျဉ်းစည်းကမ်းတွေ ထုတ်နေသည်။

"မောင်က မောင့်ကိုအရေးပေး ဂရုစိုက်တာမျိုးပဲ သဘောကျတယ် ... "

ဒုက္ခပါပဲ ...

ကျွန်မ အလုပ်ကိစ္စတွေအတွက် အချိန်တွေ လွန်တော့မယ်။

ဖွဲ့နှင့် နှစ်ယောက်တည်း နေရတာမျိုးလည်း ကျွန်မ ရှက်ကြောက်နေမိသည်။

ဘာမှ အပူအပင်မရှိသလို ညလေးအခက်အခဲတွေကိုလည်း ဖွဲ့က ထည့်ပြီး စဉ်းစားထားပုံမရပေ။

"မောင့် မိန်းမကို စီးပွားရေးလုပ်ငန်းတွေလုပ်တာမျိုး မောင်နဲ့ ပခုံးချင်းယှဉ်တာမျိုး မကြိုက်ဘူး ... "

သူမ ... ကျောက်ရုပ်တစ်ရုပ်လို ထိုင်နေမိသည်။

ဖွဲ့ကို မော့ကြည့်မိ၏။

သူမရင်ထဲမှာ မီးတောက်နေသော သူမ မျက်ဝန်းတွေထဲမှာ ရှိနေသည်။

ချိန်းထားတဲ့ လုပ်ငန်းရှင်တွေ ...

ပြီးတော့ ...

ဒရိုင်ဘာက ဒက်ဒီ့ထံ အစီရင်ခံနေတော့မှာတွေ ... ။

"မောင့်မိန်းမက အလုပ်လုပ်စရာမှ မလိုတာဘဲ ... မောင့်တာဝန် ဝတ္တရားတွေပဲ ညလေးလုပ်ရမယ် ... "



www.burmeseclassic.com

www.burmeseclassic.com



ညလေး သွားချင်နေသည်။

ဖွဲ့ ဒေါသတွေကို သိ၍ ညလေး ဖြစ်ချင်နေတာတွေကို ဖွင့်မပြောမိ။

"တူ ... တူ ..."

"တူ ... တူ ..."

"ဟော ..."

သူမ ဟန်းဖုန်းမြည်လာ၍ ညလေးထိတ်လန့်သွားရသည်။

ဖွင့်ကြည့်လိုက်တော့ ဒက်ဒီ ...

"ဒက်ဒီ ..."

"သမီး ... တော်သင့်ပြီ ... ဟိုမှာ လုပ်ငန်းရှင်တွေ စောင့်နေတယ် ... သမီးလေးစားသင့်တယ်လို့ ဒက်ဒီထင်တယ် ..."

ဒက်ဒီ ဆက်မပြောတော့ပေ။

ထင်တဲ့အတိုင်းပဲ ဒရိုင်ဘာက ဒက်ဒီ့ကို အကြောင်းကြားလိုက်ပြီ။

တော်တော် သစ္စာမရှိတဲ့ လူပဲ ...

မုန်းလိုက်တာ ...

ဒက်ဒီ့လေသံတွေက တင်းမာသယောင်ဖြစ်နေသည်။

ညလေးကို ဒက်ဒီဘယ်တော့မှ လေသံမာမာဖြင့် ပြောဆိုဆက်ဆံခြင်း မရှိခဲ့ ...။

ဒီဒရိုင်ဘာကြောင့် ...

"ဒက်ဒီက ခေါ်နေတာဓွဲ ..."

"ညလေး ..."





"ဟင် ..."

"မောင်လို့ ခေါ်ကွာ ..."

ဒက်ဒီခေါ်နေပြီဆိုကာမှ မောင်ဟု စွတ်အတင်းခေါ်ခိုင်းနေသည်။

"ခေါ်လေ ... မောင်လို့ ..."

ညလေး နှုတ်လမ်းလေးတွေက မောင်ဟုခေါ်ရန် တွန့်ဆုတ်နေမိသည်။

စိတ်တွေပူနေ၏။

ဒက်ဒီ စိတ်ဆိုးနေပြီလား ...။

ညလေးဘဝတွက် ဒက်ဒီ့ကို ဆန့်ကျင်နေထိုင်ခဲ့တာမျိုး မရှိခဲ့။

"ကျွန်မ သွားတော့မယ် ... မောင်"

သူမ ...

ထွက်လာခဲ့သည်။

ကားပေါ်ရောက်တော့ ...

"ဒက်ဒီ့ကို ရှင်ဘာတွေပြောလိုက်လဲ ..."

"ကျုပ် ဘာမှမပြောရသေးဘူး ... အမိ ..."

"ရှင် ... ယောကျ်ားတစ်ယောက်ဖြစ်ပြီး ဘာလို့ မုန်လာဥ ပ်ချင်နေရတာလဲ ..."

"ဗျာ ..."

"ဒက်ဒီ ... ကျွန်မဆီဖုန်းဆက်တယ် ... ရှင်မပြောလို့ ဘယ်သူပြောမလဲ ... ရှင် ဘာလို့ ဒီလောက် အသေးအမွှားလေးတွေက အစ အသေးစိတ် အစီရင်ခံနေရတာလဲ ..."

"ကျုပ် ... မဆက်ဘူး ... အမိ မယုံရင်မေးကြည့် ... ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



လည်း ပထမတော့ ဆက်ဦးမလို့ပဲ ... ဒီလောက်လေးတော့ မပြောတော့ပါဘူးလေလို့ တွေးမိပြီး မပြောဘဲနေတာ ...”

“ရှင် ... ခုထိ လိမ်ညာနေတုန်းပဲ ... ကျွန်မ ဖွဲ့နဲ့ရှိနေတာ ဒက်ဒီ ဘယ်လိုလုပ်သိလဲ ...”

“ဒုက္ခပါပဲဗျာ ...”

“ရှင် ... ယောကျ်ားတစ်ယောက်ဖြစ်ပြီး စိတ်ဓာတ် အောက်တန်းကျတယ် ... အင်းလေ ဒရိုင်ဘာပဲဟာ ...”

“အမိ ...”

“ရှင် ... ကားမောင်းတော့ ...”

သူ ...

ကားကို စက်နှိုးလိုက်သည်။

အန်ကယ့်ကို လုံးဝမပြောခဲ့ပေ။

ရွှဲနိုင်ကိုဟာ ကလေကချေတစ်ယောက် မဟုတ်၍ မိတ်ဆွေ သူငယ်ချင်းထက် ကျော်လွန်လည်း ညလေးအတွက် ဒုက္ခမရောင်နိုင်ဟု သူတွေးမိနေသည်။

အလုပ်ကနေ ထွက်တော့မယ် ...

မိန်းကလေးတစ်ယောက်ရဲ့ အထင်သေးနှိမ့်ချစွာ ဆက်ဆံနေတာကို သူကြာရှည်စွာ လက်ခံနိုင်မှာ မဟုတ် ... ။

ပြီးတော့ ...

ဒီမိန်းကလေးသွားလာ လှုပ်ရှားမှုမှန်သမျှ အစီရင်ခံနေတာလည်း ယောကျ်ားပီသတဲ့ အလုပ်ဟု မထင် ... ။

နွှေညလေး ပြောသလိုပဲ ...

အောက်တန်းကျနေသည်။





တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်တတ်သော သူ့အတွက် ဆိုအလုပ်က ထွက်လိုက်တာ အကောင်းဆုံးဖြစ်၏။

နွှေညလေးကို ကြည့်ရတာ အတော်လေး စိတ်သောကဆောက်နေပုံပင် ... ။

အန်ကယ်သည် သမီးကို သဘောတူထားတဲ့ သူရှိရင်လည်း ပွင့်လင်းစွာ ဖွင့်ပြောသင့်သည်ဟု ထင်မိသည်။

“ဒရိုင်ဘာ ... ကားကို မြန်မြန်မောင်းပါ ... ကျွန်မကို စောင့်နေကြလိမ့်မယ် ...”

သူ ...

ကားကို အရှိန်မြှင့်လိုက်သည်။

နွှေညလေး မျက်နှာလေးက တင်းမာခက်ထန်နေတာ တွေ့ရ၏။

ကျုပ်ကို အရမ်းမုန်းနေမှာပဲ ... ။

“ရှင် အခွင့်အရေးရလို့ တာဝန်တွေ ကျေပွန်နေတာ မဟုတ်ဘူး ...”

နွှေညလေး ပြောတဲ့စကားတွေကို သူကြားယောင်လာမိသည်။

ဘယ်လောက် ဆင်းရဲပါစေ ...

အောက်တန်းကျတဲ့ အလုပ်တွေကို မလုပ်လိုပေ။

ယောကျ်ားတစ်ယောက်ရဲ့ မာန်မာနတွေ သူ့မှာ အပြည့်ရှိသည်။

နွှေညလေးရယ် ...

မင်း အထင်မသေးစမ်းပါနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



အမေ့ကြောင့်ပါ ...

"သား ဒီမှာအလုပ်ကြိုးစားလုပ်ပါ ... သူဌေး ဦးစစ်နိုင်ရဲ့ စကားကို နာခံပါ ... အမေ့သားက လိမ္မာပါတယ် ... သားရေ့ရေး ကို မေမေစိတ်အေးချင်တယ် ... ဘာပဲဖြစ်ဖြစ် ဦးစစ်နိုင်ဟာ သား ကို မြေတောင်မြှောက်ပေးမှာပါ ... သားနဲ့ ဦးစစ်နိုင် အဆင်မပြေ ဘူး ဆိုတဲ့ အသံကို အမေလုံးဝ မကြားချင်ဘူး ..."

အမေ စိတ်ချမ်းသာအောင် ရတဲ့အလုပ်မှာ တာဝန်ကျေ အောင် လုပ်ပေးခဲ့သည်။

ဦးစစ်နိုင်ကလည်း သူတို့သားအမိကို ကြည့်ရှုစောင့်ရှောက် ခဲ့၏။

လိုလေသေးမရှိပေ။

သူ့ကို ဒရိုင်ဘာတစ်ယောက် အဆင့်တက်ကျော်လွန်တာ ချီးမြှင့်ခဲ့သည်။

လူယုံတစ်ယောက်အဖြစ် စိတ်ချထားပြီး အားကိုးနေ၏။

ဒါပေမယ့် ...

နွေညလေးကတော့ မုန်းတီးနေသည်။

ဒေါသဖြစ်နေသည်။

သူ့ကို ယောကျ်ားမပီသသော ယောကျ်ားတစ်ယောက်အ ရွပ်စွဲနေသည်။

"ရှင် အခွင့်အရေးမရဘဲ တာဝန်ကျေပါ့မလား ... ကျွန်မ ဒက်ဒီဆီက ဘာအခွင့်အရေးတွေ ရနေလဲ ..."

သူ ...





ကားစတီယာတိုင်ကို တင်းကျပ်စွာ ဆိုင်ကိုင်ထားမိသည်။

"ဒရိုင်ဘာ ..."

"ဟင် ..."

"ကားကိုလည်း ဂရုစိုက်မောင်းပါဦး ... တော်ကြာ ကား မှောက်ပြီး သေတော့မယ် ..."

သူမကလည်း ဒရိုင်ဘာကိုပဲ အပြစ်တင်နေသည်။

ရင်တွေ ပူလောင်နေ၏။

ဒက်ဒီနှင့် ဘယ်လိုရင်ဆိုင်ရမလဲ။

ဖွဲ့ကို ညလေးချစ်တယ်ဟု မပြောရဲပဲရှိနေခဲ့သည်။

မောင်တဲ့ ...

"ဒက်ဒီကတော့ ဖွဲ့နိုင်ကို့ကို လုံးဝသနဘောမတူဘူးနော် သမီး ... စောစောစီးစီး ကြိုတင်ပြောထားတာပဲ ... သမီး အိမ် ထောင်ဘက်ကို သမီး ဒက်ဒီရွေးချယ်ထားပြီးပြီ ..."

ဘယ်သူလဲ ...

"ဒရိုင်ဘာက ချောတယ်နော် ... မမလေး၊ ကေနဲ့ကတော့ ဘဘကြီးရွေးချယ်ထားတဲ့ သားမက်လောင်းများဖြစ်နေမလား"

သူမစိတ်တွေ တုန်လှုပ်ချောက်ချားလာမိတော့သည်။

"မဖြစ်နိုင်ဘူး ... မဖြစ်နိုင်ဘူး ..."

"မနွေညလေး ... ဘာတွေ အော်နေတာလဲ ..."

"ဟင် ..."

သူမ ...

ရှက်သွားမိသည်။

ဒီဒရိုင်ဘာနဲ့တော့ ဒက်ဒီက သဘောတူမှာ မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



မာမီပြောတော့ သားအမိနှစ်ယောက်တည်းရှိပြီး အရမ်းဆင်းရဲတယ်တဲ့ ... ။

ညလေးက ဖွဲ့ကိုပဲချစ်တာ ... ။

ယယ်ယယ်လေးက သံယောဇဉ်ကြီးမားစွာ မျှော်လင့်ခဲ့ရသောဖွဲ့ ...

အခု ...

မောင် ...

"အမိ ... "

"ဟင် ... "

"ရောက်ပြီ ... "

သူမ ...

ကပျာကယာဆင်းပြီး ရုံးခန်းထဲ အပြေးအလွှားဝင်လာသည်။

လုပ်ငန်းရှင်တွေ စောင့်နေကြ၏။

အားနာလိုက်တာ ...

"ကျွန်မ တောင်းပန်ပါတယ် ... အရေးကြီးတဲ့ ကိစ္စလေးရှိလို့ နောက်ကျသွားတာပါ ... အားနာလိုက်တာ ... "

ကျွန်မ ...

တောင်းပန်စကားတွေကို အထပ်ထပ်ပြောနေမိသည်။

"မောင့်ထက် ဘာမှအရေးမကြီးရဘူး ... ညလေး ... "

ဖွဲ့ပြောတဲ့ စကားတွေကို သူမကြားယောင်လာမိသည်။

"မောင်နဲ့ လက်ထပ်ပြီးရင် ညလေးစီးပွားရေးတွေ မလုပ်ရတော့ဘူး ... မောင့်ရဲ့ အိမ်ရှင်မပဲ လုပ်ရမယ် ... "





ဖွဲ့နှင့် ဆန့်ကျင်ဘက်တွေ လုပ်ရမှာ ... ညလေး တွန့်ဆုတ်နေမိသည်။

အချစ်ကြောင့်လား ...

ဒီနေ့တစ်နေ့လုံး ညလေး အလုပ်လုပ်ရတာ အဆင်မပြေပေ။

အတွေးတွေနှင့် ရှုပ်ထွေးနေသည်။

ဒက်ဒီနှင့် ရင်ဆိုင်ရမည့်အတွက်လည်း စိတ်တွေပူနေရ၏။

ညလေး ဘာပြောရမလဲ ... ။

တစ်သက်လုံး ...

ဒက်ဒီ့စကားတွေကို ပြားဝပ်စွာ နားထောင်လာခဲ့သောသမီးဖြစ်ခဲ့သည်။

ဘယ်လောက်ပဲ အလိုလိုက်ပြီး အခွင့်အရေးတွေပေးပါစေ။ ဒက်ဒီ့ကို စိတ်အနှောင့်အယှက် မဖြစ်အောင် ဘယ်တော့မှ မနေခဲ့။

သမီးမိုက်မဲနေပြီလား ...

စိတ်တွေ တည်ငြိမ်အောင် အတော်လေး ကြိုးစားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၁ )

"ကျွန်တော် ဒီအလုပ်ကို ဆက်မလုပ်ရင်ကောင်းမယ်ထင်ပါတယ် ... အန်ကယ်"

"သမီးကြောင့်လား ... "

"ယောကျ်ားတစ်ယောက်ဖြစ်ပြီး မိန်းကလေးတစ်ယောက် လှုပ်ရှားသမျှ အန်ကယ့်ကိုတိုင်သလိုကြီး ဖြစ်နေတယ် ... ကျွန်တော် မလုပ်ပါရစေနဲ့ ... တခြား မာလီပဲဖြစ်ဖြစ် ခြံစောင့်ပဲဖြစ်ဖြစ် ကျွန်တော်လုပ်ပါရစေ ... "

သား ...

မိမိသား ...

ကံကြမ္မာကြောင့် သားသည် ဆင်းရဲနွမ်းပါးစွာ ဘဝရှင်သန်ခဲ့ရသည်။

မိတကွဲ ဖတကွဲဖြစ်ရ၏။

စံပယ့်ကိုတော့ မိမိချစ်မြတ်နိုးခဲ့သည်။

မိဘတွေကြောင့် ကွဲခဲ့ရတာပါ။





မာနကြီးသော စံပယ်ကလည်း မိမိလုံးဝမဆက်သွယ်ဘဲ နေခဲ့သည်။

သားနှင့် သမီးကို နီးစပ်စေချင်နေ၏။

မိမိသားအဖြစ် အတိအလင်းထုတ်ဖော်လျှင် သမီးလေးအား ငယ်သွားမှာ စိုးရိမ်မိသည်။

သားနှင့်လည်း နီးစပ်စေချင်မိသည်။

ဒရိုင်ဘာ အဆင့်ပေမယ့် သားကို တင့်တယ်အောင် စီစဉ်ပေးထားမိ၏။

"အန်ကယ် ... "

"ဟင် ... "

"ကျွန်တော် ဒီအလုပ်တွေကို မလုပ်ချင်တော့ဘူး ... အန်ကယ် ... ကားမောင်းဆိုရင် မောင်းပေးပါ့မယ် ... ညလေးက ငယ်ငယ်လေးမှ မဟုတ်တော့တာဘဲ ... အန်ကယ် သူ့ဆုံးဖြတ်ချက်နဲ့ သူပဲရှိပါစေတော့ အန်ကယ် ... "

"မောင်ရင် မသိပါဘူး ... "

"အန်ကယ် ... "

"သမီးရဲ့ လွတ်လပ်ခွင့်ကို အန်ကယ်တားမြစ်တာတော့ မဟုတ်ပါဘူး ... မောင်ရင် ဒါပေမယ့် ... ဖွဲ့နိုင်ကိုက သမီးကို စစ်မှန်တဲ့ မေတ္တာတွေနဲ့ ချစ်တာမဟုတ်ဘူး ... အန်ကယ် သိတယ်၊ အမြဲတမ်း အနိုင်ကျင့်ပြီး နှိပ်စက်နေမှာလဲ ... "

"နွေညလေးက ကျွန်တော့်ကို မုန်းတီးနေမှာပါ ... သူမုန်းတာထက် ကျွန်တော် ယောကျ်ားပီသချင်တာ ... "

"ဒါဆို ... မောင်ရင် ကားပဲမောင်းပါ ... အားတဲ့အချိန်တွေ



www.burmeseclassic.com

www.burmeseclassic.com



မှာ အန်ကယ်နဲ့ လိုက်ပေါ့ ... ”

“အန်ကယ်ခိုင်းချင်ရင် ခိုင်းပါ ... ကျွန်တော် တာဝန်ကျေပွန်အောင် ထမ်းဆောင်ပါ့မယ် ... ”

နွေညလေးရဲ့ကားကို သူလုံးဝ မမောင်းချင်တော့အောင်ဖြစ်နေသည်။

သူ့ချင်နေမင်း မလုပ်ချင်။

မိန်းကလေးတစ်ယောက်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စတွေကို သူ ဝင်စွတ်ဖက်နေတာမျိုး မလုပ်သင့်ပေ။

နွေညလေးရဲ့ ကိစ္စတွေ သူနှင့် မဆိုင်။

ယောကျ်ားမပီသတဲ့ အလုပ်တွေကို သူလုံးဝမလုပ်လို။

“မောင်ရင် ... ”

“ဗျာ ... ”

“သမီးရော ... ”

“ခြံထဲမှာပါ ... ”

“ဟင် ... ဘာလို့ တိုက်ထဲမဝင်တာလဲ ... ”

“အန်ကယ့်ကို ရင်မဆိုင်ရဲလို့ နေမှာပေါ့ ... ”

“ခေါ်လိုက်ပါ ... ”

“ဟုတ်ကဲ့ ... ”

သူ ...

ထွက်လာခဲ့သည်။

နွေညလေး ခြံထဲမှာ ထိုင်နေ၏။

“နွေညလေး ... ”

“ဟင် ... ”





“အန်ကယ်ခေါ်နေတယ် ... ”

“ရှင် ... ဘာတွေ အစီရင်ခံစာတင်ထားလဲ ... ”

“အမိ အဖေကို မေးကြည့်ပေါ့ ... ”

“ဟင်း ... သိပ်ကြီးကျယ်တဲ့ ဒရိုင်ဘာပဲ ... ရှင့်ကြောင့် ဒက်ဒီ မသိသင့်တာတွေ သိသွားရတာပဲ ... ”

“နွေညလေး ... ”

“ဘာလဲ ... ”

“မင်းအဖေဆူမှာစိုးရိမ်နေရင် ... မင်း ဘာလို့ မင်းအဖေ မကြိုက်တာတွေကို လုပ်နေလဲ ... ”

“ရှင်နဲ့ မဆိုင်ပါဘူး ... ”

“အန်ကယ်က တာဝန်ပေးထားတာပဲ ... နွေညလေး”

ညလေး အိမ်ထဲမဝင်ချင်လောက်အောင်ပဲ ဖြစ်နေမိသည်။

ဒက်ဒီ့ကို ဘယ်လိုရင်ဆိုင်ရမလဲ ... ။

ဖွဲကို သူမ ချစ်နေပြီ။

သူမနဲ့ ဖွဲချစ်သူတွေဖြစ်နေပြီ ... ။

ဒက်ဒီ ...

သမီးကို ခွင့်လွှတ်ပါ ...

ဒက်ဒီ မနှစ်သက်သော အလုပ်တစ်ခုကို နွေညလေး ဘဝမှာ ပထမဆုံးအကြိမ် လုပ်ဆောင်မိခြင်းဖြစ်၏။

“ဒက်ဒီ ... ”

“ထိုင် ... ”

ဒက်ဒီ့လေသံတွေက တင်းမာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ငန်းရှင် အစည်းအဝေးပွဲကို သမီးဘာကြောင့်နောက်ကျရတာလဲ ..."

"ရှင် ..."

ဒရိုင်ဘာပြောပြီးသားဟု သူမ ထင်ထားမိသည်။

ဒက်ဒီ့အကြည့်တွေက စူးရှသည်။

"သမီး မှန်မှန်ဖြေပါ ... ဒက်ဒီ့သမီးလေးက ဒက်ဒီကို ဘယ်တော့မှ မလိမ်ညာဘူးဆိုတာ ဒက်ဒီသိတယ် ..."

ဒက်ဒီနှင့် သူမတို့အကြားတွင် လိမ်ညာပြောစရာ အကြောင်းမရှိခဲ့။

ပွင့်လင်းသည်။

"သမီးဘယ်သူနဲ့ အချိန်တွေကုန်နေခဲ့သလဲ ..."

"ဒရိုင်ဘာ ပြောပြီးပြီ မဟုတ်လား ... ဒက်ဒီ"

"မပြောပါဘူး ... သမီး မရောက်သေးလို့ ရှာနေကြတာပါ၊ မောင်သျှင်နေမင်းက ဒက်ဒီ့ကို ဘာမှမပြောပါဘူး ..."

ညလေး ငြိမ်သက်နေမိသည်။

ဘာမှ မပြောချင် ...

"သမီး ..."

"ရှင် ..."

"ဇွဲနိုင်ကိုနဲ့ သမီးချစ်သူတွေ ဖြစ်နေကြပြီလား ..."

"ရှင် ..."

"ဒက်ဒီ့ကို အမှန်အတိုင်းဖြေပါ ..."

ဒက်ဒီ့ကို ဖွင့်ပြောလိုက်မည်ဟု ညလေးဆုံးဖြတ်ထားမိ





သည်။

"သမီးနဲ့ ဇွဲ ဒက်ဒီထင်သလို ချစ်သူတွေတော့ မဟုတ်ကြသေးပါဘူး ..."

ညလေး ပြောမထွက်ပေ။

စိတ်ထဲက ဘယ်လိုပဲ ဆုံးဖြတ်ပါစေ နှုတ်ခမ်းတွေက ထွက်မလာခဲ့ပေ။

မပြောတော့ဘူး ...

ဒက်ဒီစိတ်သောကတွေ ရောက်သွားမှာ သူမ အကြောက်ဆုံးပင်။

"ဒက်ဒီ့ စကားတွေကို သမီးဆန့်ကျင်တာ မဟုတ်ပါဘူး၊ ဇွဲနဲ့ သမီးက ငယ်ငယ်လေးတည်းက သူငယ်ချင်းတွေပါ ..."

"ဒက်ဒီသိပါတယ် ... သမီးရဲ့ လွတ်လပ်ခွင့်တွေကို ဒက်ဒီ ပိတ်ပင်တာ မဟုတ်ပေမယ့် ... ဒက်ဒီ့သမီးလေး ဘဝရှေ့ရေး အတွက်ပါ ..."

ဒက်ဒီရဲ့ ချစ်ခြင်းမေတ္တာတွေကို ညလေးနားလည်ပြီးသား ဖြစ်သည်။

ဇွဲ ...

ညလေးကို အနိုင်ကျင့်သည်။

နိုင်ထက်စီးနင်းပြုလုပ်တတ်တဲ့ အကျင့်တွေက ငယ်စဉ်ကလေးထဲက ရှိနေခဲ့၏။

အခုလည်းကြည့်လေ ...

ညလေးက သူနှင့် ရင်ဘောင်တန်းခွင့်မရှိဘဲ သူ့ရဲ့ဝေယျာဝစ္စတွေ လုပ်ပေးရမှာပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ...

ဖွဲ့ကို ညလေးချစ်တယ် ...

ညလေးကို ချစ်သူအဖြစ် ရွေးချယ်တာကို ပျော်ရွှင်ကျေနပ်မိ၏။

ရှိန်းမြမြတို့အားလုံးကို ညလေးအနိုင်ရလိုက်တာဟုပဲ ထင်မိသည်။

ညလေး ပွဲလယ်တင့်ပြီ ... ။

"သမီး ..."

"ရှင် ..."

"ဖွဲ့နိုင်ကို့ကို မိတ်ဆွေ တစ်ယောက်အဆင့်လောက်ပဲ ဆက်ဆံဖို့ ဒက်ဒီသဘောတူနိုင်မယ်နော် ..."

"ဟုတ် ..."

"သမီးလေးကို ဒက်ဒီအရမ်းချစ်တယ် ... သမီးလေး ဘဝတစ်လျှောက်လုံး အေးချမ်းပျော်ရွှင်နေတာပဲ ဒက်ဒီမြင်တွေ့ချင်တယ် ..."

"ဒက်ဒီရယ် ..."

ဖွဲ့နဲ့ လက်ထပ်လိုက်ရင် သမီးဘယ်တော့မှ မအေးချမ်းနိုင်ဘူးဆိုတာ သိသိကြီးနဲ့ မိုက်မဲချင်နေခဲ့မိတာပါ။

ဖွဲ့ကို အရမ်းအထင်ကြီးတယ်။

ချစ်တယ် ... ။

ရှိန်းမြမြတို့ကို သမီးအနိုင်ယူချင်တယ်။

ညလေးနှင့် ရှိန်းမြက အခြေအနေချင်း တူညီနေကြသည်။

ချမ်းသာကြွယ်ဝတဲ့ မိဘတွေရဲ့ တစ်ဦးတည်းသော သမီးတွေပဲ ...





ညလေးက ချောတယ် ...

ရှိန်းမြမြထက် နည်းနည်းပဲသာတာပါ ...

ဖွဲ့က ညလေးကို ရွေးချယ်လိုက်တာ ဘယ်လောက်ဂုဏ်ရှိသဲ ...

"သမီး ..."

"ရှင် ..."

"ဒက်ဒီရွေးချယ်ထားတဲ့ သားမက်လောင်းကို သမီး မလွဲမသွေ လက်ထပ်ရလိမ့်မယ် ..."

"သမီး အိမ်ထောင်ဘက်က ဘယ်သူလဲ ... ဒက်ဒီ"

"မကြာခင် သမီးသိရမှာပါ ..."

သူမ ...

ထလိုက်သည်။

ဒက်ဒီရှေ့မှာ ဆက်ပြီး နေချင်တဲ့ ဆန္ဒ မရှိတော့။

"သမီးအနား ယူတော့မယ် ..."

"သမီး ..."

"ရှင် ..."

"သမီး စိတ်ထိခိုက်နေလား ..."

"ဟင့်အင်း ..."

"အခြေအနေတွေက တစ်ခါတစ်လေကျရင် မထင်မှတ်ဘဲ ပြောင်းလဲသွားတတ်လေ့ရှိတယ်နော် ... သမီးလေး ..."

"ရှင် ..."



www.burmeseclassic.com

www.burmeseclassic.com



"သမီးက ကြံ့ခိုင်ပါတယ် ..."

"ဒက်ဒီကိုယ်တိုင်လည်း သမီးအပေါ် အရင်ကလို ပွင့်ပွင့်လင်းလင်း မဆက်ဆံတော့ဘူးလား ..."

ဒက်ဒီ့ကို ကြည့်မိသည်။

ကြည်လင်တောက်ပနေတဲ့ ဒက်ဒီ့မျက်ဝန်းတွေက ညှိုးမှိုင်းနေသည်။

တစ်စုံတစ်ရာအတွက် ကြိုးစားပြီးဖုံးကွယ်ထားသည်ဟု ထင်မိသည်။

မြေမြေချင်းတော့ ခြေမြင်သည်။

ညလေးလည်း ဖုံးကွယ်ထားသည်။

ဖွဲ့က ညလေးချစ်သူ ...

ဒက်ဒီ လက်ထပ်ပေးမယ့် အိမ်ထောင်ဘက်ကို သမီးရွေးချယ်မှာ မဟုတ်ဘူး ...

ဖွဲ့ကိုရွေးချယ်လိုက်ပြီ ...

ဒါပေမယ့် ...

လောလောဆယ်တော့ ဘာမှ မပြင်ဆင်ရသေးဘဲနဲ့ ဒက်ဒီ့ကိုတော့ ထုတ်ဖော်မပြောချင်သေးဘူး။

"သမီး သွားမယ်နော် ..."

"အင်း ..."

ညလေးက ထွက်လာခဲ့သည်။

ခြေလှမ်းတွေက လေးလံနေသလိုပဲ။

အခန်းထဲရောက်လာသည်။





အဝတ်အစားတွေ ချွတ်လဲဖို့ပင် သူမမှာ အင်အားမဲ့သလိုဖြစ်နေရ၏။

မဖြစ်သေးပါဘူး ... ။

ညလေးမှာ အလုပ်တွေအများကြီးပဲ ... ။

ဒက်ဒီ့ စီးပွားရေးလုပ်ငန်းတွေမှာ ညလေးက ဦးစီးပြီး လုပ်ဆောင်နေရသည်။

အသက်အရွယ် ကြီးရင့်နေသော ဒက်ဒီ့ကို စိတ်ဖိစီးမှုမဖြစ်စေချင် ... ။

သမီး ...

ဒက်ဒီ့ကိုလည်း ချစ်ပါတယ် ...

မခွဲနိုင်ဘူး ...

ဖွဲ့နဲ့ လက်ထပ်ပြီး ဖွဲ့ကို ဇနီးမယားတစ်ယောက်အဖြစ် အလုပ်အကျွေးပြုရမှာ ...

အိပ်ရာပေါ် ပစ်လှဲချလိုက်မိသည်။

ကျွန်မ ...

ဘာလို့ မပျော်ရတာလဲ ...

ဖွဲ့ရဲ့ အချစ်တွေကို အမြဲတမ်းမျှော်လင့်တောင့်တနေခဲ့သော ကျွန်မ ...

အခု ...

ပိုင်ဆိုင်ခွင့် ရပြီလေ ...

"တူ ... တူ ..."

"တူ ... တူ ..."

ဖုန်းကို ဖွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို ... "

"အချစ် ... "

"ဟင် ... "

"ညလေး ဘာဖြစ်နေတာလဲ ... မောင် ဖုန်းဆက်နေတာ ကို မတက်ကြွသလိုပဲ ... "

"ကျွန်မ အရမ်းပင်ပန်းနေလို့ပါ ... မောင်၊ လုပ်ငန်းရှင်တွေ ကို ကျွန်မ အရမ်းတောင်းပန်ရတယ် ... ကျေနပ်အောင် ချော့မော့ နေရတယ် ... တစ်နေကုန်ပဲ မောင်ရယ် ... "

ဓွဲက ... တစ်စုံတစ်ခု မကျေနပ်လျှင် အိမ်ကိုရောက်ချလာ မှာ သေချာသည်။

လုပ်ချင်တာကို ဇွတ်လုပ်တတ်သော ဓွဲသည် ဒက်ဒီ့ကိုလည်း ဂရုမစိုက်ပေ။

အဲဒီလို ...

မလေးမစားလုပ်တတ်တဲ့ အကျင့်တွေကို ဒက်ဒီက မနှစ် သက်တာ။

"ညလေး ... "

"မောင် ... "

"မောင် ... အရမ်းသတိရနေလို့ ဆက်တာပါ ... ညလေးက ကိုယ့်ကိုယ်ကို ဈေးမြှင့်ရောင်းတတ်တဲ့ မိန်းကလေးပဲ ... "

"ရှင် ... "

ပြောပုံက ...

လူတစ်ယောက်က ဘယ်လာက် အခံရခက်သွားမလဲဆိုတာ သူဘယ်တော့မှ မစဉ်းစား ...





ညလေးကိုလည်း အရမ်းနိုင်တာပဲ ...။

"ကိုယ့်ကိုတောင် နည်းနည်းမာနပြချင်နေတယ် ... မောင် က မိန်းမချောလေးတွေ အများကြီးရှိတဲ့ကြားက ညလေးကိုတော့ ပြီး သံယောဇဉ် ကြီးသလိုပဲ ... "

မောင်ပြောနေတာတွေကို ညလေးငြိမ်သက်စွာ နားထောင် နေမိသည်။

ရှင်ခုန်ပေးရမယ့်အစား စိတ်ညည်းညူနေမိသည်။

"ညလေး ... "

"ဟင် ... "

"ပြောလေ ... "

"ဘာပြောရမှာလဲ ... "

"မောင့်ကို သိပ်ချစ်တဲ့အကြောင်းတွေ မောင်ကရွေးချယ် တဲ့အတွက် ညလေး ဂုဏ်ယူဝမ်းသာရတာတွေ ... "

"မောင်ရယ် ... ပြောနေဖို့လိုသေးလို့လား ... ကျွန်မ အရမ်း ပျော်တယ် ... ဝမ်းသာတယ် ... ဂုဏ်ယူတယ် ... ကဲ ကျေနပ်ပြီ လား ... "

ဓွဲကျေနပ်အောင် ညလေး စဉ်းစားရတော့မည်ထင်သည်။

ရေချိုးချင်လာ၏။

တစ်နေ့လုံး ...

စိတ်ရော လူရော နွမ်းလာသည်။

"နောက်ဆို မောင်က အလုပ်တွေများတယ် ... ညလေး မောင့်ဆီ ဖုန်းဆက်ကွာ ... "



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မလည်း အလုပ်တွေများတာပဲဟု ပြောချင်ပေမယ့် မပြောရဲ ... ။

နှုတ်ခမ်းသားတွေကို တင်းကျပ်စွာ စေ့ကပ်ထားမိသည်။

ဖွဲ့နှင့် ခေတိုက်အခံ မဖြစ်ချင်။

ကျွန်မ ငယ်ငယ်လေးထဲက ဖွဲ့ကိုအလျှော့ပေးတတ်မြဲ။

"ညလေး စီးပွားရေးတွေကို သိပ်နှစ်ပြီး မလုပ်နဲ့တော့ ... မောင်က လုမကြိုက်တာ ... ကိုယ့်ကိုယ်ကို လှအောင်နေ ..."

ဖွဲ့ပြောချင်တာတွေပြောပြီး ဖုန်းပိတ်သွားမှ ညလေးသည် သက်ပြင်းမောကြီးကို မှုတ်ထုတ်ပစ်လိုက်မိတော့သည်။

တကယ် စိတ်မောရတယ် ... ။

အင်အားတွေကိုစုပြီး ရေချိုးခန်းထဲသို့ ဝင်လာခဲ့မိသည်။

အခန်း ( ၁၂ )

"ဒရိုင်ဘာ ..."

"ဗျာ ..."

"ပန်းအိုးတွေ ခဏလောက်ရွှေ့ပေးစမ်းပါ"

"ဗျာ ..."

"ဒုက္ခပါပဲ ... ရှင် နားလေးနေလား ... ဒီမှာ ပန်းအိုးတွေ ရွှေ့ပေးပါလို့ ..."

မာလီရှိသည်။

မာလီကို မရွှေ့ခိုင်းဘဲ သူ့ကိုလာရွှေ့ခိုင်းနေ၏။

အနက်ကယ့်မျက်နှာက ရှိသေးသည်။

နွေညလေးက အားတဲ့အချိန်မှာ ပန်းအိုးတွေကို ပြုပြင်တတ်၏။

ပန်းအလုတွေကို စိုက်ပျိုးတာ ဝါသနာပါသည်။

"ရှင် ... သေသေချာချာ ရွှေ့နော်၊ ဒီအိုးတွေက အရမ်းဈေးကြီးတာ ... တချို့အိုးတွေဆိုရင် ရှင့် တလစာထက်တောင်များ



www.burmeseclassic.com

www.burmeseclassic.com



သေးတယ် ... ”

သူက ဒရိုင်ဘာပဲ ...

နွေညလေးက အလုပ်ရှင် ...

ပြောချင်တာ ပြောပါစေ ...

အန်ကယ်က သူ့အပေါ် အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ပေးနေသည်။

စောင့်ရှောက်၏။

မေမေ အေးအေးဆေးဆေးနေရပြီ။

သူ ...

နွေညလေး ခိုင်းစေသမျှ ကျေနပ်အောင် လုပ်ဆောင်ပေးနေ ရသည်။

“မြေကြီးတွေကို နည်းနည်းဆွပြီး မြေဩဇာထည့်မယ် ... ရှင့်ကို မခိုင်းချင်ပါဘူး ... မာလီ ခွင့်ယူသွားလို့ ... ”

သူ ...

ဘာမှ မပြော ...

ခိုင်းတာတွေကို လုပ်ပေးမိသည်။

ဒီနေ့ ...

ရုံးပိတ်ရက် ...

တနင်္ဂနွေဖြစ်၍ သူမ ပန်းပင်တွေကို ပြုပြင်နေကျဖြစ်သည်။

“ဒီမှာ ... ”

“ပြောပါ ... ”





“မာလီက တစ်ပတ်လောက် ခွင့်ယူထားတာဆိုတော့ — ကျွန်မ ပန်းအိုးတွေကို ရေပဲရေလောင်းပေးပါ ... ”

သူ ...

နားရက်မှာ အမေ့ဆီပြန်ဖို့ စိတ်ကူးထားသည်။

ခုတလော ...

အန်ကယ်က အလုပ်တွေခိုင်းနေ၍ အမေ့ဆီပင် မပြန်ဖြစ်ပေ။

အမေ့ဆီပြန်ပါမယ်ဆိုမှ နွေညလေးက ခိုင်းနေသေးသည်။

“အမိ ... ”

“ပြော ... ”

“ကျုပ် ... တစ်နေကုန်တော့ အမိကို လုပ်အားမပေးနိုင်ဘူးနော် ... ”

“ဘာပြောတယ်ရှင့် ... ”

“အမေ့ဆီ သွားရမယ် ... ကျုပ်အမေနဲ့ မတွေ့ရတာကြာနေပြီ ... အမိ ... ”

နားရက်တွေမှာ မညှာမတာခိုင်းတာမျိုးတော့ သူလက်မခံလိုပေ ... ။

“ရှင့်ကိုပြောထားပြီးပြီပဲ ... တမင်ခိုင်းချင်လို့ ခိုင်းနေတာမဟုတ်တာ ... မာလီ မရှိလို့ ... ”

“ကျုပ် ... မအားလို့ပါ”

“ရှင် ... ကပ်တာလား ... ”



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ... ကျုပ် အိမ်မပြန်ဖြစ်တာကြာပြီ ... ဒီမှာပဲ အလုပ်တွေ လုပ်နေရတာပါ ... "

"ရှင်က ဒက်ဒီ့ကိုအဖားကောင်းတော့ ... ဒက်ဒီက ရှင့်ပဲ အားကိုးနေတာပဲ ... ရှင့် အနေအထားက ဒက်ဒီခိုင်းတာပဲ လုပ်မယ် ဆိုတဲ့ သဘောလား ... "

"ကျုပ်မှာ အဲဒီစိတ်ဓာတ်မျိုး မရှိဘူး အမိ ... အမေ့ဆီပြန် ချင်လို့ပါ ... "

"ကျွန်မ အလုပ်တွေပြီးမှပြန်ပါ ... "

သူ ...

ဆက်မပြောတော့ ...

အလုပ်ရှင်ကျေနပ်အောင်တော့ လုပ်ပေးရမည်သာဖြစ် သည်။

တစ်နေကုန် ...

လုပ်အားပေးနေရသည်။

နွှေညလေးက အမြင်ကတ်ကတ်နှင့် သူ့ကို တမင်ခိုင်းစေ ခြင်းဆိုတာ ...

"တူ ... တူ ... "

"တူ ... တူ ... "

သူမ ဟန်းဖုန်းမှ မြည်လာသည်။

"ဟဲလို ... နွှေညလေးပါ ... "

"မောင့်အသံကိုတောင် မမှတ်မိတော့ဘူးလား ... "





မောင့်ထံမှဖြစ်နေ၍ နည်းနည်းတော့ အထိတ်တလန့်ဖြစ် သွားရသည်။

"အင်း ... မှတ်မိပါတယ် ပြောလေ ... "

မောင်ဆိုတဲ့ စကားကို ဆက်မပြောဘဲနေလိုက်သည်။

အနားမှာ ဒရိုင်ဘာရှိနေ၏။

ဒက်ဒီ့ကို အစီရင်ခံမှာလည်း သူမကြောက်နေရသည်။

"နွှေညလေး ... "

"ဟင် ... "

"ဟင် ... မင်းဘာဖြစ်နေတာလဲ ... အနားမှာ ဘယ်သူရှိနေ လို့လဲ ... "

"မင်းစကားပြောတာ ပြတ်တောက်နေတယ် ... မောင်ဆို တဲ့ အသုံးအနှုန်းကို တမင်ချန်ထားသလိုပဲ ... "

မောင့်အသံတွေက မကျေမနပ်နှင့် တင်းတင်းမာဖြစ်နေ သည်။

"နွှေညလေး ... "

"ရှင် ... "

"မောင့်လို ယောကျ်ားတစ်ယောက်ကို ခိုးကြောင်ခိုးဝှက် ကြိုက်နေရတဲ့ သဘောလား ... "

ဒုက္ခပါပဲ ...

ပန်းအိုးတွေကို မြေဆွပြီး မြေဩဇာထည့်နေတဲ့ ဒရိုင်ဘာက အလိုက်မသိလိုက်တာ ... ။



www.burmeseclassic.com

www.burmeseclassic.com



ရှောင်ထွက်မသွားပေ ... ။

ခက်နေသည်။

ကြာရင် ...

မောင်ဒေါက်ကန်တော့မည်။

ဒရိုင်ဘာနှင့် ခပ်ဝေးဝေးရောက်အောင် သွားလိုက်မိသည်။

ထင်ချင်ရာထင်တော့ ...

ဒက်ဒီကို အစီရင်ခံစာတင်ရင်လည်း ဖြောင်ပဲငြင်းပစ်မည်။

"မောင် ..."

"ပြော ..."

"ကိစ္စရှိလို့လားဟင် ..."

"မင်း ... ဘာလုပ်နေလဲ"

"ပန်းအိုးတွေ ပြင်နေတာပါ ... ကျွန်မ အနားယူတဲ့အချိန်တွေမှာ လုပ်နေကျလေ ... မောင်သိတယ် မဟုတ်လား ..."

မောင်ဆိုတဲ့ အသုံးအနှုန်းကို ခပ်အုပ်အုပ်ပြောနေရသည်။

ဟိုဒရိုင်ဘာကတော့ သူမကို သမက်ဖြစ်မှာသေချာ၏။

မတတ်နိုင်တော့ဘူး ...

မောင် ကျေနပ်သွားအောင်တော့ တမောင်မောင်လုပ်နေရသည်။

"ဒီနေ့ ရှိန်းမြမြ မွေးနေ့လေ ညလေး ..."

"ဟင် ... မနက်ဖြန်မှ မဟုတ်ဘူးလား ... မောင်"

"မင် ... ဘာကြောင်နေတာလဲ ... မင်းဆီလည်း ဖိတ်စာ





ပို့ထားတယ် မဟုတ်လား ..."

"ကျွန်မ မနက်ဖြန်မှထင်တာ မောင် ..."

"ဒီနေ့လေကွာ ... အဲဒါ သွားဖို့ မောင့်ဆီကို မင်းလာခဲ့"

"မောင့်ဆီ ..."

"အင်း ..."

"မောင့်ဆီ ကျွန်မဘယ်လိုလာရမှာလဲ ... မောင်က အိမ်မှာ မဟုတ်ဘူးလား ..."

"မောင့်အိမ်ကို လာခဲ့ဖို့ပြောတာ ... မေမေကလည်း ညလေးကို တွေ့ချင်နေတယ် ... ယောက္ခမကိုတော့ ကြည်ဖြူအောင် ကြိုးစားထားနော် ... မောင်က တစ်ဦးတည်းသောသား ဆိုတော့ မေမေရွေးမရွေးနေတာ ..."

မောင်သည် အတွက်ကြီးစွာ တစ်ဖက်သတ်ပြောနေတတ်သူဖြစ်သည်။

ညလေးလို မိန်းကလေးကို မောင့်မေမေက ကြည်ဖြူအောင် အောက်ကျခံပြီး ကြိုးစားပြရဦးမှာလား မောင် ...

မောင့်မေမေကလည်း အလွန်အမင်း ကြီးကျယ်ခန်းနားလွန်းတဲ့ မိန်းမတစ်ယောက်ပါပဲ ... ။

"မောင့်အကျင့်တွေကို ညလေးသိတာပဲ ... မေမေ့ကို ဖွင့်ပြောထား ပြီးပြီ ..."

"ဟင် ..."

"ညလေးကို သိပြီးသားပဲ ... မေမေ သဘောကျပါတယ်



www.burmeseclassic.com

www.burmeseclassic.com



သားအပေါ် ဘယ်လိုပြုမူ ဆက်ဆံရမယ်ဆိုတာတွေ သင်ပေးရဦး မယ်တဲ့ ... ”

မောင့်စကားတွေကြောင့် သူမပြုံးလဲကျသွားတော့မတတ် နုံးခွေသွားရသည်။

ဘုရားရေ ...

ကယ်ပါဦး ...

မောင့်အမေက ကျွန်မကို ချွေးမဖြစ်တောင် သတ်မှတ်နေပြီ လား ... ။

“ညလေး ... ”

“ဟင် ... ”

“လာခဲ့နော် ... မောင်စောင့်နေမယ် ... ဖုန်းထဲကနေ မောင်အနမ်းလေး ပေးလိုက်မယ်နော် ... ”

“ရွတ် ... ”

ဖုန်းချသွားသည်။

ညလေး မသွားလို့ မဖြစ်ပေ။

မောင် ဒေါသူပုန်ထပြီး လိုက်လာမှာ သေချာသည်။

သူ့စိတ်ဆန္ဒတွေကလွဲပြီး မောင်ဘာကိုမှ နားလည်ခွင့်လွှတ် တာ မဟုတ် ... ။

“ဒရိုင်ဘာ ... ”

“ဗျာ ... ”

“ရှင့် အမေဆီပြန်မယ်ဆို ... ”





“ဟင် ... ”

“ရှင် မြန်မြန်သွားတော့ ... ”

“အမိ ... ပန်းအိုးတွေ ... ”

“ထားခဲ့ ... မအေးဆက်လုပ်လိမ့်မယ် ... ရှင်သာ မြန်မြန် ပြန် ... ”

ဒရိုင်ဘာမြန်မြန်ပြန်သွားမှ သူမကိုယ်တိုင် ကားမောင်းပြီး အပြင်ထွက်ခွင့်ရှိမည်ဖြစ်သည်။

ဒက်ဒီ အခန်းထဲမှာ ရှိနေသည်။

ရှိန်းမြမွေးနေ့ဆိုပြီး အကြောင်းပြကာ အပြင်ထွက်ရမှာ ပဲ ... ။

အရေးကြီးတာက ဒရိုင်ဘာရှိမနေဖို့ပဲ ...

ဒရိုင်ဘာကိုပဲ အလောတကြီး ပြန်ခိုင်းနေမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၃ )

"အန်တီမေအတွက် ညလေး ဝယ်လာတာပါ ... "

မောင့်အမေအတွက်ဆိုပြီး အသီးအနှံတွေ တပိုက်ကြီးဝယ်လာခဲ့ရသည်။

"ညလေး လာလေ ... "

ကျွန်မကို မောင့်မေမေက ချွေးအဖြစ်လက်ခံသည့် သဘောပင် ... ။

ပြုံးရွှင်ကြည်ဖြူစွာဖြင့် ဆီးကြိုနေသည်။

ဒက်ဒီသာသိရင် ...

မောင်နှင့် ညလေး ချစ်သူတွေပဲဟုပင် ထုတ်ဖော်မပြောရဲ။

"ညလေးက ပိုချောလာသလိုပဲ ... သမီး ဒက်ဒီရဲ့လုပ်ငန်းတွေကလည်း အရမ်းအောင်မြင်တယ်နော် ... "

"ဟုတ်ကဲ့ ... အန်တီ ... "

"အန်တီ့သားကလည်း ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေတာပဲ ... ညလေးကိုမှ ရွေးတယ်ဆိုတာ ညလေးက အထက်မြတ်





ဆုံး ... အတော်ဆုံး မိန်းကလေးဖြစ်လို့မ်မယ် ... "

ဒေါ်မေခင်ကတော့ ဘယ်အရာမဆို အသာစီးကရမှ သဘောကျတာပါ ... ။

နွေညလေး ...

ချမ်းသာကြွယ်ဝတဲ့ လုပ်ငန်းရှင်ကြီးရဲ့ တစ်ဦးတည်းသော အမွေဆက်ခံမည့် သမီးတစ်ယောက်ဖြစ်နေသည်။

ရုပ်ရည်ကလည်း ချောမောအိစက်ဖြောင့်စင်းနေတာပဲ။

ပညာကလည်းတက် ...

ဘာမှ ပြောစရာမရှိဘူး ...

မိမိချွေးမအဖြစ် ငြင်းပယ်စရာ လုံးဝမရှိခဲ့။

သားလည်း နိုင်ရမယ့် မိန်းကလေး ...

"မိန်းမတစ်ယောက်ကို ဘာမှအရေးပေးဆက်ဆံစရာ မလိုဘူးသား ... အမေက အဓိကပဲ ... ချွေးမဆိုတာ မေမေ့လက်အောက်မှာပဲ ရှိရမယ် ... "

သားကို ရိုက်သွင်းထားသည်။

"ခွဲရော ... အန်တီ ... "

"ခွဲလား အခန်းထဲမှာပြင်ဆင်နေတယ် ... ခဏနေရင် ဆင်းလာလိမ့်မယ် ... "

မောင် ...

ညလေးကို ထွက်မကြိုပေ။

စိတ်ထဲမှာ အားငယ်နေမိသည်။

ညလေးလည်း ညလေးပတ်ဝန်းကျင်မှာတော့ မာန်အာန



www.burmeseclassic.com

www.burmeseclassic.com



တွေ တက်ကြွပြီး အရေးပေးဆက်ဆံခြင်း ခံခဲ့ရတဲ့ မိန်းကလေးပဲ။

မောင့်ရှေ့ရောက်လျှင် သိမ်ငယ်သွားရသည်။

ညှော့ခန်းမှာ ငြိမ်ကုပ်စွာဖြင့် ထိုင်ပြီး မောင့်ကိုစောင့်နေရ၏။

"သမီး မွေးနေ့ပွဲသွားစရာရှိတယ်ဆိုရင်လည်း မောင်သျှင်နေမင်ကို ကြိုတင်ပြောထားသင့်တယ်ကွယ် ..."

"သမီးဖာသာပဲ သွားလိုက်ပါတော့မယ် ဒက်ဒီ ... ရှိန်းမြမွေးနေ့ဖိတ်ထားတာ သူ့ဖုန်းဆက်ပြောမှပဲ သတိရသွားတော့တယ်"

ဒက်ဒီက ဒရိုင်ဘာနှင့်မသွား၍ ပြော၍ မဆုံးအောင်ဖြစ်နေသည်။

အရင်ကနဲ့မတူဘဲ အပြောင်းလဲကြီး ပြောင်းလဲသွားသော ဒက်ဒီသည် သူမကို ဖွဲနှင့် ပတ်သက်မှာ စိုးရိမ်သောကရောက်နေ၏။

"ဖွဲနိုင်ကို့ကို ရွေးချယ်ရင် သမီးဘဝတစ်လျှောက်လုံး အနှိမ်ခံရမှာ ... ဗိုလ်ကျအနိုင်ကျင့်မှာပဲ သမီး ..."

ဒက်ဒီ့စကားတွေကို သူမ ပြန်၍ ကြားယောင်နေမိသည်။

နွေညလေး ခံစားနေရပြီ ... ။

အချိန်အတော်ကြာမှ မောင်သည် သပ်ရပ်ခန့်ညားစွာ ပြင်ဆင်ပြီး ဆင်းလာသည်။

ချောမောခန့်ညားတဲ့ မောင့်ကို တွေ့လိုက်တော့လည်း ကျွန်မ ကံကောင်းသည်ဟု ထင်မိ၏။





မောင်နှင့် ပတ်သက်တဲ့ မိန်းကလေးတွေကို ညလေး အနိုင်ရခဲ့တာပဲ ... ။

"သွားမယ် ... ညလေး"

ညလေးစောင့်နေရတဲ့အတွက် မောင် အလေးအနက်ထားပုံမရပေ။

မောင်သာ ညလေးကို စောင့်နေရလျှင် ဒေါသတွေပေါက်ကွဲနေမှာပဲ ...

"အန်တီမေ ခွင့်ပြုပါဦး ..."

"အေးကွယ် ..."

အပြင်ထွက်လာကြသည်။

"မောင့်မေမေအတွက် ... ဘာလက်ဆောင်ပါလဲ ညလေး"

"သစ်သီးတွေလေမောင် ... အန်တီမေက သစ်သီးတွေကြိုက်တယ် မဟုတ်လား ..."

"မေမေ့ကိုတော့ ညလေးရှိသေပါ ..."

ကျွန်မ ဒက်ဒီ့ကိုလည်း မောင် လေးစားသင့်ပါတယ်ဟု ပြောချင်သည်။

မောင်က ဒက်ဒီ့ကို အရေးပင်မစိုက် ... ။

လက်မထပ်ရသေးဘဲနှင့် မောင်က သူမကို ပုံစံသွင်းနေသည်။

သူမ ...

မောင့်ကို ချစ်သည်။

တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ ... မောင်ချမှတ်နေသော စည်းမျဉ်းစည်းကမ်းတွေကို ကျွန်မလိုက်နာမိ၏။



www.burmeseclassic.com

www.burmeseclassic.com



သူမကားကို မောင်က မောင်းသည်။

"ညလေး ..."

"မောင် ..."

"တကယ်ဆို ရှိန်းမြမြက မိန်းကလေးပိုပီသတယ်လို့ မောင်ထင်တယ် ..."

"ရှင် ..."

"မင်းက စီးပွားရေးသမားဆိုတော့ အိမ်မှုကိစ္စတွေကို နိုင်နင်းမှာ မဟုတ်ဘူး ..."

အိမ်မှာ အလုပ်သမားတွေ အခြောက်အခြားနှင့် နေလာခဲ့သော ညလေးအတွက် အိမ်မှုကိစ္စတွေမှ လုပ်ဖို့မလိုတာ။

ဝါသနာလည်း မပါခဲ့ ...

ညလေးက စီးပွားရေးပဲလုပ်ချင်တာ ...

"ရှိန်းမြမြက အိမ်မှုကိစ္စတွေကို နိုင်နင်းတယ် ... ဒါပေမယ့် မင်းကချောတယ် ... လှတယ် ... ကိုယ့်မိန်းမကို အလှပဆုံးဖြစ်စေချင်တယ် ..."

မောင်က သူ့လက်တွေကို ချိတ်ဆွဲထားစေခဲ့သည်။

"ပြီးတော့ ... မင်းက စီးပွားရေးသမားဆိုတော့ ဈေးတွင်တတ်တယ် ..."

"ရှင် ..."

"မောင့်လို ယောကျ်ားမျိုးကို မာနပြလိုက်တာလေ ... မောင့်ကို မိန်းကလေးတစ်ယောက်က အရူးအမူးကြိုက်နေတာမျိုး ဖြစ်စေချင်တယ် ..."

ရှိန်းမြမြက မောင့်ကို အရူးအမူးနှစ်သက်နေသည်။





ညလေးကတော့ ဒက်ဒီကြောင့် ခပ်ရှောင်ရှောင်ဖြစ်နေရတာပါ ...။

ဈေးတင်တာ မဟုတ် ...။

အခုတော့ ... ဒက်ဒီ လုံးဝမသိ ...။

ဖွဲ့နိုင်ကိုနှင့် ဒက်ဒီက လုံးဝသဘောမတူခဲ့ပေ။

"ညလေး ..."

"ရှင် ..."

"မင်း ... အိမ်မှုကိစ္စတွေကို သင်ထားဦး"

ကျွန်မ ဘာတွေသင်ရမှာလဲ ...

အလှအပတွေ ပြင်ပြီးကျော့မော့စွာ နေလာခဲ့ရသော ကျွန်မ

"အချက်အပြုတ်တွေလည်းသင်ထား ... မောင်ကတော့ ယောကျ်ားတွေကို အိမ်ဖော်တွေနဲ့ ပစ်ထားမယ့် မိန်းမမျိုးဆို လုံးဝကြိုက်ဘူး ... ညလေး ..."

ညလေးလို မိန်းကလေးမျိုးကို မောင်အိမ်ထောင်ဖက်အဖြစ် ရွေးချယ်သင့်ဟု ထင်မိသည်။

အချိန်အားလျှင် ...

ပန်းပင်တွေ ပြုစုပျိုးထောင်တတ်တဲ့ အကျင့်စရိုက်တွေပဲ ရှိသည်။

အိမ်မှုကိစ္စတွေကို ဘယ်တော့မှ လှည့်မကြည့်တတ်ခဲ့။

"မောင့်မေမေကလည်း မောင်နဲ့ပခုံးချင်းယှဉ်ပြီး စီးပွားရှာမဲ့ မိန်းမမျိုးကို ဘယ်တော့မှ ချွေးမအဖြစ် မရွေးချယ်ချင်ဘူး ..."

မောင့်ထံမှ ညလေးကို ချစ်ခင်မြတ်နိုးကြောင်း စကားတွေ



www.burmeseclassic.com

www.burmeseclassic.com



ထက် မောင့်လိုအပ်ချက်တွေ မောင့်ဆန္ဒတွေကိုပဲ ပြောနေခဲ့သည်။

ညလေး ပြန်ချင်လာပြီ ...

ရှိန်းမြမြမွေးနေ့ပွဲသို့ ရောက်လာကြသည်။

"ဟယ် ... ညလေးတို့အတွဲက လိုက်ဖက်လိုက်တာဟယ် နေနဲ့လ ရွှေနဲ့မြလို တင့်တယ်လိုက်တာ ..."

သူငယ်ချင်းတွေက ဝိုင်းဝန်းပြီး ချီးမွမ်းကြသည်။ အားကျ နေကြ၏။

ရှိန်းမြမြက အဆိုးဆုံး ...

"ရှင် ... အရမ်းကံကောင်းသွားတယ် နွေညလေး ... ဒီ ယောကျ်ားကို ရှင်အမိဖမ်းနိုင်တာပဲ ..."

"ဟင် ..."

ရှိန်းမြမြ နှုတ်ခမ်းသားတွေအပေါ်မှာ မနာလိုဝန်တို အပြုံးတွေပဲ ရှိနေသည်။

"ခွဲနော် ... ရှင်က အိမ်ရှင်မပီသမှ သဘောကျတယ်ဆို ရှိန်းမြ ကြိုးစားသင်ထားတာတွေ အခုတော့ အလကားဖြစ်သွား

"အလကား မဖြစ်နိုင်ပါဘူး ... ရှိန်းမြ ... ညလေးက ကို ပုံစံခွက်ထဲ ဝင်ချင်မှဝင်မှာ ... ကိုယ်က စီးပွားရှာတဲ့မိန်းမ သဘောမကျဘူး ..."

မောင် ...

ရှင် ...

ကျွန်မကို သိပ်မြတ်နိုးတဲ့ အကြောင်းတွေကို ဘာလို့မပြော ရတာလဲ ...





ပြောစေချင်တယ် ...

ရှိန်းမြမြတို့ကို ကျွန်မ အနိုင်ယူချင်နေခဲ့တာလေ ...

အားလုံးထဲမှာ ကျွန်မဟာ ကံကောင်းဆုံး မိန်းကလေးပဲ ဖြစ်ချင်တယ် ... ။

စီးပွားရှာတတ်တော့ မောင်တစ်ထမ်း မယ်တစ်ရွက် အားပေးကူနိုင်တာပဲ ... ။

ညလေးတို့နှစ်ယောက်လုံးက ချမ်းသာတဲ့ သူတွေပဲဟာ ...

မောင် သဘောမတူဘူးဆိုရင်လည်း ညလေးက စီးပွားရှာ တဲ့ အလုပ်တွေကို စွန့်လွှတ်လိုက်ဖို့ ဆုံးဖြတ်ပြီးသားပါ။

ကျွန်မ ...

မျက်နှာ ငယ်နေသလိုပဲ ...

ရှိန်းမြမြက မောင့်ကို လွန်စွာဂရုစိုက်ပြုစုနေသည်။

"ဒီလက်ရာတွေအားလုံး ကျွန်မကိုယ်တိုင်ချက်ထားတာ တွေပဲ ခွဲ ... စားကြည့်ပါဦး ... ကျွန်မ ကြိုးစားသင်ထားတာလေ"

မောင့်ပန်းကန်ထဲသို့ ရှိန်းမြမြက ဟင်းတွေထည့်ပေးနေ သည်။

ကျွန်မက ကျောက်ရုပ် ...

ယောကျ်ားလေးတစ်ယောက်ကို တယုတယပြုတာတွေ မလုပ်တတ် ...

အဲဒါကို မောင်က စျေးတင်တတ်တာတဲ့ ...

"ခွဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... "

"ရှိန်းမြ လက်ရာတွေကောင်းရဲ့လား ... "

"ကောင်းတယ် ... ရှိန်းမြ ... မင်းလို မိန်းကလေးပီသတဲ့ အလုပ်တွေ သင်ထားတာ ကောင်းတယ် ... "

မောင် ဘာလို့ ရှိန်းမြမြကို မရွေးချယ်တာလဲဟု ပြောချင်မိသည်။

ကျွန်မ အရမ်းသိမ်ငယ်တာပဲ ... ။

ဘာမှ အသုံးမကျတဲ့ မိန်းမတစ်ယောက်ဖြစ်နရပြီ။

"ညလေး ... "

"ရှင် ... "

"မင်းကြိုးစားထားနော် ... မောင်က စီးပွားရာတာ မကြိုက်ဘူး ... မင်း ရှိန်းမြမြဆီမှာတောင် သင်သင့်တယ် ... "

ကျွန်မ ပြန်ချင်ပြီ။

စည်းစိမ် ဥစ္စာတွေ ပြည့်စုံပြီး ထက်မြက်တက်ကြွမှုတွေက မောင့်စကားလုံးတွေအောက်မှာ သေးသိမ်သွားရတော့သည်။

"ဒွဲက စီးပွားရာတဲ့ မိန်းမကို သဘောမကျဘူးဆိုပြီး ဘာလို့ နွေညလေးကို ရွေးချယ်ရတာလဲ ... "

"ချောလို့ ... "

သူမကတော့ ပါးစပ်ထဲ ထည့်လိုက်မိတဲ့ ထမင်းလုတ်ကို အရသာမဲ့စွာ ဝါးနေမိသည်။

မျိုချဖို့ ခက်နေ၏။





"နွေညလေးက ကိုယ့်ပုံစံခွက်ထဲ ဝင်မယ့်မိန်းကလေးဖြစ်နေလို့လေ ... "

ဒက်ဒီ ... သမီးမှားပြီလား ...

မောင့် ပုံစံခွက်ထဲ ဝင်ရမှာလား ...

ယောက္ခမဖြစ်တဲ့ မောင့်မေမေရဲ့ ပုံစံခွက်ထဲကို ဝင်ရမှာလား ...

အဲဒီ ပုံစံခွက်ထဲမှာ ကျွန်မ ပုံစံကျနေနိုင်ပါ့မလား။

အားလုံး မောင်က တစ်ဖက်သတ် စီစဉ်နေခဲ့တာပဲ ဖြစ်နေသည်။

မောင်က ညလေးဆီမှ အချစ်ဆိုတာကို အလွယ်တကူယူသွားခဲ့၏။

ကျွန်မကို ပုံစံသွင်းချင်တိုင်း သွင်းရမယ့် ဖယောင်းတုံး တစ်တုံး လို့ ယူဆထားနေသည်။

"ပြန်မယ် ... ရှိန်းမြမြ ... "

အသိတွေ ဝင်လာသည်။

မောင့်ရဲ့ အမိန့်အတိုင်း မိန်းကလေးတွေရှေ့မှာ မောင့်လက်ကို ကျွန်မစတင်၍ ချိတ်ဆွဲလိုက်ရ၏။

ညလေးဘက်က စတင်ကြိုးစားခဲ့တာဟု မောင်ကထင်မှတ်စေလိုသည်။

"ညလေး ... "

"ရှင် ... "



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ညစ်နေလား ... "

"ခေါင်းကိုက်နေလို့ပါ ... "

*"မင်း မောင်နဲ့နေရတာ မပျော်ဘူးလား ညလေး ... "*

"ပျော်ပါတယ် ... မောင် ... "

"မင်းကိုယ်မင်း ဈေးတက်အောင် မောင်နဲ့တွေ့ရင် အေးစက်စက်လုပ်နေတာလား နွေညလေး ... "

"ပြန်မယ် ... မောင်"

"နေဦး ... "

"ကျွန်မ အပြင်ထွက်နေတာကြာပြီ ... "

"မင်း ဈေးကိုင်နေတာလား ... နွေညလေး ... "

မောင့်လေသံက ချက်ချင်းပင် မာကျောသွားသည်။

ကျွန်မ အကြောက်ဆုံးပဲ ...။

ဝုန်းဒိုင်းကြဲပြီး ပစ္စည်းတွေကို ပစ်ခေါက်ခွဲတတ်၏။

သူမ အစိုးရိမ်ဆုံးက ဒက်ဒီ့ဆီသွားပြီး သူမနှင့်လက်ထပ်မယ့်အကြောင်း သွားပြောမှာပဲဖြစ်သည်။

"ဒက်ဒီက အခုတလော ကျွန်မကို အရမ်းဂရုစိုက်နေတယ်။ စိတ်လည်းပူနေတယ် ... မျက်စိအောက်ကနေ အပျောက်မခံတာ"

"ကိုယ် မယုံဘူး ... မင်း ဈေးကိုင်နေတာပဲ ... ငါက ချစ်တယ်လို့ပြောလိုက်တာနဲ့ မင်းက ဈေးတက်သွားတာပဲ ... "

"မောင်ရယ် ... "

"မင်းကိုငါ ပုံသွင်းလို့ရမယ့် မိန်းကလေးထင်မိတာ မှားတာပဲ ... "

ညလေးနဲ့ မောင် နှစ်ယောက်လုံး အလုပ်နားရက်ဖြစ်ပေမယ့် ကျွန်မဘက်က မောင့်အလိုဆန္ဒတွေကို လိုက်လျောဖို့ ခက်နေသည်။

ဒက်ဒီကြောင့်ပါ ...

မောင့်ကို ဒက်ဒီလုံးဝ သဘောမကျ ...

တားဆီးဝိတ်ပင်နေသည်။ မောင် မသိ ...

သိသွားလျှင်တော့ မိုးကိုများ မီးနှင့်တက်ရှို့မလား မသိ။

ဒေါသတွေနှင့် ပေါက်ကွဲနေသည်။

သူမအား မီးဝင်းဝင်းတောက်နေတဲ့ မျက်ဝန်းတွေနှင့်ကြည့်၏။

"ကိုယ်တို့က အသက်အရွယ်အရ ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် လုပ်ကိုင်သွားလာနေထိုင်ရတော့မယ့် လူတွေပဲ ... "

"ကျွန်မ မိန်းကလေးတစ်ယောက်လေ မောင် ... "

"အဲဒါကိုက မင်းဈေးကိုင်နေတာပဲ ... ပြန်တော့ ဒီလောက်တောင် ပြန်ချင်တာ ... သွားတော့ ... သွား ... "

မောင်ကပြောပြီး သူမကားပေါ်မှ ဆင်းလိုက်သည်။

"မောင် ... ပြန်တက်ပါ ကျွန်မလိုက်ပို့ပါ့မယ် ... "

"မလိုဘူး ... ငါက မင်းကားကိုကပ်စီးမယ့် ယောကျ်ားဟုတ်ဘူး ... "

"လောလောဆယ် မောင့်မှာ ကားမှမပါတာ ... "







www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူးကွာ ... မင်းသွားတော့ နောက်ထပ် မင်းနဲ့ငါ ပတ်သက်စရာ ဘာမကြောင်းမှ မရှိတော့ဘူး ... "

မောင်စိတ်ဆိုးပြေအောင် ကျွန်မ ကားကို စက်မနှိုးသေးဘဲ ချော့မော့ဖို့ ပြင်လိုက်သည်။

ထိုအချိန်တွင် ဖုန်းဝင်လာခဲ့သည်။

"မမလေး ... ဘဘကြီး မူးလဲသွားလို့ ဆေးခန်းမှာရောက်နေပြီ ... "

မထွေးက ဆေးခန်းလိပ်စာကိုပြောပြီး ဖုန်းချသွားသည်။

မောင့်ကို မကြည့်နိုင်တော့ ... ။

ဒက်ဒီ့အတွက် စိတ်ပူသွားပြီး ကားကို မောင်းထွက်လာခဲ့မိသည်။

အခန်း ( ၁၄ )

"ဒက်ဒီ ... "

"သမီးလေး ... "

"ဘယ်လိုဖြစ်တာလဲ ဒက်ဒီရယ် ... "

"ဒက်ဒီ့မှာ နှလုံးသွေးကြောကျဉ်းတဲ့ ရောဂါရှိတယ် ... ဒက်ဒီ မပြောဘဲနေတာ ကြိတ်ပြီးဆေးကုနေတာ ကြာပြီ ... "

"ဟင် ... သမီးကို ဘာလို့မပြောတာလဲ"

"သမီး စိတ်ညစ်သွားမှာ ဆိုးလို့ပါ ... ဒက်ဒီ ဘာမှ မဖြစ်ပါဘူး ... ကောင်းသွားမှာပါ သမီး ... "

သမီးလေးကို စိတ်အားမငယ်စေချင်ပေ ... ။

သား ...

မိမိသားရော ...

ဦးစစ်နိုင်အနေနဲ့ ထုတ်ဖော်ဝန်ခံပြောချင်နေသည်။

ခက်တာက ...

သမီးလေးပဲ ...



www.burmeseclassic.com

www.burmeseclassic.com



သမီးအရင်း မဟုတ်ဘူးဆိုတာ ပြောဆိုဖို့ ဝန်လေးနေ၏။

သားကိုလည်း သနားမိ၏။

ငယ်ငယ်လေးကတည်းက ဆင်းရဲနွမ်းပါးစွာ ကြီးပြင်းလာရပြီး ... အခု ဖခင်ကိုတွေ့တော့လည်း သားအဖြစ် ပွင့်လင်းစွာ ပြောဆိုခွင့် မရှိဘဲ ဖြစ်နေရတော့သည်။

"ဒက်ဒီ ..."

"ဟင် ..."

"စိတ်ချမ်းသာအောင်နေပါ ... ဒက်ဒီ တစ်ခုခုဖြစ်သွားမှာ အရမ်းစိတ်ပူတာပဲ"

"သမီးက တကယ်ပဲ ဒက်ဒီ့အတွက် စိတ်ပူတာလား ..."

"ပူတာပေါ့ ဒက်ဒီ ... သမီးဘဝမှာ သံယောဇဉ်အတွယ်တာ ရဆုံးက ဒက်ဒီပဲရှိတာပါ ..."

ဒက်ဒီ့လက်တွေကို ဖျစ်ညှစ်ဆုပ်ကိုင်ပြီး ပြောမိသည်။

ညလေးကို အမြဲတမ်း စိတ်အေးချမ်း ပျော်ရွှင်စေရန် ဖန်တီးဖြည့်ဆွမ်းပေးခဲ့၏။

ဒက်ဒီစိတ်ချမ်းသာမှုကိုတော့ သူမ ပေးစွမ်းဖို့တာဝန် ပျက်ကွက်ခဲ့သည်။

"သမီး ..."

"ရှင် ..."

"မောင်သျှင်နေမင်းရော ..."

"ပြန်သွားတယ်လေ ဒက်ဒီ ..."

"သမီး ဆက်သွယ်လိုက် ... ဒက်ဒီ နေမကောင်းဘူး၊ အမြန်လာဖို့ပြော ..."





ဒီဒရိုင်ဘာကို သူမ အဆက်အသွယ်မလုပ်လိုပေ။

သူမ ...

သွားတာ ဒက်ဒီ့ကိုများ ဒရိုင်ဘာပြောလိုက်လား ... ။

"သမီး ဆက်လေ ..."

"သူပြန်လာမှာပဲ ဒက်ဒီ ... မနက်ဖြန် ပြန်လာမှာပါ"

"မဟုတ်ပါဘူးကွယ် ... အခုပဲ ဆက်လိုက်စမ်းပါ ... မောင်သျှင်နေမင်းကို ဒက်ဒီပြောစရာရှိလို့ ..."

ဒက်ဒီက ဒီဒရိုင်ဘာကို အတော်လေး အားကိုးတကြီးဖြစ်နေသည်။

ဘာရည်ရွယ်ချက်ရှိလို့လဲ ...

အင်းလေး ...

သူမက ဖွဲ့နဲ့လက်ထပ်ပြီးရင် ဒက်ဒီ့စီးပွားရေးလုပ်ငန်းတွေမှာ ပါဝင်ကူညီနိုင်မှာ မဟုတ်တော့ပေ။

ဒရိုင်ဘာရဲ့ ဟန်းဖုန်းကို သူမ ဆက်သွယ်လိုက်သည်။

"ဟဲလို ... သျှင်နေမင်းပါ ..."

"ဒီမှာ ..."

"ဗျာ ..."

"ဒက်ဒီ နေမကောင်းလို့ ဆေးခန်းမှာ ရှင်အခုပဲပြန်လာခဲ့ပါ၊ ရှင့်ကို တွေ့ချင်နေတယ် ..."

"ဘယ်ဆေးခန်းလဲ ..."

"ရွှေဂုံတိုင် အထူးကုဆေးခန်း ..."

"ကျုပ် အခုပဲလာခဲ့မယ်လို့ အန်ကယ့်ကို ပြောပေးပါ"

သူ ...



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပူသွားသည်။

"ဘာတဲ့လဲ သား ..."

"အန်ကယ် ဆေးခန်းမှာတဲ့ အမေ ... ရုတ်တရက် နေမကောင်းဖြစ်သွားလို့ တင်လိုက်ရတာတဲ့ ..."

"ဟင် ..."

ဒေါ်စံပယ်လည်း ကိုစစ်နိုင်အတွက် စိတ်ပူသွားမိသည်။

အသက်တွေ ကြီးလာပြီ ... ။

ငယ်ချစ်ဦးအနေနဲ့ ဒေါ်စံပယ် သံယောဇဉ်ကြီးမားစွာ တွယ်ခဲ့ရသည်။

ပတ်ဝန်းကျင်ရဲ့ အထင်အမြင်သေးမှုတွေ ခံရမှာစိုး၍ မိမိအနေနှင့် ကင်းအောင်နေမိခြင်းဖြစ်သည်။

"အမေရော လိုက်ကြည့်ပါလား ..."

"နေပါစေ သားရယ် ... သိပ်ဖြစ်တာမှ မဟုတ်တာ ... သူတို့က သူ့ဒွေးတွေပဲ ဆေးကုနိုင်ပါတယ် ..."

ဟိုကောင်မလေး နွေညလေးနှင့် မိမိရင်မဆိုင်လိုပေ။

မိမိကို တစ်မျိုးထင်တော့မည်။

ဒေါ်စံပယ်က ဘယ်တော့မှ မိမိဂုဏ်သိက္ခာကို အကျမခံခဲ့ပေ။

မာန်မာနတွေနှင့် နေခဲ့သည်။

"သား သွားလေ ..."

"မေမေ လိုက်ကြည့်သင့်တယ် ထင်တယ် ..."

"မလိုက်တော့ပါဘူးကွယ် ..."

"မေမေ ..."





"ဟင် ..."

"လိုက်ခဲ့ပါ ..."

"မေမေမလိုက်တော့ပါဘူး ... သူငယ်ချင်းတွေဖြစ်ပေမယ့် မေမေက ခပ်ကင်းကင်းနေချင်တယ် ..."

မေမေ မာနကြီးတာ သျှင်နေမင်းလည်း သတိထားမိသည်။

အန်ကယ်နှင့် မေမေက ငယ်စဉ်က အတော်လေးရင်းနှီး ကျွမ်းဝင်ခဲ့ပုံပင် ... ။

မေမေက မာနရှိသည်။

"အန်ကယ့်ကို မေမေ ကြည့်သင့်တယ်လို့ ကျွန်တော်ထင်တယ် ..."

"မင်းသွားပါ ... မင်းအန်ကယ်ကို စောင့်ရှောက်ပါ ... သားဘဝကို မြေတောင်မြှောက်ပေးနိုင်မယ့်သူ ..."

မေမေ့ကို ဘယ်လိုမှ ခေါ်မရ၍ သူထွက်လာခဲ့သည်။

နွေညလေးကြောင့်လား ...

အန်ကယ့်မှာ နှလုံးရောဂါရှိသည်။

နွေညလေးက အန်ကယ့်စကားကို နားမထောင်ပေ။

သွားချင်ရာသွား ... လုပ်ချင်ရာလုပ်နေ၏။

အန်ကယ် သဘောမကျဆုံးက ဖွဲ့နိုင်ကိုပဲ ...

ဖွဲ့နိုင်ကိုနှင့် နွေညလေးတို့ နီးစပ်သွားမှာ အကြောက်ဆုံးပင်။

သူ ဆေးခန်းရောက်သွားသည်။

"အန်ကယ် ..."

"မောင်သျှင်နေမင်း ..."



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ... "

"မင်းကို အန်ကယ်ပြောစရာရှိတယ် ... "

"ပြောပါ အန်ကယ် ... "

"အန်ကယ် အသက်ကြီးပြီ ... ကျန်းမာရေးလည်း မကောင်းတော့ဘူး ... စီစဉ်စရာရှိတာတွေကို စီစဉ်သွားချင်တယ် ... "

"ပြောပါ ... အန်ကယ် ... "

"သမီး ... "

"ရှင် ... "

"ဒက်ဒီ ... အခုပြောမယ့် စကားတွေက အရမ်းလေးနက်တယ် ... သမီးသေသေချာချာ နားထောင်ပါ ... "

"ပြောပါ ဒက်ဒီ ... "

သားကို ဒရိုင်ဘာ တစ်ယောက်အဖြစ် ဦးစစ်နိုင် မထားလိုပေ။

စိတ်ထိခိုက် ကြေကွဲရသည်။

မိမိလုပ်ငန်းတွေမှာ သားကို ဦးစီးလုပ်ဆောင်စေမည်။

"မောင်သျှင်နေမင်းကို ဒက်ဒီ့လုပ်ငန်းတွေမှာ ဦးစီးစေချင်တယ် ... "

"ဗျာ ... "

"ရှင် ... "

ညလေး နှုတ်ခမ်းလေးတွေ တွန့်မဲ့သွားရသည်။

ဒရိုင်ဘာကို အခွင့်အရေးပေးတာမျိုး ဒက်ဒီမလုပ်သင့်။

ဘယ်လောက် အရည်အချင်းရှိလို့လဲ ... ။





ဒရိုင်ဘာ တစ်ယောက်အနေနဲ့တောင် ကြီးကျယ်ခန်းနားနေတာ ...

"သမီး ... "

"ရှင် ... "

"ဒက်ဒီ့စကားကို နာခံပါ ... မောင်သျှင်နေမင်းက ဦးစီးလိမ့်မယ် ... "

"ဒက်ဒီ ... "

"သမီးသင်ပေးပါ ... ဒက်ဒီလည်း လက်တွဲခေါ်မယ် ... မောင်သျှင်နေမင်းက တာဝန်ကျေတယ် ... သစ္စာရှိတယ် ... ဒက်ဒီအားကိုးယုံကြည်တယ် ... "

ညလေး သိပ်ပြီး သဘောမကျမိ ... ။

"ဒီနေ့ကစပြီး မောင်ရင်က ဒရိုင်ဘာမဟုတ်တော့ဘူး"

"ဒက်ဒီ ... "

"ဒက်ဒီ့လက်ထောက်အဖြစ် တာဝန်ပေးတာ ... "

"သူက ... "

"မောင်သျှင်နေမင်းကို ဒက်ဒီယုံကြည်တယ် ... "

ဒက်ဒီ့ကို ဘာမှ မပြောချင် ... ကျန်းမာရေးမှမကောင်းတာဘဲ ...

"သမီး ... "

"ရှင် ... "

"မောင်သျှင်နေမင်းကို လက်တွဲပါ ... "

ဒက်ဒီ့စကားကို ညလေး လက်ခံလိုက်ရတော့သည်။

"မောင်သျှင်နေမင်းကရော ... "



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ကူညီမှာပါ … ဒါရိုက်တာတွေ ဘာတွေ မဟုတ်ပါဘူး … "

အန်ကယ့်ကို ကူညီချင်တယ် … ။

ဒရိုင်ဘာအလုပ်က ထွက်ရရင်ပဲ သူကျေနပ်ဝမ်းသာမိသည်။

"အန်ကယ်စိတ်ချမ်းသာအောင်နေပါ … ကျွန်တော် ကူညီမှာပါ … လိုအပ်တာတွေနိုင်းပါ … "

"မောင်သျှင်နေမင်းကို ဒက်ဒီအားကိုးတယ် … လုပ်ငန်းတွေ သင်ပေးရမယ် … သမီးလည်း ကူညီပါ … "

"ဟုတ်ကဲ့ပါ … ဒက်ဒီ"

ညလေးကတော့ ဒက်ဒီ့ကို စိတ်ချမ်းသာစေချင်မိသည်။

ဒက်ဒီ့ကျန်းမာရေး အခြေအနေအရ အနားယူသင့်နေပြီပဲ။

"မောင်သျှင်နေမင်းကို အန်ကယ်အားလုံး လွှဲအပ်တယ်"

"ညလေးက မိန်းကလေး … ဘာပဲဖြစ်ဖြစ် မောင်ရင့်ကိုပဲ အန်ကယ် ယုံကြည်တယ် … "

အန်ကယ် စိတ်ချမ်းသာမယ်ဆိုရင် သူဘာလုပ်ပေးရ လုပ်ပေးရပါ …

နွေညလေးကတော့ နှုတ်ခမ်းလေးတွေ တွန့်မဲ့နေတာတွေ့ လိုက်ရသည်။

မင်း … သဘောကျမှာ မဟုတ်ပါဘူး … ။

ဖွဲ့နိုင်ကိုနှင့် နွေညလေး အခြေအနေကို သူသိထားပြီးဖြစ် သည်။

နွေညလေးကို နားလည်ပေးဖို့ စဉ်းစားထားသည်။





အန်ကယ် ဆေးခန်းက ဆင်းရ[illegible]

"မောင်သျှင်နေမင်း … "

"နေမင်းလို့ပဲခေါ်ပါ အန်ကယ် … "

"နေမင်း … "

"ဗျာ … "

"အန်ကယ် ဘာမှ မလုပ်နိုင်တော့ဘူး … မင်းလုပ်ငန်းတွေ ဦးစီးပါ … "

ဦးစစ်နိုင်က သျှင်နေမင်းအား အခန်းထဲခေါ်ပြီး ပြောသည်။

မင်းက ဒက်ဒီ့သားအရင်း …

သမီးနဲ့ လက်ထပ်စေချင်တယ် … ။

သမီးလေးကိုလည်း စိတ်သောကတွေ ကင်းဝေစေချင် ယ်။

မယားပါသမီးအဖြစ်လည်း ပြောချင်တဲ့ ဆန္ဒမရှိ။

သားနှင့်သမီးတို့ နီးစပ်မှုရှိပြီး ချစ်သူတွေဖြစ်စေချင်သည်။

"သမီးလေးကို နားလည်ခွင့်လွှတ်ပေးပါ … အန်ကယ်မှာ င်တာက လုပ်ငန်းတွေအားလုံး မင်းဆုံးဖြတ်ချက်အတိုင်း လုပ်ခွင့် းတယ် … ဆိုတာပဲ"

"စိတ်ချပါ အန်ကယ် … ကျွန်တော် အစွမ်းကုန်ကြိုးစားပါ့ … "

သူ …

ပြန်ထွက်လာဖို့ ပြင်လိုက်သည်။

အန်ကယ်က အလုပ်တွေ မလုပ်နိုင်တော့ဘူးဆိုတော့ သူ



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားရမှာပဲ ...

"မောင်နေမင်း ..."

အခန်းဝမှာ သူ့ခြေလှမ်းတွေ ရပ်သွားပြီး ပြန်လှည့်ကြည့်မိသည်။

"ခွဲနိုင်ကိုဆိုတဲ့ ကောင်လေးနဲ့ သမီးပတ်သက်မှု အခြေအနေကိုသိလား ..."

"မသိပါဘူး အန်ကယ် ... နွေညလေးက စီးပွားရေးလုပ်ငန်းကြီးတွေကိုတောင် ဦးစီးပြီးလုပ်နေတာပဲ ... အမှားအမှန်ကိုရွေးချယ်တတ်မှာပါ ... အန်ကယ် စိတ်မပူပါနဲ့ ..."

"အခြေအနေမှန်ကို အန်ကယ် သိချင်တယ် ..."

"ဟုတ်ကဲ့ ..."

"နေမင်းမှာ သမီးကိုလည်းပြောဆို ဆုံးမနိုင်ခွင့်ရှိတယ်နော်"

"ဗျာ ..."

"အန်ကယ်လုပ်ရမယ့် အလုပ်တွေမှန်သမျှ ... နေမင်းလုပ်ပါ သမီးကိုလည်း အပ်ပါတယ် ..."

သူ ...

ထွက်လာခဲ့မိသည်။

နွေညလေးနှင့် ခွဲနိုင်ကိုက ချစ်သူတွေဖြစ်နေကြ၏။

ဒီကောင်မလေးကို ပြောဆိုဆက်ဆံဖို့ဆိုတာ မဖြစ်နိုင်ပေ

သူက ဒရိုင်ဘာ ...

အပြင်ရောက်တော့ နွေညလေးရဲ့ တင်းမာတဲ့ မျက်ဝန်းတွေနှင့် ဆုံမိသည်။





"ဒီမှာ ..."

"ဗျာ ..."

"ရှင် ... ဒက်ဒီကို ဘာတွေပြောနေတာလဲ ..."

"ဗျာ ..."

"ဘာဗျာလဲ ... ရှင့်ကို ရာထူးတိုးပေးလို့ ဘဝင်မမြင့်နဲ့နော် ဒရိုင်ဘာက ဒရိုင်ဘာပဲ ဒက်ဒီနေမကောင်းလို့ ကျွန်မ မဆန့်ကျင်တာ"

သူ ...

နွေညလေးဆိုတဲ့ သူဌေးသမီးကို တုံ့ဖက်ပြိုင်လိုခြင်းမရှိ။

အမိန့်က အန်ကယ့်ဆန္ဒပဲ ... ။

နွေညလေးကို ကျောခိုင်းပြီး သျှင်နေမင်း ထွက်ခဲ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၅ )

"ဒက်ဒီ နေမကောင်းဘူး မောင် ... "

"မောင့်မေမေလည်း နေမကောင်းဘူး ... ညလေး ... မင်း လာကြည့်ဦး ... "

ဒက်ဒီကိုတော့ မောင်ကလာကြည့်ဖို့ တစ်ခွန်းမပြောဘ

ညလေး ဒက်ဒီကိုလေးစားရှိသေဖို့ ဝေလာဝေး အထင်သေ အမြင်သေးပုံစံနှင့် မောင်က ပြောချင်နေသေးသည်။

မောင် အဓိကထားတာက မောင့်မေမေပဲ ... ။

ညလေးလည်း ရှိသေပါတယ် ... ။

"ညလေး ... "

"မောင် ... "

"မင်း အိမ်မှုကိစ္စတွေ သင်ပြီလား ... "

"ရှင် ... "

"ဘာရှင်လဲ ... "

"ဒက်ဒီ နေမကောင်းဘူးမောင် ... လုပ်ငန်းတွေက ကျွ





ပဲလုပ်နေရတာ ... "

"မင်းစီးပွားရေးလုပ်တာ မောင်လုံးဝသဘောမတူဘူးနော် အိမ်ရှင်မ ... ဗီသစေချင်တာ ... "

"လောလောဆယ် ဒက်ဒီနေမကောင်းသေးလို့ပါ ... "

"ညလေး ... "

"ဟင် ... "

"မင်းဒက်ဒီကို ဖွင့်ပြောပြီး ခေစပ်ထားရင် ကောင်းမလား"

"မဖြစ်သေးဘူး ... မောင် ဒက်ဒီ အရမ်းနေမကောင်းဖြစ် နေတယ် ... နှလုံးရောဂါဖြစ်နေလို့ပါ ... "

သူမ ...

ပျာပျာသလဲနှင့် ပြောမိသည်။

မောင့်ကို ဒက်ဒီက လုံးဝလက်မခံပေ။

သမီးအပေါ် အနိုင်ကျင့်မည့် ယောကျ်ားတစ်ယောက်ဟု သတ်မှတ်ထားသည်။

"နွေညလေး ... "

"ရှင် ... "

"မင်းဘာဖြစ်နေတာလဲ ... ငါ့ကို ဘာကောင်ထင်လို့လဲ၊ မင်းဒက်ဒီရဲ့ ငါ့ကို ခေါ်သွားဖို့ မင်းကြောက်နေတာ မဟုတ်လား"

သူမရဲ့ လက်မောင်းတွေကို ကြမ်းတမ်းစွာ ဆုပ်ကိုင်ပြီး ဒေါသတကြီးနှင့် မေးနေသည်။

မောင့်ကို ဘယ်လိုပြောရမလဲ ... ။

ဒက်ဒီက မောင်နဲ့ကျွန်မကို သဘောမတူဘူးလို့ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



လျှင် မောင့်ဒေါသတွေ ဘယ်လောက်အထိ ပေါက်ကွဲသွားမလဲ ...

"မင်းပြောစမ်း ... ငါ့ကို မင်းချစ်သူအဖြစ် မင်းဒက်ဒီရှေ့မှာ ထုတ်ဖော်ပြောဆိုဖို့ ဝန်လေးနေလား ... "

မောင် ...

ဒေါသတကြီးမေးနေသည်။

ကျွန်မ ...

ပျော့ခွေချင်နေမိသည်။

အင်အားတွေမဲ့စွာဖြင့် မောင့်ကို မော့ကြည့်မိနေ၏။

မောင်နဲ့တွေ့ဆုံရတိုင်း ပျော်ရွှင်ချမ်းမြေ့မှုတွေ မရရှိခဲ့ပေ။

ကြေကွဲဝမ်းနည်းမှုတွေ ...

သောကဝေဒနာတွေပဲ သူမနှလုံးသားတွေထဲ စူးဝင်နစ်နေခဲ့ရသည်။

အားငယ်ရ၏။

သေးသိမ်ခဲ့ရသည်။

မောင့်ဆီက အကြင်နာမျက်ဝန်းတွေထက် တင်းမာပြတ်တောက်နေတဲ့ ဒေါသမျက်ဝန်းတွေနဲ့ပဲ ဆုံမိနေ၏။

"နွေညလေး ... ပြောလေး မင်းဘာကြီးကျယ်ခမ်းနားနေရတာလဲ ... "

ညလေး ကိုယ်လုံးလေးပြင်းထန်တဲ့ လေျှင်ကြောထဲ မိနေသလို လှုပ်ခါယမ်းနေသည်။

ခန္ဓာကိုယ်မှာ အင်အားတွေ မဲ့လာရ၏။

ပျော့ခွေကျချင်သည်။

"လာ ... မင်း ဒက်ဒီကိုသွားတွေ့မယ် ... သမီး လက်ထပ်





တော့မယ်လို့ မင်းပြော ... "

မောင်က သူမလက်တွေကို ဆွဲခေါ်ဖို့ကြိုးစားသည်။

"မောင် ... ဒက်ဒီနေမကောင်းလို့ပါ ... ကျွန်မတောင်းပန်ပါတယ် ... မောင်ရယ် ... နော်၊ ခေါင်းအေးအေးထားပြီး စီစဉ်ဆောင်ရွက်ကြတာ အကောင်းဆုံးပါပဲ ... "

ဒက်ဒီ့ကို ကျွန်မလက်ထပ်ဖို့ကိစ္စတွေ ပြောလို့ လုံးဝမဖြစ်ပေ။

"မောင်ဟာ ... ဘယ်လိုကောင်မျိုးလဲဆိုတာ ... မင်းသိတယ် ... မဟုတ်လား ညလေး ... "

ညလေး ဘာဖြစ်နေတာလဲ ... ။

ကြောက်ကြောက်ရွံ့ရွံ့နဲ့ သူမဒက်ဒီ့ထံ သူ့ကိုခေါ်သွားဖို့ ဝန်လေး တွန့်တိုနေတာ သိသာနေသည်။

"မင်း ဈေးကိုင်နေတာလား နွေညလေး ... ဘာကြောင့်လဲ ပြော ... ပြောစမ်းပါ ... ပြောလေ ... "

"ဒက်ဒီ နေမကောင်းသေးလို့ပါမောင် ... ကျွန်မ တောင်းပန်ပါတယ် ... မောင်ကျေနပ်ပါနော် ... "

"ငါ ဘယ်မိန်းမကိုမှ အောက်မကျို့ခဲ့ဘူးဆိုတာ မင်းသိတယ်နော် ... နွေညလေး ... "

"ကျွန်မ သိပါတယ် ... "

"မင်းဒက်ဒီက ဘာတွေကြီးကျယ်ခန်းနားနေတာလဲ ... "

နွေညလေးရဲ့ ဒက်ဒီက သူ့ကိုခပ်တင်းတင်းနှင့် ပြောဆိုဆက်ဆံတာ ဖွဲလုံးဝမကျေနပ်ခဲ့ပေ ... ။

နွေညလေးက တန်ဖိုးမြှင့်တာလား ... ။



www.burmeseclassic.com

www.burmeseclassic.com



ဒါမှ မဟုတ် ...

နွေညလေး ဒက်ဒီက သူနှင့် သဘောမတူတာမျိုးလား။

ဒေါသတွေ ပေါက်ကွဲလွင့်စင်တော့မတတ် ဖြစ်နေရသည်။

"တောက် ... "

နွေညလေးကို သူချစ်မိသည်။

နှစ်သက်မြတ်နိုးစရာ ကောင်းသည်ဟု ထင်မှတ်ခဲ့မိ၏။

သူ့အနားမှာ ဝိုင်းဝိုင်းလည်နေတဲ့ မိန်းကလေးများထဲမှာ နွေညလေးကို ရွေးချယ်ခဲ့မိသည်။

နွေညလေးကို သူ့ပိုင်စံနှစ်ထဲ လောင်းချဖို့ သူကြိုးစားခဲ့၏။

မိန်းကလေးဘက်က သူ့ကိုတန်ဖိုးတကြီး လက်ထပ်စေချင်ခဲ့သည်။

ဖြစ်မလာခဲ့ ... ။

"တူ ... တူ ... တူ ... "

"တူ ... တူ ... တူ ... "

နွေညလေးရဲ့ ဟန်းဖုန်းမြည်လာသည်။

"ဟဲလို ... "

သူ

နွေညလေးကို စူးစိုက်ပြီးကြည့်မိသည်။

"ဟုတ်ကဲ့ ... ကျွန်မခဏနေရင် ပြန်လာခဲ့ပါမယ် ... လုပ်စရာရှိတာတွေကို ဒရိုင်ဘာကို လုပ်ခိုင်းထားပါ ... ချစ်ငုံ"

"ဟုတ်ကဲ့ ... "

အလုပ်ကိစ္စ ပေါ်နေပြီ ... ။

ညလေးရဲ့လက်ထောက် ချစ်ငုံက ဆက်သွယ်ခြင်းဖြစ်သည်။





ဒက်ဒီ မဟုတ်လို့တော်ပါသေးရဲ့ ...

မောင့်ကို ကျွန်မ ပြန်မယ့်အကြောင်း မလွဲမသွေပြောရတော့မည်။

"မောင် ... "

"မင်းပြန်ဖို့ ပြောမလို မဟုတ်လား ... နွေညလေး"

"အင်း ... "

"ဘာအကြောင်းနဲ့မှ မင်းထွက်မသွားရဘူး"

"ကျွန်မ ... "

"ဒီနေ့ တစ်နေ့လုံး ငါ့အနားမှာ မင်းနေ ... "

မောင်သည် ငယ်ငယ်လေးကတည်းက အနိုင်ကျင့်ဗိုလ်ကျတတ်သည်။

ကျွန်မကိုတင် မဟုတ် ... တစ်ခါတစ်ရံ လူကြီးတွေကိုပင် ရင့်သီးစွာ ပြောဆိုဆက်ဆံတတ်သည်။

"လောလောဆယ် ... ဒက်ဒီနေမကောင်းတော့ ... အလုပ်တွေကို ဦးစီးနေရတယ် ... မပြန်လို့မဖြစ်ဘူး ... နောက်ဆို ကျွန်မရဲ့ အလုပ်တွေကို ကိုသျှင်နေမင်းကို လွှဲပေးရမှာ ... "

"ဘာ ... "

"မောင်က အလုပ်မလုပ်စေချင်ဘူး မဟုတ်လား ... မောင်နဲ့ လက်ထပ်ပြီးရင် ကျွန်မ အိမ်ရှင်မ အလုပ်တွေပဲလုပ်မှာပါ ... ဘာ စီးပွားရေးမှ မလုပ်တော့ပါဘူး ... "

သူမ မောင့်ကို ချော့မော့ပြီး ပြောနေမိသည်။

"နွေညလေး ... သျှင်နေမင်းဆိုတာက ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟို … ဒက်ဒီ့လူယုံပါ … အရင်က ဒရိုင်ဘာလေ"

"ဘာ … "

မောင်သည် သူမ ဘာပဲပြောပြော ဒေါသတကြီးဖြစ်နေသည်။

"ဒီဒရိုင်ဘာက ဒရိုင်ဘာနဲ့ လုံးဝမတူဘူး … နွေညလေး မင်း အဖေက ဘာဖြစ်လို့ ဒီလောက်အထိ မြှောက်စားနေရတာလဲ"

"ဒက်ဒီက သူ့ကိုယုံကြည်နေတယ် … ကျွန်မ လုံးဝစိတ်မဝင် စားပါဘူး မောင် … ကျွန်မက မောင်ရဲ့အိမ်ရှင်မ အဖြစ် တာဝန် ကျေအောင် ထမ်းဆောင်ရမယ်လေ … "

"နွေညလေး … "

မောင့်လေသံတွေက တင်းမာပြတ်တောက်နေသည်။

"ငါ့ရဲ့ ဂုဏ်သိက္ခာတွေ မာန်မာနတွေကို ရိုက်ချိုးဖျက်ဆီးပစ်ဖို့ မင်းမကြိုးစားနဲ့နော် … "

မောင် …

ဘာတွေပြောနေတာလဲ …

ကျွန်မ စဉ်းစားမရခဲ့။

"မင်းဒက်ဒီကို မောင်နဲ့လက်ထပ်မဲ့အကြောင်းပြောပါ … သဘောတူရင် လူကြီးစုံရာနဲ့ ဇွဲစပ်မယ် … "

"ဟင် … "

မဖြစ်နိုင်တာဘဲ … ။

ဒက်ဒီကျေနပ်တဲ့အထိ မောင့်ဘက်မှ ပြုမူဆောင်ရွက်မှဖြစ်မည်။





မောင်က ကိုယ့်ကိုယ်ကို အထင်ကြီးနေသလို ကျွန်မက လည်း အရာအားလုံး ပြည့်စုံပြီး ဂုဏ်ဒြပ်တွေကြီးမားတဲ့ မိန်းကလေး ပဲ …

"လောလောဆယ် ဒက်ဒီနေမကောင်းသေးဘူး … အေး အေးဆေးဆေးမှ ကျွန်မတို့ ဆွေးနွေးကြတာပေါ့ … ကျွန်မကို နားလည်ပေးပါနော် … ဒက်ဒီ့လုပ်ငန်းတွေကို ကျွန်မပဲဦးစီးနေရ တာ … "

"မင်း မသွားရဘူး … သျှင်နေမင်းဆိုတဲ့လူနဲ့ မင်းကို … "

"မောင် ဘာတွေစဉ်းစားနေတာလဲ … သူက ဒရိုင်ဘာပါ။ ဒက်ဒီ့လူယုံ … အလုပ်အပေါ် ကြိုးစားတယ် … သစ္စာရှိတယ် … ဒါပဲ … "

"မင်း လိမ်နေတာပဲ … "

"ကျွန်မကို ယုံပါနော် … မောင်ကလွဲပြီး ကျွန်မ ဘယ်သူ့ကိုမှ မချစ်ဘူး … မောင်လက်ခံပါနော် … "

မောင့်ကို ပြောမိသည်။

မောင်နားလည်ပေးသင့်ပါတယ် … ။

ငိုချင်လာမိသည်။

လုပ်ငန်းတွေကိုလည်း သူမနှင့် ဒရိုင်ဘာသျှင်နေမင်းတို့ ဦးစီးနေ၏။

သူ … ထက်မြက်သည် လုပ်ငန်းတွေကို ဦးဆောင်နိုင်သည်။

သူမကတော့ အထင်မကြီး … ။

ဒက်ဒီကတော့ သူ့ကိုယုံကြည် အားကိုးလွန်းနေသည်။

"မောင် … "



www.burmeseclassic.com

www.burmeseclassic.com



"ပြော ..."

"ကျွန်မပြန်တော့မယ် ..."

"မောင်လိုက်ပို့မယ် ..."

"ကျွန်မမှာ ကားပါတယ် ..."

"မင်း ဘာဖြစ်နေတာလဲ ... မင်းနောက်ကို ငါလိုက်မှာ ဘာလို့ ကြောက်နေတာလဲ ..."

"ကျွန်မပြန်တော့မယ် မောင် ... ဒက်ဒီနေမကောင်းဖြစ်နေတဲ့အချိန်မှာ ဒက်ဒီ့ကို စိတ်အနှောင့်အယှက် မဖြစ်စေချင်လို့ပါ"

ဒက်ဒီက မောင်နှင့် လက်ထပ်ဖို့ သဘောမတူပေ။

ကျွန်မရဲ့ အိမ်ထောင်ဖက်ကို ဒက်ဒီရွေးချယ်ထားပြီးပြီဟု ပွင့်လင်းစွာ ပြောခဲ့သည်။

"မောင် ..."

"ပြော ..."

"ကျွန်မ မောင့်ကို အမှန်တစ်ခု ပွင့်ပွင့်လင်းလင်း ပြောထားချင်ပါတယ် ..."

"မင်းဒက်ဒီက ငါနဲ့ သဘောမတူဘူးလား ..."

"ဒက်ဒီ့မှာ ကျွန်မနဲ့လက်ထပ်ပေးဖို့ ရွေးချယ်ထားပြီးသားရှိနေတယ်တဲ့ မောင် ..."

"ဘာ ..."

အသံနက်ကြီးနှင့် အော်ဟစ်လိုက်ပြီး သူမကို ဆက်ခနဲကြည့်သည်။

"မင်း ဘာပြောတယ် ... ဟို ဒရိုင်ဘာကောင်လား ... မင်းအဖေက မင်းနဲ့နီးစပ်မှုရှိလာအောင် တမင်စီစဉ်နေတာလား"





"ကျွန်မ ဘာမှမသိဘူးမောင် ... ဒက်ဒီက မပြောသေးဘူး လောလောဆယ်မှာ ဒက်ဒီနေမကောင်းဖြစ်နေတော့ ..."

"မင်းသွားတော့ ... နွေညလေး ... မင်းဒက်ဒီလောက် ညံ့ဖျင်းတဲ့ ဖခင်မျိုး ငါမတွေ့ဖူးသေးဘူး ... ငါ့အတွက် မင်းထက် ချောမောလှပပြီး ဂုဏ်ဒြပ်တွေနဲ့ ပြည့်စုံတဲ့ မိန်းမတွေ အများကြီးပဲ မင်းထွက်သွားတော့ ... သွား ..."

သူ ...

အော်ဟစ်မိသည်။

နွေညလေးပြန်သွားတော့ သူ့ရင်ထဲက ဒေါသတွေပေါက်ကွဲကုန်၏။

"ကဲကွာ ..."

"ကွဲကွာ ..."

သိန်းပေါင်းများစွာ တန်သော သူ့ကားဘော်ဒီကို ပိတ်ကန်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၆ )

မောင့်ကို ကျွန်မချစ်သည်။

မခွဲခွာလိုတာတော့ အမှန်ပင်ဖြစ်၏။

အရာအားလုံး ပြည့်စုံနေတဲ့မောင့်ကို ကျွန်မ အပျိုဘော်ဝင်စ စိတ်ကစားတတ်တဲ့ အရွယ်ကတည်းက မျှော်လင့်နေခဲ့သူဖြစ်သည်။

မောင် အနိုင်ကျင့် ဗိုလ်ကျမှုတွေကို သည်းခံခဲ့သည်။

မောင်ကချစ်သည်ဟု ပြောခဲ့စဉ်က ကျွန်မအရမ်းဝမ်းသာ ပျော်ရွှင်ခဲ့မိသည်။

သူငယ်ချင်းတွေ အလယ်မှာ ဂုဏ်ယူဝံ့ကြွားခဲ့မိ၏။

"ခွဲနိုင်ကိုနဲ့ သမီး ကင်းကင်းရှင်းရှင်းနေဖို့ ဒက်ဒီပြောချင်တယ် ... ခွဲနိုင်ကို့ကို ဒက်ဒီ လုံးဝသဘောမကျဘူး ..."

မောင်နဲ့ ကျွန်မကြားမှာ ထုထည်ကြီးမားတဲ့ နံရံတံတိုင်းကြီး တစ်ခု ဝုန်းခနဲ ပြုတ်ကျပြီး ကာရန်ပစ်လိုက်သလို ဖြစ်သွားသည်။

မောင့်ကို ရဖို့အတွက် ကျွန်မ ဘာမဆိုရင်ဆိုင်ရဲ၏။

ဒါပေမဲ့ ... မာန်မာနကြီးတဲ့ ယောကျ်ား ...





ဘယ်လို အခြေအနေမျိုးကိုမှ ဒူးထောက်အညံ့ခံမှာမဟုတ်။

ကျွန်မ အရမ်းခံစားနေရတယ် မောင် ...

တကယ်တမ်းကျတော့ ...

မောင့်အချစ်တွေကို ကျွန်မရယူပိုင်ဆိုင်ချင်ဆုံးပါ။

ကျွန်မ ...

အလုပ်တွေကို စိတ်မဝင်စားမိ။

မောင့်ကို ဘယ်လိုချော့မော့ရမလဲဆိုတာ စဉ်းစားနေမိသည်။

ဒက်ဒီ့ကို ပွင့်ပွင့်လင်းလင်းပဲ ပြောမယ် ... ။

ဟုတ်တယ် ... ။

ကျွန်မ ပြတ်သားသင့်တယ် ... ။

မောင် မမှားဘူး ... ။

မောင်က အိမ်ရှင်မ ပီသတဲ့ မိန်းမကို ရွေးချယ်မယ်ဆိုလို့ ...ိန်းမြမြအိမ်မှုကိစ္စတွေ သင်ကြားနေခဲ့သည်။

ကျွန်မက မောင့်ဆန္ဒတွေကို ဘာမှမပေးစွမ်းနိုင်သူ။

ဒက်ဒီက သဘောမတူဘူးတဲ့ ... ။

မောင် ခံပြင်းမှာပဲ ... ။

အဖက်ဖက်က ပြည့်စုံတဲ့မောင်က ...

ပေါက်ကွဲနေမှာ သေချာသည်။

မောင့်ဟန်းဖုန်းကိုဆက်တော့ ကျွန်မအသံကြားသည်နှင့် ...ာ်ပစ်လိုက်သည်။

"မောင် ကျွန်မ ရှင်းပြတာကို နားထောင်ပါ ... ခဏလေး ...မောင် ... ဖုန်းမပိတ်ပါနဲ့နော် ... ဒက်ဒီကို ကျွန်မ ပြတ်ပြတ်သား



www.burmeseclassic.com

www.burmeseclassic.com



သား တောင်းဆိုမယ် ... မောင့်ကို ကျွန်မချစ်တယ် ... မောင့်ဆန္ဒတွေ ပြည့်ဝဖို့ ကျွန်မ ကြိုးစားမယ် မောင် ... ဟဲလို ... မောင် ... မောင် ...”

ဖုန်းပိတ်သွားသည်။

ကျွန်မပြောနေတဲ့စကားတွေကိုကော မောင်ကြားရဲ့လားမသိ ... ။

မောင့်ကို လုံးဝမစွန့်လွှတ်နိုင်ဘူးဆိုတာ ကျွန်မအသိဆုံးဖြစ်နေသည်။

ဒက်ဒီ့ကို ဖွင့်ပြောရင် ဒရိုင်ဘာက အဓိကပဲ။

မဖြစ်ဘူး ... ။

မာနတွေထားလို့ မဖြစ်ဘူး ... ။

ဒရိုင်ဘာက ဒက်ဒီ့လူယုံဖြစ်နေ၍ ဒက်ဒီ့စိတ်တွေ ပျော့ပျောင်းသွားစေရန် အဓိကဖျောင်းဖျနိုင်သူဖြစ်သည်။

အလိုက်အထိုက်နေ၍ စည်းရုံးရမယ်။

ဒရိုင်ဘာက သိပ်တော့ဘဝင်မမြင့်သေးဘဲ သူမကားကိုဆေးနေသည်။

ဘယ်ဆိုးလို့လဲ ...

ဘဝမမေ့သေး ...

အခုတလော ...

ဒက်ဒီက ဘုရားခန်းထဲက မထွက်အောင် ဘုရားကို အာရုံပြုနေခဲ့သည်။

သူမ ... ဒရိုင်ဘာနား ကပ်လာခဲ့သည်။

“ဒရိုင်ဘာ ...”





“ဟင် ...”

“ရှင် ကားရေဆေးနေတာ ဒက်ဒီတွေ့သွားရင် ကျွန်မ ပြဿနာတက်နေပါ့မယ် ... ထားလိုက်ပါ ... ရှင့်ရာထူးနဲ့ မသင့်တော်ဘူး ... ထင်ပါတယ် ...”

သူမ မျက်နှာချိုသွေးလိုက်သည်။

“ဒရိုင်ဘာ ...”

“ဟင် ...”

“ရှင့်ကို မေးစရာတစ်ခုရှိလို့ ... ပြီးတော့ ရှင်နဲ့လည်းတိုင်ပင်စရာရှိလို့ပါ ...”

“ဗျာ ...”

“ရှင်က ဒက်ဒီရဲ့ လူယုံဖြစ်နေတာလေ ... ကျွန်မရင်ထဲက အကြောင်းအရာ အကြိတ်အခဲတွေကို ဖြေရှင်းနိုင်မယ့် နည်းလမ်းတွေ့မလားလို့ ... တိုင်ပင်ချင်တာပါ ...”

သျှင်နေမင်းကတော့ နွှေညလေး စကားလမ်းကြောင်းလိုက်ကတည်းက နည်းနည်းတော့ တုန်လှုပ်နေသည်။

သူ့အပေါ် အမြဲ အထင်အမြင်သေးနေတတ်သော သူမက

“ကိုသျှင်နေမင်း ...”

“ဗျာ ...”

ကိုသျှင်နေမင်းတဲ့ ...

အခေါ်အဝေါ်တွေပင် ပြောင်းသွား၍ အံ့သြသွားရ၏။

“အချစ်ဆိုတာကို ရှင်ခံစားဘူးလား ... ရှင် ချစ်သူကောထားဖူးလား ... အသည်းကွဲဘူးလား ...”



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... "

"ဟင့်အင်း ... ဆိုတော့ ဒီအသက်အရွယ်အထိ ရှင့်မှာ ချစ်သူ မရှိခဲ့ဖူးလို့ ... ပြောတာလား ... မဖြစ်နိုင်တာပဲ ... ဘာလဲ ကျွန်မကို ကိုယ်ချင်းစာပေးရမှာစိုးလို့ ... မထားဖူးဘူးလို့ ပြောတာ မဟုတ်လား ... "

"ဒီမှာ အမိ ... ကျုပ်က ဆင်းရဲတယ် ... မုဆိုးမအမေနဲ့ ကျောင်းပညာရေးတောင် ချို့ချို့တဲ့တဲ့ သင်လာခဲ့ရတာ ... ကျုပ်က မိန်းမတစ်ယောက်ကို တာဝန်မယူနိုင်ဘဲ ချစ်တယ်လို့ မပြောဘူး ချစ်သူ အဖြစ်လည်း မထားဘူး ... "

ကြီးကျယ်လိုက်တာ ...

ရည်းစားမထားဖူးဘူးဆိုတော့ ဘာမှခံစားတတ်မှာ မဟုတ်။

သူမ စိတ်ဓာတ်ကျသွားသည်။

"ကျုပ်ဘဝမှာ အမြဲရုန်းကန်ကြိုးစားနေရတာပါ ... အမိကို ကိုယ်ချင်းမစာလို့ မဟုတ်ပါဘူး ... အချစ်ဆိုတာကို ကျုပ် မခံစားတတ်လို့ပါ ... "

"ရှင့်ကို ပွင့်ပွင့်လင်းလင်းပဲပြောမယ် ... ကျွန်မနဲ့ဖွဲ့ကချစ်သူတွေ ... သူက အခု လက်ထပ်ခွင့်တောင်းနေပြီ ... ဒက်ဒီ့ကို ပွင့်ပွင့်လင်းလင်း ပြောမှ ဖြစ်တော့မယ် ကိုသျှင်နေမင်း ... "

သူထိတ်လန့်သွားသည်။

အန်ကယ်က ဖွဲ့နိုင်ကိုနှင့် နွေညလေးကို လုံးဝသဘောမတူပေ ... ။

"ဒက်ဒီက ကျွန်မကို အရမ်းချစ်တယ် ... အတင်းအကျပ်





တောင်းဆိုရင် ငြင်းမှာ မဟုတ်ဘူး ... "

"အန်ကယ် နေမကောင်းသေးဘူးနော် ... နွေညလေး"

"ရှင့်ကိုဖျောင်းဖျပေးဖို့ တောင်းဆိုတာပါ ... ဖွဲ့နဲ့အဝေး မခံနိုင်ဘူး ... ကျွန်မ ဖွဲ့ကိုချစ်တယ် ... မစွန့်လွှတ်နိုင်ဘူး ... ဒက်ဒီ စီးပွားရေး လုပ်ငန်းတွေကို မောင်ကလုပ်ခွင့်ပေးမှာ မဟုတ်ဘူး။ အဲတော့ ... ရှင့်လက်ထဲရောက်မှာပဲ ... "

နွေညလေး စကားတွေကို နားမထောင်တော့ဘဲ ချာခနဲ လှည့်ထွက်လာမိသည်။

စေတနာနဲ့ ပြောပေးမယ်ဆိုရင်တောင် စီးပွားရေးလုပ်ငန်းတွေလိုချင်လို့ ထင်ဦးမယ် ...

"ကျုပ်က ယောကျ်ားပီသတဲ့ ယောကျ်ားတစ်ယောက်ပါ နွေညလေး ... "

"ရှင် လူတစ်ယောက်ပဲ ... ကိုယ်ချင်းစာတရားမရှိတဲ့သူ မုန်းတယ် ... ရှင် သိပ်ပြီး ဘဝင်မြင့်မနေနဲ့ ... "

နွေညလေးရဲ့ မကျေမနပ်အော်ပြောသံတွေက သူ့နားထဲ စူးရှစွာပြေးကပ်လာကြသည်။

ကိုယ်ပြောပေးမှာပါ ... ။

မင်း စိတ်ချမ်းသာစေရမယ် ... ။

တမင် နွေညလေးကို ကတိမပေးဘဲ ကျောခိုင်းထွက်လာခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၇ )

"နွေညလေးကို မင်းရအောင်ယူသင့်တယ် သား ... စီးပွားရေးကို နားလည်ပြီး ... ငွေကြေးလည်းချမ်းသာတယ် ... သားထားရာနေ စေရာသွားမယ့် မိန်းကလေး ..."

သူ ...

စဉ်းစားနေမိသည်။

နွေညလေးကိုတော့ သူမြတ်နိုးသည်။

လှပချောမောသော နွေညလေးသည် ဂုဏ်ဒြပ်တွေနှင့် ပြည့်စုံနေသည်။

အမွေအနှစ်တွေကို တစ်ဦးတည်းရမည်ဖြစ်သော မိန်းကလေး ...

"နွေညလေးကို သားစွန့်လွှတ်ဖို့ မကြိုးစားနဲ့နော် ..."

အတွက်အချက်တော်သော အမေက သူ့အိမ်ထောင်ရေးပါ တွက်ချက်ပေးနေ၏။

"သား ... တခြားကောင်မလေးတွေထက် နွေညလေးက





မြတ်နိုးတယ် မဟုတ်လား ..."

"အင်း ..."

"နွေညလေး ဒက်ဒီက သူ့သမီးအတွက် ရွေးချယ်ထားတာရှိနေပြီဆိုတော့ ... သားနဲ့ သဘောမတူဘူးဆိုတဲ့ သဘောပဲ မဟုတ်လား ..."

"နွေညလေးက သူ့ဒက်ဒီကို မပြောရဲသေးတာလည်း ဖြစ်နိုင်တာပဲ ... သား သူ့ကိုပြန်ပြီး ဆက်သွယ်လိုက်ပါ"

မေမေက တိုက်တွန်းနေသည်။

"သားကို တုပြိုင်မယ့် မိန်းမတစ်ယောက်ကို သားလက်မထပ်ချင်ဘူး ... မဟုတ်လား ..."

"ဟုတ်တယ် ... မေမေ"

"နွေညလေးကို ရွေးချယ်ပါ ..."

"သူ့ ဒက်ဒီက ..."

"သူ့သမီးကို သားအပိုင်ချုပ်ထားနိုင်ရင် ... မေမေကတော့ စီးပွားရေးလည်း နားလည် ... ပြစ်မျိုးမှဲ့မထင်တဲ့ နွေညလေးကို ရွေးချယ်စေချင်တယ် သားရဲ့ ... နွေညလေးကို မေမေကြည့်ရတာ သားဖြစ်စေချင်တဲ့ ... သားကို ဒူးထောက် အညံ့ခံမယ့် မိန်းကလေးပဲ ..."

ဟုတ်တယ် ... ။

နွေညလေးကို သူငယ်စဉ်ကတည်းက ဗိုလ်ကျအနိုင်ကျင့်လာခဲ့တာပဲ ... ။ အမြဲတမ်း အနစ်နာခံခဲ့သည်။

သူထားရာနေ စေရာသွားမယ့် မိန်းကလေး ...



www.burmeseclassic.com

www.burmeseclassic.com



"သား ... နွေညလေးကို ဆက်သွယ်ပါ ... သားစိတ်တွေ အားလုံး လျှော့ချပစ်လိုက် ... နွေညလေးကို ရပြီးရင် လူတွေ အားလုံးကို အနိုင်ရပြီပဲ ..."

မေမေပြန်ထွက်သွားသည်။

နွေညလေး ဒက်ဒီကို မကျေနပ် ...

တွေးမိတိုင်း ဒေါသတွေ ဖြစ်နေမိသည်။

နွေညလေးကို ရအောင်ယူမယ် ... ။

"တူ ... တူ ..."

"တူ ... တူ ..."

ဖုန်းမြည်လာသည်။

နွေညလေး၏ ဖုန်းနံပါတ် ...

"မောင် ... ကျွန်မပါ ... ဖုန်းမပိတ်ပါနဲ့နော် ... တောင်းပန်ပါတယ် ... ကျွန်မ အခြေအနေကို နားလည်ပေးဖို့ တောင်းပန်ပါတယ် ..."

နွေညလေး ဖုန်းဆက်၍ အတော်ပဲဖြစ်သွားသည်။

"နွေညလေး ..."

"မောင် ..."

"မင်းကိုတွေ့ချင်တယ် ..."

"ကျွန်မလာခဲ့ပါ့မယ် ... မောင် ကျွန်မကိုတွေ့ချင်တယ်ဆိုလို့ ဝမ်းသာလိုက်တာ တကယ်ပါ ... မောင် ... ယုံနော်"

မောင့်ထံသို့ သူမ အပြေးအလွှား ရောက်လာရတော့သည်။

မောင်က ရုံးခန်းထဲမှာ အခန့်သားထိုင်ပြီး စောင့်နေ၏။





"မောင် ..."

"ထိုင် ..."

"မောင် ... ကျွန်မ ..."

"မင်းဒက်ဒီကို ပြောရဲတဲ့သတ္တိ မရှိသေးဘူးလား ..."

"ဒက်ဒီနေမကောင်းသေးလို့ပါ ... မောင့်ကို ကျွန်မချစ်တယ် ... လုံးဝ မစွန့်လွှတ်နိုင်ဘူး ..."

"ညလေး ... ဟို ဒရိုင်ဘာက မင်းထက်သြဇာရှိတယ်ဆို"

"ဒက်ဒီ့ တာဝန်တွေကို ခဏယူထားတာပါ ..."

"မောင့်ဘက်က စဉ်းစားကြည့်လေ ... မောင် ဘယ်လောက်ခံပြင်းမလဲ ..."

"ကျွန်မ မောင့်ကိုနားလည်ပါတယ် ... ဒက်ဒီက ကျွန်မကို အရမ်းချစ်တယ် ... ကျွန်မ ဆန္ဒတွေကို လိုက်လျောမှာပါ ..."

"မင်း ဒက်ဒီက ငါ့ကို သဘောမကျဘူးလို့ ပြောထားတယ် မဟုတ်လား ..."

"မဟုတ်ပါဘူးမောင် ... ကျွန်မနဲ့ မောင်ချစ်သူ မဖြစ်ခင်ကတည်းက ဒက်ဒီသဘောတူတဲ့ လူရှိတယ်လို့ ပြောထားတာပါ"

"ထားလိုက်ပါတော့ကွာ ... ဒီနေ့ တစ်နေ့လုံး မောင့်အနားမှာ ညလေးနေရမယ် ..."

"နေမှာလား ..."

"အင်း ..."

"ညလေးကို မောင်ဖြစ်စေချင်တဲ့ ဇနီးတစ်ယောက်ဖြစ်အောင် လေ့ကျင့်ပေးမလို့ ..."

နည်းနည်းတော့ လန့်သွားရသည်။

www.burmeseclassic.com



မောင် ...

ဘာတွေ လေ့ကျင့်ပေးမှာလဲ ...

"မောင် ခဏနော် ... ကျွန်မ သန့်စင်ခန်းသွားချင်တယ်"

"သွားလေ ..."

အထဲရောက်တော့ ... အသံ သိပ်မထွက်ရဲ ...

"ဒရိုင်ဘာ ..."

"ဗျာ ..."

"ကျွန်မမှာ ကိစ္စတစ်ခုရှိလို့ ဒီနေ့ ပြန်လာနိုင်မှာမဟုတ်ဘူး"

"မကြားရဘူး ... ဘယ်သူလဲ ... ဟဲလို ... ဟဲလို ... ကျယ်ကျယ်ပြောပါ ..."

ဒုက္ခပါပဲ ...

အရေးထဲ နားလေးလိုက်တာနော် ...

"ဒီမှာ ကျွန်မ နွေညလေးပါ ... ဒီနေ့ မလာနိုင်တော့ဘူး ရှင်ပဲ တာဝန်ယူလိုက်ပါ ... ကြားလား ..."

"ကောင်းပြီ ... အမိ ကျွပ်ကြားတယ် ... အမိချစ်သူနဲ့တွေ့နေတာလား ..."

"ဟုတ်တယ် ..."

ဖုန်းပိတ်ပြီး မောင့်အနားသို့ ပြန်လာခဲ့မိသည်။

"ညလေး ... မင်းက စီးပွားရေးမှာ အကွက်မြင်သလောက် အိမ်မှုကိစ္စတွေကို စိတ်မဝင်စားဘူး ... မဟုတ်လား"

"အခုကစပြီး ... ကြိုးစားမယ်လေ ... မောင့်ကို ဘာလုပ်ပေးရမလဲ ... ကော်ဖီဖျော်တိုက်ရမလား ..."

"အင်း ..."





မောင်ကျေနပ်စေရန် ကော်ဖီတစ်ခွက်ဖျော်ဖို့ ကြိုးစားနေမိသည်။

ကော်ဖီကို ခွက်လေးထဲထည့်ပြီး နို့ဆီထည့်ပေးလိုက်၏။

"ညလေး ... မောင် နို့ဆီထည့်တာ မကြိုက်ဘူး ... မင်းသိသားနဲ့ တော်တော်ညံ့တာပဲကွာ ..."

"ဟုတ်သားပဲ ... မောင်၊ ကျွန်မ မေ့သွားလို့ ..."

ကော်ဖီမစ် နောက်ထစ်ထုပ်ဖောက်ရ၏။

ရေနွေးထည့်သည်။

စိတ်တွေ လှုပ်ရှားနေသဖြင့် ရေနွေးဓာတ်ဘူး လွတ်ကျသွားတော့၏။

"ဝုန်း ..."

"ချလွမ်း ..."

ကျွန်မခြေထောက်ပေါ်သို့ ရေနွေးပူတွေ လောင်းကျသွားရသည်။

"အား ..."

မောင်က ထိုင်နေရာကနေ သူမအား မင်းညံ့တာပဲဟုပြောသည်။

ပူလောင်နာကျင်နေတဲ့ ဝေဒနာတွေကို ခံစားလိုက်ရတော့၏။

မောင့်ဝေယျာဝစ္စတွေ ဘာမှ မလုပ်ပေးနိုင်ဘဲ ဒဏ်ရာရသွားခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၈ )

"သမီး ..."

"ရှင် ... ဒက်ဒီ ..."

"ခြေထောက်ကို ရေနွေးပူလောင်အောင် သမီးဘာလုပ်လို့လဲ ... သမီးလေး ဘယ်တော့မှ ဒဏ်ရာမရခဲ့ပါဘူး ... ဘာတွေလုပ်လဲ ..."

"မဟုတ်ပါဘူး ... ဒက်ဒီ၊ ရုံးမှာ သူများကိုင်လာတဲ့ ခွက်ဘူးကို သမီးက ဝင်တိုက်မိလို့ပါ ..."

"ဖြစ်ရလေကွယ် ... တကယ် နမော်နမဲ့နိုင်ကြတဲ့သူတွေပဲ သမီးလေးလာတာ မမြင်ဘူးလား ..."

ဒက်ဒီက စိတ်ပူပြီး သမီးအတွက် စိတ်ထိခိုက်ကြေကွဲနေသည်။

"သမီးလေး သတိထားနော် ... ဒက်ဒီ အရမ်းစိတ်ပူနေတယ် ကားကိုလည်း ဒရိုင်ဘာကို မောင်းခိုင်းပါဆို ... သမီးကိုယ်တိုင် မောင်းချင်တယ် ..."





ဒက်ဒီပြောပြီး ထွက်သွားသည်။

"နွေညလေး ..."

"ဟင် ..."

"အန်ကယ်က အတင်းအကျပ်လွှတ်လို့ မင်းကိုသတင်းလာမေးတာပါ ..."

"ဟင် ..."

ဒီဒရိုင်ဘာကို ဒက်ဒီအရေးပေးလွန်းသည်ဟု ထင်မိသည်။

"နွေညလေး ... မင်းဒဏ်ရာက ..."

"ဒရိုင်ဘာ ..."

"ဟင် ..."

"ကျွန်မကိစ္စ ..."

"ကျုပ်ပြောဖို့ အခြေအနေကို စောင့်ကြည့်နေပါတယ်"

"ဒက်ဒီက ရှင့်ကို ယုံကြည်တယ် ... ရှင်ဖျောင်းဖျရင်ရမှာပေါ့"

"ဒီလောက်ကြီးတော့ အားမကိုးပါနဲ့ ... ကျုပ် ကြိုးစားပြီး ပြောပေးပါ့မယ် ..."

"ရှင် တကယ်ပြောပေးမှာလား ..."

"ပြောပေးပါ့မယ် နွေညလေး ... ကျုပ် တကယ်ပြောပေးမှာပါ ... မင်းဒဏ်ရာက ဟိုကရတာ မဟုတ်ဘူး ..."

"ဒါက အရေးမကြီးပါဘူး ... ကျွန်မနဲ့ ချစ်သူတွေဖြစ်နေတဲ့အကြောင်းကို ဒက်ဒီသိစေချင်တယ် လက်ခံအောင်လို့ ..."

"မင်းဒဏ်ရာ သက်သာပါတယ်နော် ..."

"အင်း ..."



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကတော့ အန်ကယ်စိတ်မချမ်းသာအောင် မလုပ်ချင်တာတော့ အမှန်ပဲ ..."

"ကျွန်မလည်း ဒက်ဒီစိတ်ဆင်းရဲအောင် မလုပ်ချင်ပါဘူး ... အချစ်ကြောင့်ပါ ... ကျွန်မမောင့်ကိုချစ်တယ် ... မစွန့်လွှတ်နိုင်ဘူး"

နွေညလေးကို သနားမိနေသည်။

မျက်ဝန်းတောက်တောက်လေးတွေက မျက်ရည်တွေ ပြည့်ဝိုင်းချင်လာ၏။

ဖေ့ကိုချစ်တယ် ...

မခွဲချင်ဘူး ...

"ကျွန်မ မောင့်ကို မစွန့်လွှတ်နိုင်ဘူး ဒရိုင်ဘာရယ် ... အင်းလေ ... ရှင်က ချစ်သူမှ မထားဖူးတာ ... အချစ်အကြောင်း ဘယ်မှာလာပြီး ခံစားတတ်မှာလဲ ..."

မောင့်အတွက် လုပ်ပေးရင်း သူမ ရေနွေးပူလောင်သွားသည်။

ဒီလောက်တော့ ရှိမည်ဟု မောင်က ခပ်ပေါ့ပေါ့ပင်ပြော၏။

"ကိုသျှင်နေမင်း ..."

"ဟင် ..."

"ကျွန်မကို ကူညီပါနော် ..."

"ကူညီပါ့မယ် ..."

"ရှင်က ယောကျ်ားပီသတဲ့ ယောကျ်ားတစ်ယောက်လို့ သတ်မှတ်ထားပါတယ် ..."

ဒုက္ခပါပဲ ... အန်ကယ်က ခွင့်မပြုရင် အခက်။

ဒါပေမယ့် ... နွေညလေးကို စိတ်တွေပျော်ရွှင်အောင်အေးချမ်းနေ





စေချင်သည်။ မျက်နှာလေးညှိုးသွားမှာ စိုးရိမ်မိ၏။

"သမီးကို အားပေးပါ ... မောင်ရင်၊ သမီးလေးစိတ်ဆင်းရဲမှာ နာကျင်မှာ အန်ကယ်အကြောက်ဆုံးပဲ ... မောင်နေမင်း"

အန်ကယ်မြတ်နိုးသော မိန်းကလေးကို ကျွန်တော်မြတ်နိုးနေမိပြီ။ မဖြစ်သင့်တာပဲ ... ။

တန်ရာတန်ရာဆိုတဲ့ စကားကို သူ့ခေါင်းတွေ အသိတရားတွေထဲ ထိုးနှက်ရိုက်သွင်းနေမိသည်။

"ကျွန်မကို ကူညီပါနော် ... ရှင့်ကို ဒက်ဒီက အရမ်းယုံကြည်အားကိုးတယ် ... ရှင်ဖျောင်းဖျပေးပါနော် ..."

နွေညလေးပြောတဲ့ စကားတွေကို သူပြန်ပြီးကြားယောင်နေမိသည်။ အိမ်ပဲပြန်လာခဲ့၏။

"သားပြန်လာလား ... ကိုစစ်နိုင်ရော နေကောင်းသွားပြီလား ..."

"ဟုတ် ... သက်သာတယ် အမေ ..."

"သား ..."

"ဗျာ ..."

"နွေညလေးဆိုတဲ့ ကောင်မလေးနဲ့ရော သားအဆင်ပြေရဲ့လား ..."

အမေ့ကို ပြောပြချင်မိသည်။ သူ ...

ဘယ်လိုကိစ္စမျိုးမဆို အမေ့ကို ဖွင့်ပြောပြီးတိုင်ပင်နေကျ။

"အမေ ... နွေညလေးမှာ ချစ်သူရှိတယ် ..."

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်က သူ့သမီးနဲ့ ချစ်သူဖွဲ့နိုင်ကိုကို လုံးဝ သဘော မကျဘူးဖြစ်နေတယ် ... အဲဒါ သားကို ဖျောင်းဖျပေးဖို့ အကူအညီ တောင်းနေတယ် အမေ ..."

"သားကရော ..."

"အမေ ... အန်ကယ်က လက်ခံပါ့မလား ..."

"မဖြစ်နိုင်ဘူးသား ... မင်း အန်ကယ်ပိုပြီး စိတ်ထိခိုက်သွား လိမ့်မယ် ... အသက်အန္တရာယ်ပါ စိုးရိမ်ရတယ် ... အမေ့ကို ရင်ဖွင့် ဖူးတယ် ... သူ့မှာ သမီးအတွက် ရည်မှန်းထားသူ ရှိနေတယ်တဲ့"

"ဘယ်သူလဲ ... အမေ"

"အဲဒါတော့ သားသိဖို့ မလိုသေးပါဘူးကွယ် ..."

သူလား ... မဖြစ်နိုင်တာဘဲ ...

အန်ကယ်က အရေးပေးပေမယ့် နွှေညလေးက အထင် သေးလွန်းနေတယ် ...

"သားကို အမေမေးစရာတစ်ခုရှိတယ် ... မင်းရင်ထဲမှာ ရှိတဲ့ အတိုင်းဖြေမလား ..."

"ဟုတ် ... ဖြေမယ် ... အမေ"

"နွှေညလေးကို သားနှစ်သက်မြတ်နိုးလား ... အမေ အရှင်း ဆုံးမေးမယ် ... သား၊ နွှေညလေးကို မင်းချစ်နေလား ..."

အမေ့ကို ကြည့်မိသည်။

သူ့ဘဝတွင် အမေ့ကို ဘယ်တော့မှ လိမ်ညာမပြောခဲ့ ...။

"ဖြေလေ ... သား ..."

"မေမေကလည်း ဘဝချင်းက တခြားစီပဲ ... သားက ချစ်နေ





ရင်တောင် နွှေညလေးကို သားဘယ်တော့မှ ရယူကြိုးစားမှာ မဟုတ်ဘူး ..."

"သား ... ယောကျ်ားတစ်ယောက်က ကောင်းကင်က ကြယ်ကို ဆွတ်ချင်ရင်တောင် ရနိုင်တာပဲ ..."

"အမေ ... ဘာကို ဆိုလိုတာလဲ ..."

"ကိုစစ်နိုင်က သူ့သမီးလေးအပေါ် ချစ်မြတ်နိုးပြီး ယုယ ကြင်နာမှုပေးနိုင်မယ့် ဘယ်လိုယောကျ်ားမျိုးမဆို ဝမ်းသာအားရ လက်ခံကြိုဆိုမယ်တဲ့ ..."

"သား အောက်တန်းကျတဲ့ ယောကျ်ားတစ်ယောက် မဖြစ် ချင်ဘူး အမေ ... စည်းစိမ် ဥစ္စာချမ်းသာတွေနဲ့ ပြည့်စုံနေတဲ့ မိန်း ကလေးကို အချောင်စိတ်နဲ့ ရအောင် မကြိုးစားချင်ဘူး ..."

သူ ... ထွက်လာခဲ့သည်။

"သား ..."

"ဗျာ ..."

အမေလိုက်လာသည်။

"မင်း ... ဘာဖြစ်နေတာလဲ ..."

"အန်ကယ့်ကို ဘယ်လိုဖျောင်းဖျရမလဲ စဉ်းစားမရတာပါ အမေ ..."

"မဖြစ်နိုင်ဘူး ... သား"

"အမေ ..."

"ဟင် ..."

"နွှေညလေးနဲ့ ဖွဲ့နိုင်ကိုကိုစွ အမေဖျောင်းဖျပေးရင် ဖြစ်မ လား ..."



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူး သား ... ဦးစစ်နိုင် စိတ်ဓာတ်တွေကျပြီး ဘုန်းဘုန်းလဲကျသွားနိုင်တယ် ... အသက်ပါ ဆုံးရှုံးသွားနိုင်တယ်"

ဒေါ်စံပယ်လည်း သားကို စိတ်မချနိုင်အောင်ဖြစ်နေသည်။

ကိုစစ်နိုင်က သားနှင့်မထင်မှတ်ဘဲ တွေ့ဆုံပြီး ဝမ်းသာအားရဖြစ်နေသည်။

ပျော်ရွှင်နေသည်။

အဓိက ...

သားနှင့် သမီးလက်ထပ်ဖို့ ...

ဦးစစ်နိုင်ရဲ့ မျှော်လင့်ချက်တွေကို ဖျက်ဆီးပစ်ဖို့ မဖြစ်ပေ။

"ကိုစစ်နိုင်အတွက် အမေစိတ်ပူတယ် ... ဒီကိစ္စဖျောင်းဖျဖို့ မလွယ်ဘူး ... သား"

"ကျွန်တော် ဘာဆက်လုပ်ရမလဲ ... အမေ"

"နွေညလေးကိုဖျောင်းဖျပါ ... ဖခင်စကားနားထောင်ဖို့ ပြောပါ ..."

မလွယ်ဘူးထင်တယ် ... ။

"အမေ့စကားကို နားထောင်ပါ သားရယ် ..."

အမေပြန်ထွက်သွားသည်။

နွေညလေး ... အချစ်ဆိုတာကို ကိုယ်ခံစားတတ်ပြီ ... ။

မင်းကို ဘယ်လိုပြောရမလဲ ... ။

မဖြစ်နိုင်ဘူးဆိုတဲ့ စကားကိုပဲ အထပ်ထပ် ပြောနေမိသည်။

## အခန်း ( ၁၉ )

ညလေးအနာက မသက်သာ။

အတော်လေး ခံစားနေရသည်။

နာကျင်နေ၏။

အလုပ်ပင် နားထားရသည်။

မောင်ဖုန်းဆက်သည်။

"ဒဏ်ရာကို အကြောင်းပြပြီး မင်းအပြင်မထွက်ဖို့ ကြိုးစားသလား ညလေး ..."

"မဟုတ်ပါဘူး ... မောင်၊ ကျွန်မ ခြေထောက်က တကယ်ပဲ နာနေတာပါ ..."

"မောင်လာတွေ့မယ် ..."

မတွေ့ပါနဲ့ဟု မပြောရဲ ... ။

"လာတွေ့လေ မောင် ..."

"မင်း ... အတိုးကြီးရှိလား ..."

"ဟင့်အင်း ..."



www.burmeseclassic.com

www.burmeseclassic.com



"မင်းအဘိုးကြီးမရှိလို့ မင်းက တွေ့ဖို့လက်ခံတာမဟုတ်လား"

"ဒက်ဒီက ..."

"တော်ပြီကွာ ... မောင်လာခဲ့မယ် ..."

မောင်နဲ့ ကျွန်မ လက်ထပ်ဖို့ ဒက်ဒီ့ကိုပြောလိုက်ရင် အကောင်းဆုံးပဲ ...။

ညလေး အောက်ထပ်သို့ ဆင်းလာခဲ့မိသည်။

"မမလေး အနားယူလေ ... ဘာလို့ အောက်ထပ်ကိုဆင်းလာတာပဲ ..."

အိမ်ဖော်မလေးက ပြောနေသည်။

"နွေညလေး ... မင်းနေကောင်းသွားပြီလား ..."

"ကျွန်မကောင်းတာ မကောင်းတာထက် အရေးကြီးတာ ပြောစရာရှိတယ်၊ အဲဒါက ... မောင်လာမယ်တဲ့ ..."

"ဘာ ..."

"ဒက်ဒီက မကြာခင်ပြန်လာတော့မှာ ... အဲဒါ ရှင်လိုက်သွားပြီ ... တစ်နေရာရာ ခေါ်သွားပါလား ..."

"ဟာ ..."

"ဟိုလေ ... စားသောက်ဆိုင်တစ်ခုခုပေါ့ ... ညနေစောင်းမှ ပြန်လာပါ ..."

ကိုသျှင်နေမင်းကို အကူအညီတောင်းရတော့မည်ဖြစ်သည်။

မောင့်ကို ပြန်ခိုင်း၍ ရမှာမဟုတ်။

"ဒက်ဒီ့ ကျန်းမာရေးအခြေအနေက မကောင်းသေးတော့





ရှင် ကူညီပါ ..."

"နွေညလေး ..."

"ဘာလဲ ... ရှင်က ကျွန်မကို မကူညီချင်ဘူးလား ..."

"မဟုတ်ပါဘူး ... မင်း နေကောင်းမှ အပြင်မှာတွေ့သင့်တယ် ... တော်ကြာ အနက်ကယ်က အကြာကြီးမနေရင် မင်းခက်မယ် ... ပြဿနာတွေတက်မယ် ..."

"ကိစ္စမရှိဘူး ... ကျွန်မရင်ဆိုင်မယ် ... ကျွန်မ မောင့်ကို ချစ်တယ် ... အဝေးမခံနိုင်တော့ဘူး ... ရင်ဆိုင်တော့မယ်"

"ဟင် ..."

အချစ်အတွက်နဲ့ နွေညလေးက ဖခင်တစ်ယောက်ရဲ့ အသက်နဲ့ထပ်ပြီး လောင်းတော့မှာပါလား ...။

"နွေညလေး ..."

"ရှင် ... ကျွန်မကို ဘာမှလာပြောစရာမလိုဘူး ... ဒက်ဒီက မြှောက်စားထားလို့ ကျွန်မအပေါ် အနိုင်ကျင့်ဖို့ မကြိုးစားနဲ့နော် ..."

"ကျုပ်က ..."

"ကျွန်မ မောင့်ကိုအရမ်းချစ်တယ် ... လုံးဝ မစွန့်လွှတ်နိုင်ဘူး ... ရှင့်မှာ အချစ်မှ မရှိတာဘဲ ... ဘယ်လိုလုပ်ပြီး ကိုယ်ချင်းစာနိုင်မှာလဲ ... တော်ပြီ ... ရှင့်ကို ဘာအကူအညီမှမတောင်းတော့ဘူး၊ ကျွန်မ ဒက်ဒီနဲ့ပဲ ရင်ဆိုင်မယ် ..."

သူ ဘာလုပ်ရမလဲ ...။

နွေညလေးအတွက် ဝိုင်းဝန်းလိမ်ညာမပေးဖို့ပဲ ဆုံးဖြတ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ထွက်လာခဲ့၏။

ခြံထဲမှ အထွက်တွင် နွေညလေးရဲ့ချစ်သူ ဖွဲ့နိုင်ကိုကား [illegible] လာသည်။

မင်းတော့ မလွယ်ဘူး ညလေး ... ။

တကယ့်ကို မာန်မာနတွေနဲ့ မာကျောခက်ထန်[illegible] ယောကျာ်းတစ်ယောက်ပဲ ... ။

သူ စိတ်ပူတာ အန်ကယ်ပဲ ...

တစ်ခါတစ်ရံ ...

သူနှင့် အန်ကယ်ရုပ်ချင်းဆင်သည်ဟု ထင်မိသည်။

အန်ကယ့်ရဲ့ မြေတောင်မြှောက် အားပေးမှုကြောင့် သူ[illegible] တင့်တယ်ခဲ့ရသည်။

အန်ကယ့်ကို စိတ်ချမ်းသာစေချင်၏။

ဖွဲ့နိုင်ကိုကတော့ ဒရိုင်ဘာတစ်ယောက်ကို ဒီလောက်အ[illegible] အရေးပေးနေတာ ရိုးသားမှု မရှိနိုင်ဟု ထင်မိ၏။

တိုက်ရှေ့ပေါ်တီကို အောက်တွင် သူ့ကိုကြိုဆိုနေ[illegible] နွေညလေး ...

ခြေထောက်မှာ ပတ်တီးနှင့် ...

ဘေးမှာ အိမ်ဖော်မလေးက တွဲမထူမတ်ထားပေးရသည်။

"မောင် ..."

"မင်းက ဒီအခြေအနေမျိုးထိတောင် ဖြစ်နေပြီလား နွေည လေး ..."

"အထဲဝင်လေ မောင် ..."

ဧည့်ခန်းမှာ ထိုင်ကြသည်။





မအေး ထွက်သွားၡ၏။

"မောင့်အတွက် စားစရာအသင့်ပြင်ဆင်ထားတာလေ"

"နွေညလေး ... မင်း ဒရိုင်ဘာ သိပ်ပြီးကြီးကျယ်ခန်းနား နေပါလား ..."

"ဒက်ဒီက ... အသက်ကြီးလာတော့ သူ့ကိုအရမ်းအားကိုး နေတယ်လေ ..."

"ညလေး ..."

"ရှင် ..."

"မင်းဒက်ဒီကို မောင်တို့ ပွင့်ပွင့်လင်းလင်းပဲ ရင်ဆိုင်ကြမယ်"

"ညလေးလည်း အဲဒါပဲစဉ်းစားနေတာမောင် ..."

"မင်း ဒက်ဒီရော ..."

"မရှိဘူး ..."

"မောင်တွေ့လိုက်မယ် ..."

ကျွန်မ ... မောင့်ကို မတားဆီးချင်တော့ပေ။

ဒက်ဒီနှင့် ရင်ဆိုင်ရမှာပဲ ... ။

ဒက်ဒီကတော့ စိတ်ထိခိုက်မှာပဲ ... ။

ဖွဲ့နိုင်ကိုနှင့် လုံးဝသဘောမတူနိုင်ကြောင်း ပြောထားခဲ့ သည်။

"မောင် ..."

"ဟင် ..."

"ကော်ဖီသောက်လေ ... ကျွန်မ ခြေထောက်နာနာနဲ့ဖျော် ထားတာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ညလေး ..."

"ဟင် ..."

"မင်းဒက်ဒီက ကိုယ့်ကို မလိုလားတဲ့ အမူအရာတွေပြလာရင်တော့ ... ကိုယ်မင်းကို ဘယ်လိုပုံစံနဲ့မှ လက်မထပ်နိုင်ဘူး ..."

"မောင် ..."

"ကိုယ်က သမီးရှင်တွေအတွက် အမျှော်လင့်ဆုံး ယောက်ျားပဲ ... မင်းဒက်ဒီ သိပ်ပြီး ကြီးကျယ်ခန်းနားလာရင် မောင်လက်မခံဘူး ..."

ဘုရားရေ ...

ဒက်ဒီက သဘောတူမှာ မဟုတ် ... ။

မလွယ်တော့ မလွယ်ဘူး ...

သူမ ...

ရင်တွေ တုန်နေသည်။

ဟိုဒရိုင်ဘာ မျောင်းဖျပေးထားရင်တော့ ကောင်းမှာပဲဟု တွေးမိနေ၏။

မောင်စောင့်နေ၏။

ဒက်ဒီ ပြန်မလာပေ။

"မောင် ... ပြန်မယ်"

မောင်ထလိုက်သည်။

သူမ ခြေထောက်အနာကြီးနှင့် မောင့်ကားနားအထိ လိုက်ပို့ရ၏။

"မမလေး ..."





"ဟင် ..."

"ဘာရုပ်လုပ်နေတာလဲ ..."

မအေးက သူမကိုတိုက်ထဲတွဲပြီး ခေါ်လာသည်။

"မမလေးချစ်သူက မမလေးအပေါ်လည်း မကြင်နာဘူးနော် ... ချစ်သူဘဝမှာတောင် ဒီလောက်နိုင်နေတာ လက်ထပ်ပြီးရင် မမလေးပိုပြီး စိတ်ဆင်းရဲရမယ် ..."

"မမလေး ..."

"ဟင် ..."

"ဒီလူကို လက်ထပ်မလို့လားဟင် ..."

"အင်း ..."

သူမ ဧည့်ခန်းထဲအရောက်တွင် ဒက်ဒီတို့ပြန်ရောက်လာ၏။

"သမီးလေးက ဧည့်ခန်းမှာ ထိုင်နေတာကိုး ... ဒက်ဒီ့ကို မောင်သျှင်နေမင်းက မြို့ပြင်ကိုခေါ်သွားလို့လေ ... လေကောင်းလေသန့်ရှူရအောင်လို့တဲ့ ..."

ရှင်က ကျွန်မကို ကူညီတာပေါ့လေ ...

မလိုတော့ဘူး ...

ကျွန်မတို့ ရင်ဆိုင်တော့မှာ ...

ဒက်ဒီ့ကို ဖွင့်ပြောဖို့အတွက် သူမသတ္တိမရှိဘဲ ဖြစ်သွားရသည်။

ဒက်ဒီသည် သူမရဲ့ ပခုံးလေးကို ဆုပ်ကိုင်လိုက်ပြီး ပီတိအပြုံးတွေနှင့် ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂၀ )

"ရှင် ... ကျွန်မတို့ ကူညီစရာမလိုတော့ဘူး ... ကျွန်မ သတ္တိရှိရှိရင်ဆိုင်တော့မယ် ... "

"ကောင်းတာပဲ ... "

"ကျွန်မတို့နှစ်ယောက်လုံး သတ္တိရှိရှိရင်ဆိုင်ဖို့ ဒက်ဒီပြန်အလာကို စောင့်နေကြတာ ... "

သူ ...

ပခုံးကို တွန့်ပစ်လိုက်သည်။

နွေညလေး ...

တော်တော်မိုက်မဲတဲ့ သမီးပဲ ... ။

"ရှင်က ကျွန်မကို မကူညီချင်တာ ဒက်ဒီပေးထားတဲ့ အခွင့်အရေးတွေ ဆုံးရှုံးသွားမှာ ကြောက်လို့ မဟုတ်လား ... "

"ဘာပြောတယ် နွေညလေး ... "

"ကျွန်မလက်ထပ်လိုက်ရင် ရှင်မလိုအပ်တော့ဘူး ... ကျွန်မ ခင်ပွန်းပဲ အုပ်ချုပ်တော့မယ် ... "





"အမိ ... ဆက်မပြောရင် ကောင်းမယ် နွေညလေး ... ကျုပ်ဘာအခွင့်အရေးမှ မလိုချင်ဘူး ... "

"ရှင် ... မလိုချင်ရင် ... ဘာလို့ ဒရိုင်ဘာအဆင့်နဲ့မနေဘဲ မန်နေဂျင်းအဆင့် တက်ယူထားရတာလဲ ... ရှင့်ပုံစံက ဒရိုင်ဘာနဲ့မှ မတူတာ ... "

နွေညလေးပြောသလိုပဲ သူ့အနေအထားက ကုမ္ပဏီပိုင်ရှင်တစ်ယောက်ရဲ့ အနေအထားဖြစ်နေ၏။

ကျုပ် မမက်မောပါဘူး ...

အန်ကယ့်ကို ကူညီနေတာပဲ ...

အခန်းထဲသို့ အန်ကယ်ဝင်လာသည်။

သူ့ကို တာဝန်တွေ လွှဲပေးပြီးတည်းက ကုမ္ပဏီကို အန်ကယ်သိပ်မလာတော့ ... ။

အိမ်မှာပဲ အနားယူနေတတ်သည်။

"နေမင်း ... "

"အန်ကယ့်စိတ်ထဲမှာ သမီးလေးနဲ့ ပတ်သက်ပြီး တစ်စုံတစ်ရာ ခံစားနေရတယ် ... "

သားကို ပွင့်လင်းစွာ ဆက်ဆံလို၏။

ခက်နေတာက သမီးပဲ ... ။

"နေမင်း ... "

"ဗျာ ... "

"ဓမ္မနိုင်ကိုနဲ့ သမီးနဲ့များ ချစ်သူတွေဖြစ်နေကြလား ... "

"ကျွန်တော်ကတော့ အန်ကယ့်ကို စိတ်ချမ်းသာစေချင်



www.burmeseclassic.com

www.burmeseclassic.com



တယ် ... ဘာမှ အစွဲအလမ်း မထားစေချင်ဘူး ... "

"နေမင်း ... မင်း ဘာကိုဆိုလိုချင်တာလဲ ... "

"ဖွဲ့နိုင်ကိုနဲ့ နွေညလေးက သူငယ်ချင်းတွေပဲ အန်ကယ် ... ဖွဲ့နိုင်ကိုလည်း အန်ကယ့်အတွက် ငြင်းပယ်ဖို့ မသင့်တဲ့ သားမက်ကောင်းပါပဲ ... အန်ကယ် ... "

ဦးစစ်နိုင်ကတော့ သားနှင့်ပဲ လက်ထပ်စေချင်မိသည်။

သမီးလေးဘဝကို အေးချမ်းစွာ စောင့်ရှောက်ပေးနိုင်တာ သားပဲ ... ။

"ဖွဲ့နိုင်ကို့,ကိုပဲ လက်ခံနိုင်ဖို့ ကြိုးစားစေချင်တယ် ... အန်ကယ်"

"ဒါဆို ဖွဲ့နိုင်ကိုနဲ့ သမီးက ... "

"အန်ကယ့်ကို ကြိုတင်သတိပေးထားတာပါ ... ဖြစ်လာရင် ရင်ဆိုင်နိုင်အောင်ပါ အန်ကယ် ... "

"မဖြစ်ဘူးနော် နေမင်း ... လုံးဝ မဖြစ်ဘူး ... အန်ကယ့်မှာ လုံးဝ လက်မခံနိုင်တဲ့ အကြောင်းတွေ ရှိနေလို့ပါ ... "

ဦးစစ်နိုင်စိတ်တွေ အတော်လေးလှုပ်ရှားသွားရသည်။

ရင်ဝမှာ အောင့်တက်လာ၏။

"အန်ကယ် ဘာဖြစ်တာလဲ ... သတိထားပါ ... ကိုယ့်ကျန်းမာရေးအတွက် အားလုံးကို လျှော့ပစ်လိုက်ပါ ... အန်ကယ်ရယ် ... "

အန်ကယ့်ကို စိုးရိမ်တကြီးနှင့် ပြောနေမိသည်။

"ရတယ် ... နေမင်း။ စိတ်လှုပ်ရှားသွားလို့ပါ အန်ကယ် ...





ဘာမှ မဖြစ်ဘူး ... "

"အန်ကယ် ... "

"ဟင် ... "

"သတိတော့ထားပါ ... ဖွဲ့နိုင်ကို့,ကို လက်ခံနိုင်ဖို့ကြိုးစားပါ ... အန်ကယ်ရယ် ကျန်းမာရေးကိုလည်း ဂရုစိုက်ပါ ... "

ဦးစစ်နိုင်သည် သားလက်တွေကို တင်းကျပ်စွာ ဆုပ်ကိုင်ထားမိသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၁ )

"စံပယ် ..."

"ရှင် ..."

"ကိုယ် ပွင့်ပွင့်လင်းလင်းပဲ ဆက်ဆံချင်တယ် ... သားကို ကိုယ့်စီးပွားရေးလုပ်ငန်းတွေ လွှဲအပ်ချင်တယ် ... သမီးကို သားနဲ့ပဲ လက်ထပ်ပေးချင်တယ် ..."

"ရှင့်စိတ်တွေ သိပ်ပြီးတင်းကျပ်မနေပါနဲ့ ... မျှော်လင့်ချက်တွေလည်း သိပ်မထားပါနဲ့ ... တစ်ခါတစ်ရံ ကိုယ်ဖြစ်ချင်တာ ဖြစ်မလာတတ်ဘူး ... ရှင်သိပါတယ် ..."

"သားကို ကိုယ်အမွေပေးရမယ် ... ကိုယ်သားအပေါ်မှာ လုံးဝတာဝန်မကျေခဲ့ဘူး ... သမီးကို ဖွင့်ပြောတော့မယ် ..."

"ဟင် ..."

သမီးနှင့် ခွဲနိုင်ကိုတို့ ချစ်သူဖြစ်နေကြတာ သေချာသည်။

သားအကြောင်း ဘယ်လိုဖွင့်ပြောရမလဲ။

"စံပယ် ..."





"ရှင် ..."

"မင်းပါလိုက်ခဲ့ ..."

"ဘယ်ကိုလဲ ..."

"ကိုယ်တို့ပြန်ပြီး အတူနေကြမယ်လေ ... ကိုယ်တို့ အသက်တွေကြီးလာပြီ ... တစ်ယောက်နဲ့ တစ်ယောက် ဖေးမဖို့ လိုအပ်တယ် ..."

"မဖြစ်နိုင်ပါဘူး ... ကိုစစ်နိုင်၊ ကျွန်မကို မေ့ထားလိုက်ပါ ရှင့်သားကိုပဲ ပြုစုစောင့်ရှောက်ပါ ... ကျွန်မ ကျေနပ်ပါတယ်"

"မဟုတ်တာကွာ ... ကိုယ်တို့ မိသားစု ပျော်ပျော်ရွှင်ရွှင် နေကြမယ် ..."

"သမီးက ရှိသေးတယ် ..."

"သမီးက သူ့ချစ်သူနောက်ပါသွားရင်ရော ..."

အတွေ့ကြီးသော ဖွဲ့သည် သမီးကို အနိုင်ကျင့်မှာသိနေသည်။

မိမိလုပ်ငန်းတွေကိုလည်း တစ်ယောက်တည်း လက်ဝါးကြီးအုပ်မှာ ...

သားအတွက် ပေးရမည်။

"ကိုယ်သမီးနဲ့ သားကို လက်ထပ်ဖို့ပြောမယ် ..."

"မဖြစ်နိုင်တော့ဘူး ထင်တယ် ..."

"ဘာဖြစ်လို့လဲ ..."

"ရှင့်သမီးကို ရှင်အရမ်းချစ်တယ် မဟုတ်လား ..."

"ခွဲနိုင်ကိုက သမီးကို အနိုင်ကျင့်မှာ သမီးသောကရောက်ရမှာ စံပယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"အချစ်ဆိုတာ ... "

"တော်ပြီကွာ ... "

"ရှင့်ကျန်းမာရေးကိုလည်း ရှင်ဂရုစိုက်ပါနော် ... ကျွန်မ တောင်းပန်ပါတယ် ... သမီးလေး စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ပါနဲ့ ... "

"စိတ်သဘောထားပြည့်ဝတဲ့ မင်းတို့သားအမိကို ကိုယ် ဘာလို့ စွန့်ပစ်ထားခဲ့မိတာလဲ ... "

[illegible]တိတ်ကအကြောင်းတွေကို ပြန်မတွေးတော့တာဘဲ အကောင်းဆုံးဖြစ်သည်။

"ရှင်ပြန်ပါတော့ ... သား ပြန်လာလိမ့်မယ်"

ဒီနေ့ ...

ပိတ်ရက် ...

သားပြန်လာနိုင်တယ် ...

"စံပယ် ... "

"ရှင်နဲ့ အတူ နေဖို့ကတော့ လုံးဝမဖြစ်နိုင်ဘူး ... ရှင့် သမီးလေးကို အတတ်နိုင်ဆုံး စိတ်ချမ်းသာမှု ပေးနိုင်အောင် ကြိုးစားစေချင်တာပါပဲ ... "

မိမိ ...

ပြန်ဖို့ပြင်သည်။

သားရောက်လာ[illegible]။

"အန်ကယ် ရောက်နေတာကိုး ... "

"အေးကွယ် ... စံပယ်နဲ့ မတွေ့တာကြာလို့ ဝင်လာတာပါ"





"ကျွန်တော်လည်း အမေ့ကို သတိရလို့ စောစောပြန်လာတာ ... "

"အန်ကယ်ပြန်မယ် ... "

"ဟုတ်ကဲ့ ... "

အန်ကယ်ပြန်သွားသည်။

"အမေ ... "

"ဟင် ... "

"အန်ကယ်က ဒီကို မကြာခဏလာတာလား ... "

"မလာပါဘူး သား ... တစ်ခါတစ်လေပါ ... အမေတို့က [illegible]သူငယ်ချင်းတွေဆိုတော့ ခင်မင်ကြတယ်လေ ... "

အမေ့ဆီ အန်ကယ်လာတယ်ကို သဘောမကျမိပေ။

ပတ်ဝန်းကျင်က ဘာပြောမလဲ ... ။

"အမေ ... အန်ကယ်က သားကို လိုအပ်တာထက် မြှောက်[illegible]နေတာ ... ဘာဖြစ်လို့လဲ အမေ ... "

"အမေ့သားဖြစ်နေလို့ နေမှာပေါ့ ... သူနဲ့အမေက အရမ်းခင်[illegible]တာ ... "

ရိုးရိုးသားသား ခင်ကြတာလား အမေဟု မမေးရက်။

"သား ... "

"ဗျာ ... အမေ"

"နွေညလေးနဲ့ရော အဆင်ပြေရဲ့လား"

"သားကို အခွင့်အရေးသမားလို့ ထင်နေတယ် ... "

"သားက မင်းအန်ကယ်ကို ဖျောင်းဖျပေးတယ် မဟုတ်[illegible]"



www.burmeseclassic.com

www.burmeseclassic.com



"ပေးပါတယ် အမေ ... အန်ကယ်က လက်မခံချင်ဘူး ... အန်ကယ် စိတ်ထိခိုက်သွားလို့ ... သားဆက်မပြောတော့ဘဲ ..."

"အမေလည်း ဖျောင်းဖျနေတာပဲ ... မကြာခင်မှာတော့ ကိုစစ်နိုင် လက်ခံလာမှာပါ ..."

"အမေ ..."

"ဟင် ..."

"သား ... ဒီအလုပ်က ထွက်ချင်တယ် ..."

"မဟုတ်တာ သားရယ် ... ကိုစစ်နိုင်ပိုပြီး စိတ်ထိခိုက်သွားပါ့မယ် ... လောလောဆယ်တော့ ဘာမှ မလုပ်ပါနဲ့ဦး ..."

မင်းက ဦးစစ်နိုင်ရဲ့သားဆိုတာ အမေဘယ်လိုပြောပြရမလဲ။

"နွေညလေးက အထင်လွဲနေတယ် ..."

"သား ..."

"ဗျာ ..."

"မင်းအန်ကယ် စိတ်ထိခိုက်အောင်တော့ မလုပ်ပါနဲ့ကွယ်"

"အန်ကယ် ဒီကို ခဏခဏလာတာ မကောင်းဘူးထင်တယ်"

"မလာပါဘူး သားရယ် ... အမေကလည်း လက်ခံချင်ပါဘူး"

"သား အနားယူလိုက်ဦးမယ် ... အမေ"

အမေ့အနားက ထွက်လာခဲ့သည်။

သူ ...

အလုပ်ကထွက်ချင်နေသည်။

နွေညလေးရဲ့ မျက်ဝန်းတွေက သူ့ကိုအထင်သေးနေ၏။

မကျေမနပ်ဖြစ်နေသည်။





သူ့စိတ်တွေ အတော်လေး မတည်မငြိမ်ဖြစ်နေမိသည်။

ဒါကြောင့်လည်း ... အမေ့ဆီပြန်လာခဲ့သည်။

နွေညလေး ...

ခုက္ခပါပဲကွာ ...

မင်းကို ကျုပ်ချစ်နေမိပြီ ...

ကျုပ် ... ယောကျ်ားပီသတယ် ...

မင်းကိုချစ်တဲ့ အချစ်တွေကို ကျုပ်ရင်ထဲမှာပဲ အမြဲသိမ်းထားမယ် ...

ရယူပိုင်ဆိုင်ခွင့် မရှိဘူးဆိုတာလည်း ကိုယ်သိပါတယ်။

ကျုပ်က ဒရိုင်ဘာပဲ ...

အန်ကယ်မြှောက်စားထားလို့ ကိုယ့်ဘဝတင့်တယ်နေရတာ ...။

ကိုယ် ဘယ်တော့မှ ဘဝမမြင့်ပါဘူး နွေညလေးရယ်။

"အမိပြောပါ ..."

"ဒရိုင်ဘာ ..."

"ပြော ..."

"ရှင် ပြန်လာခဲ့ပါ ..."

"ဘာဖြစ်လို့လဲ ..."

"ကျွန်မနဲ့ မောင့်ကိစ္စ ဒက်ဒီ့ကို ဖွင့်ပြောရတော့မယ်"

"ဟင် ..."

"ရှင်ရှိနေမှ ဖြစ်မယ် ထင်တယ် ..."

"ကောင်းပြီလေ ... ကိုယ်ပြန်လာခဲ့ပါ့မယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ကြိုတင် ဖျောင်းဖျပေးထားမယ်ဆိုရင် ကျေးဇူးအများကြီးတင်မှာပါ ..."

"ကျုပ် ... ကူညီပါ့မယ်"

"ရှင် ... တကယ်ပြောနေတာလား ... ဒရိုင်ဘာ ... အဲ ကိုသျှင်နေမင်း ..."

"ကျုပ် မင်းကို အမြဲတမ်းကူညီနေမှာပါ ... မင်းတစ်ခု သိထားဖို့က ကျုပ် ဘာအခွင့်အရေးမှ မလိုချင်ဘူးဆိုတာရယ် ... ကိုယ် ဒီအလုပ်ကနေ ထွက်တော့မယ် ဆိုတာရယ်ပါပဲ ..."

"ဟင် ..."

ညလေး ဖုန်းပိတ်လိုက်ပြီး နည်းနည်းတွေဝေသွားရသည်။

ဒက်ဒီ့အတွက်ပါ ...

ဒက်ဒီ စိတ်ထိခိုက်မှာပဲ ...

ခဏကြာတော့ ...

ကိုသျှင်နေမင်း ပြန်ရောက်လာသည်။

"ရှင် ... အခုလို ကူညီတာ ကျေးဇူးတင်ပါတယ် ... ကိုသျှင်နေမင်း ..."

"ကျုပ်ကို ဒရိုင်ဘာလို့ပဲခေါ်ပါ ... ဒီလောက်အထိ ရိုသေလေးစားစရာ မလိုပါဘူး ..."

နွေညလေးရဲ့ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေစို့စွတ်နေသည်။

"ဒက်ဒီ တစ်ခုခုဖြစ်သွားမှာ ကျွန်မအရမ်းစိတ်ပူနေပါတယ် ဒါပေမယ့် ... မောင့်ကို ကျွန်မ မလွန်ဆန်နိုင်တဲ့ အင်အားတွေ မရှိ





သလိုပဲ ..."

မောင်က တော၁င်ဆိုနေပြီဖြစ်၍ ဒက်ဒီ့ကို ညလေးရင်ဆိုင်ရတော့မည်။

မဖြစ်မနေပြောရတော့မှာပဲ ...။

တစ်ခါတစ်ရံ ...

ကျွန်မ အိမ်မှုကိစ္စတွေကို ဒက်ဒီမသိအောင် သင်နေရသည်။

အိမ်ဖော်မလေး မအေးက ရင်နာသည်တဲ့ ...။

ဘယ်တတ်နိုင်မလဲ ...

မောင့်ကိုဆန့်ကျင်နိုင်တဲ့ အင်အားတွေမှ မရှိတာပဲဟာ။

ကိုသျှင်နေမင်းက သူမကို ကျောခိုင်းထွက်သွားသည်။

မောင့်ထက်နူးညံ့သိမ်မွေ့သော ယောကျ်ားတစ်ယောက်ဟု ထင်မိ၏။

ကိုသျှင်နေမင်းကိုကြည့်ပြီး အသိတစ်ခုဖြတ်ခနဲဝင်လာရသည်။

"ကိုသျှင်နေမင်း ..."

"ဟင် ..."

"ရှင် အလုပ်ထွက်လို့ မဖြစ်သေးဘူးနော် ... ဒက်ဒီ့အနားမှာ ရှင်ရှိမှ ဖြစ်မယ် ... ရှင့်ကို ဒက်ဒီက အရမ်းအားကိုးတာ ..."

ကိုသျှင်နေမင်းကို ပထမဦးဆုံးအကြိမ် တရင်းတနှီးပြောဆိုဆက်ဆံလိုက်မိခြင်း ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂၂ )

ချိုသာသော နွေညလေးရဲ့ အသံလေးကို သူမေ့ပစ်၍မ ရအောင် ဖြစ်နေမိသည်။

ရှင် အလုပ်ထွက်လို့ မဖြစ်သေးဘူးနော်တဲ့။

သူ ...

တွေးနေမိသည်။

နွေညလေးက သူမှာ အခက်အခဲတွေရှိနေလို့ အရေးတယူ ဆက်ဆံတာလဲ ... ။

သိသာနေသည်။

ဘယ်တော့မှ ချိုချိုသာသာ ဆက်ဆံပြောဆိုလေ့ရှိတာ မဟုတ်ပေ။

မင်းချစ်သူနဲ့ မင်းပေါင်းစည်းစေရပ့ါမယ် ... ။

အိမ်ဖော်မလေးက တစ်ဆင့် သိရတာတော့ ညလေး အိမ်မှု ကိစ္စတွေကိုပင် လေ့လာသင်ကြားနေပြီတဲ့ ... ။

ဖွဲ့နိုင်ကို,ကို ချစ်တာပဲ ... ။





နွေညလေးက စီးပွားရေးပဲလုပ်ခဲ့တာ အိမ်မှုကိစ္စတွေကို စိတ်မဝင်စားခဲ့။

သူသိနေသည်။

အန်ကယ် သဘောမကျလည်း မကျချင်စရာပင်။ နွေညလေးအပေါ် ဖွဲ့နိုင်ကိုက လွှမ်းမိုးထားနိုင်လွန်းနေ၏။

"မမလေး စိတ်ဆင်းရဲရမှာ သိပ်ဘဝင်မြင့်တဲ့လူ ... မမလေး အပေါ်လည်း လုံးဝအကြင်နာမရှိဘူး ... အပေါ်စီးကပဲ ဆက်ဆံ ချင်တယ် ... "

နွေညလေးအတွက် သူစိတ်ပူပင်နေမိသည်။

ဘယ်တတ်နိုင်မလဲ ...

ကံကြမ္မာမပေါ့ ...

မင်းက ဖွဲ့နိုင်ကို,ကို အရမ်းချစ်မြတ်နိုးနေတာပဲ မဟုတ် လား ...

ဖွဲ့နိုင်ကိုနှင့် ရင်ဆိုင်နိုင်ရန် အန်ကယ့်ကို ဖျောင်းဖျနေရသည်။

"အန်ကယ် ... "

"ပြောလေ ... မောင်နေမင်း"

"အန်ကယ် နေကောင်းလား ... "

"နေကောင်းပါတယ် ... အန်ကယ့်စိတ်ထဲမှာ သမီးအတွက် ပဲ အရမ်းခံစားနေရတယ် ... "

"ဖွဲ့နိုင်ကိုက အရာအားလုံးပြည့်စုံနေတဲ့ ယောကျ်ားတစ် ယောက်ပါ ... "

"အန်ကယ် မကြိုက်တာက စိတ်ဓာတ်ပါပဲ ... ဖွဲ့နိုင်ကို စိတ်



www.burmeseclassic.com

www.burmeseclassic.com



ခါတ်ကို အန်ကယ် အရင်တုန်းထဲက သဘောမကျခဲ့တာဘဲ နေမင်း"

သားကို အဖြစ်မှန်တွေ ဖွင့်ပြောလိုက်ရင် ကောင်းမလားဟု တွေးနေမိသည်။

"အချစ်ဆိုတာကို အန်ကယ်ခံစားဖူးမှာပါပဲ ... "

"ဟင် ... "

မိမိ ...

လူကြီးတွေ ဟန့်တားတဲ့ကြားက စံပယ်ကို ခိုးပြေးခဲ့သည်။

အချစ်အတွက် စည်းစိမ်ချမ်းသာတွေ စွန့်လွှတ်ခဲ့မိ၏။

အခု ...

သမီးလေး ...

အချစ်အတွက် ဒက်ဒီကို ဆန့်ကျင်တော့မယ် ... ။

"တစ်နေ့နေ့ တစ်ချိန်ချိန်မှာ နွေညလေးက တောင်းဆိုလာရင် အန်ကယ်လက်ခံနိုင်အောင် ကြိုးစားထားသင့်ပါတယ်"

နှလုံးက စူးအောင့်ချင်လာသည်။

စိတ်ကို တင်းထားမိ၏။

မိမိ ...

ရင်ဆိုင်ရမှာပဲ ...

အချစ်အတွက် မိမိလိုပဲ သမီးက စွန့်စားသွားလျှင် ...

"အန်ကယ့်သမီးအတွက် ဘဝတစ်လျှောက်လုံးမှာ အမဲစက်ကြီး ဖြစ်မသွားအောင် ... အန်ကယ် အတတ်နိုင်ဆုံးလိုက်လျှော့ပေးစေချင်ပါတယ် ... "





ဟုတ်တယ် ... ။

သမီးက မိန်းကလေး ...

မိမိကသာ မတူမတန်သလို ဆက်ဆံလိုက်လျှင် သမီးလေး ဘဝတစ်သက်လုံး ဖွဲနိုင်ကိုရဲ့ ထောက်ပြစရာ အပြစ်ဖြစ်တော့မည်။

ဒါပေမယ့် ...

သားအတွက် ...

သားရှိနေသေးသည်။

"နေမင်း ... "

"ဗျာ ... "

"သမီးကို အန်ကယ်က ဘယ်သူနဲ့ လက်ထပ်စေချင်တာလဲ သိလား ... "

"ဘယ်သူနဲ့လဲ ... အန်ကယ်"

"မင်းနဲ့ပဲ ... "

"ဗျာ ... "

"ဒါပေမယ့် မဖြစ်နိုင်တော့ဘူးထင်တယ် ... သမီးက ဒက်ဒီကို ဆန့်ကျင်တော့မယ်ထင်တယ် ... "

သူ ...

အံ့သြ တုန်လှုပ်စွာဖြင့် ကြည့်မိသည်။

"မဖြစ်နိုင်ဘူး အန်ကယ် ... နွေညလေး စိတ်သောက ရောက်မှာကို ကျွန်တော် မလိုလားဆုံးပဲ ... ကျွန်တော်က သူ့ရဲ့ ဒရိုင်ဘာပါ ... "

"အန်ကယ်က နေမင်းကို မြှောက်စားလာခဲ့တာ ဒီရည်ရွယ်ချက်နဲ့ပဲ နေမင်း ... "



www.burmeseclassic.com

www.burmeseclassic.com



အမေ့ကြောင့်ပဲ ထင်တယ်။

အန်ကယ်နှင့် အမေက ငယ်ရည်းစားတွေလားမသိ။

မဖြစ်သင့်ဘူး ... ။

"ကျွန်တော် လက်မခံနိုင်ဘူး အန်ကယ် ... သူဌေးသမီးကို လက်ထပ်ပြီး ကျွန်တော် သူဌေးအဖြစ်မခံနိုင်ဘူး ... နွေညှလေးကို ခွဲနိုင်ကိုနဲ့ပဲ အန်ကယ်သဘောတူလိုက်ပါ ..."

"မင်းဟာ ယောကျ်ားပီသတဲ့ ယောကျ်ားတစ်ယောက်ပဲ သား ..."

သားဟု ခေါ်လိုက်မိသည်။

"အန်ကယ် ..."

"ပြော ..."

"အန်ကယ့်ကို ကျွန်တော် ရိုးသားစွာနဲ့ ကူညီချင်ပါတယ် နွေညလေးနဲ့ ခွဲနိုင်ကို့ကို သဘောမတူဘူးဆိုရင်တော့ ကျွန်တော် ဒီအလုပ်ကနေ ထွက်ပါတော့မယ် ..."

"နေမင်း ... မင်း"

သူ ...

အန်ကယ့်အနားမှ ထလာခဲ့သည်။

သားဆိုတဲ့ အသုံးအနှုန်းအတွက် သူ့ စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေ၏။

လက်မခံနိုင်ပေ။

ဒီလိုနည်းနဲ့ သူဌေးသားဘ၀ ရောက်ရတာမျိုးတော့ သူ လုံးဝ လက်မခံနိုင်အောင်ဖြစ်နေရသည်။

ရှက်နေမိ၏။ သားတဲ့ ...





မေမေနဲ့ ပတ်သက်နေတာတော့ သေချာသလောက်ဖြစ်နေ သည်။

သူ နေလို့မရတော့ ... ။

စိတ်ထဲ ကျဉ်းကျပ်နေရ၏။

ဒီအချစ်ဆိုတာကိုလည်း သူစဉ်းစားနေမိသည်။

နွေညလေးရယ် ...

မင်းကို အရမ်းချစ်တယ် ... ။

ဒါပေမယ့် ...

အမေနဲ့ ဒက်ဒီအကြောင်း သိသွားရင် ကိုယ့်ကို မင်းပိုပြီး အထင်သေးသွားတော့မှာပါ ...

သူ ...

အမေ့ဆီပြန်လာခဲ့သည်။

"အမေ ..."

"သားပြန်လာတာလား ... နွေညလေးကိစ္စ အဆင်ပြေသွား ပြီလား ... သားရယ် ..."

သားကိုကြည့်ပြီး ဒေါ်စံပယ်အထိတ်တလန့်တော့ ဖြစ်သွား ရသည်။

မျက်နှာလည်း မကောင်းပေ ... ။

"သား ... ဘာဖြစ်လာတာလဲ အမေ့ကိုပြောစမ်းပါ ..."

အမေ့ကို မြင်တော့လည်း ဘာမှပြောချင်တဲ့ ဆန္ဒမရှိပေ။

အေးချမ်းသော အမေ့မျက်ဝန်းတွေကို သူယုံကြည်နေမိ သည်။



www.burmeseclassic.com

www.burmeseclassic.com



"သား ... "

"အမေ ... "

"ဘာတွေဖြစ်နေတာလဲ ... ဟိုမှာ အဆင်ပြေရဲ့လား"

"အန်ကယ်က နွေညလေးကို လက်ထပ်ပေးချင်တဲ့သူက သားတဲ့ ... "

အမေ မအံ့ဩပေ ... တုန်လှုပ်သွားခြင်းလည်း မရှိ။

အမေသိနေပြီးသားပဲ ... ။

"အမေသိနေပြီးသားပဲ မဟုတ်လား ... "

"ဟုတ်တယ် ... "

"အမေ ... "

"အမေလည်း မတတ်နိုင်ဘူးလေ ... သူ သဘောတူနေတာပဲ ... "

"အန်ကယ်က ကျွန်တော့်ကို ဘာဖြစ်လို့ သဘောတူရတာလဲ ... နိုင်လုံတဲ့ အကြောင်းတော့ ရှိမှာပဲ အမေ ... "

ဒေါ်စံပယ် ရင်ဖွင့်ဖို့ အခက်ကြီး ခက်နေသည်။

"အမေ ... ဘာကြောင့် သားလိုလူတစ်ယောက်နဲ့ သဘောတူရတာလဲ ... "

အမေ မဖြေနိုင် ... ။

အန်ကယ်က ဖွဲ့နိုင်ကိုလို လူကိုပင် သဘောတူတာမဟုတ်။

အမေ့ကြောင့်ပင် ...

"အန်ကယ်နဲ့ အမေလုံးဝ မပတ်သက်ပါနဲ့ ... ပတ်ဝန်းကျင်က ရှိနေသေးတယ် အမေ ... သူ့ဒွေးကို အမိဖမ်းတာမျိုး ... "





"နေမင်း ... "

အမေ့အသံသည် ရှုးရှတင်းမာပြတ်တောက်နေသည်။

ဒေါသအကြည့်တွေနဲ့ စိုက်ကြည့်နေ၏။

"မင်းအမေကို အထင်သေးတာလား ... စော်ကားတာလား သျှင်နေမင်း ... "

"သားကို နားလည်ပေးပါ အမေ ... အန်ကယ်က သားတဲ့ ကျွန်တော် အရမ်းရှက်တယ် ... အလုပ်ကတောင် ထွက်ချင်နေတယ် ... နွေညလေးက သားကို အထင်သေးနေတယ် ... အမေ့ကိုပါ ဆက်ပြီး အထင်သေးတာမျိုး ... သား လုံးဝ လက်မခံနိုင်ဘူး ... အမေဟာ သားအတွက် စံပြအမေပဲ ဖြစ်စေချင်တယ် ... "

သားကို နားလည်မိသည်။

ကိုယ့်ကျင့်တရားကို အလေးအနက်ထားလွန်းသော ယောကျ်ားတစ်ယောက်ဖြစ်၏။

"အမေ သားကို နားလည်ပါတယ်ကွယ် ... "

"နွေညလေးကို သားဘယ်တော့မှ လက်မထပ်ဘူး အမေ"

"အမေ ... "

"ဟင် ... "

"သား အလုပ်ကထွက်တော့မယ် ... အခွင့်အရေးသမားတစ်ယောက်အဖြစ် သားလုံးဝ အဖြစ်မခံနိုင်ဘူး ... သား အရွယ်ရောက်နေပါပြီ ... အမေ၊ ဘာမှ စိတ်မကောင်းမဖြစ်နဲ့နော် ... "

"သားရယ် ... "

အဲဒါ မင်းအဖေအရင်းပဲဟု ပြောပြလိုက်ဖို့ ဆုံးဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သျှင်နေမင်း ..."

"အမေ ..."

"မင်းကို သားလို့ ကိုစစ်နိုင်က ဘာလို့ခေါ်တာလဲ သိလား"

"အဲဒီအကြောင်းကို သားအသိချင်ဆုံးပဲ အမေ ..."

"ကိုစစ်နိုင်က သားရဲ့အဖေ ..."

"ဗျာ ..."

သူ ...

အထိတ်တလန့်နှင့် အမေ့ကို ဆက်ခနဲမော့ကြည့်လိုက်သည်။

အမေ ဘာပြောတာလဲဟု ထပ်ပြီး မမေးရဲလောက်အောင် ဖြစ်သွားရ၏။

"အမေမှာတ်ပုံတစ်ပုံပြမယ် ... ပြီးတော့ လက်ထပ်စာချုပ်ဟောင်းတစ်ခု ..."

အမေအခန်းထဲဝင်သွားပြီး ပစ္စည်းတွေယူလာသည်။

မိသားစု ဓာတ်ပုံ တစ်ပုံ ...

"ဒီကလေးဟာ သားပဲ ..."

အန်ကယ်ဦးစစ်နိုင် ငယ်စဉ်က ပုံပဲဖြစ်သည်။

"ဒါက ... အမေနဲ့ ကိုကျော်ခတို့ လက်ထပ်တဲ့စာချုပ်"

အမေရှင်းပြနေတဲ့ အကြောင်းအရာတွေကို အံ့သြတုန်လှုပ်စွာ နားထောင်နေမိသည်။

အခန်း ( ၂၃ )

ဖွဲ့နိုင်ကိုနဲ့ သမီးကို မိမိအေးအေးဆေးဆေး တည်ငြိမ်စွာ တွေ့ဆုံမိသည်။

မိမိငြင်းဆန်၍ မရတော့။ သမီးအခြေအနေက သိသာနေ၏။

အချစ်ကြောင့်တဲ့ ...

မိမိ ...

စံပယ်ကို လူကြီးမိဘတွေ တားဆီးပိတ်ပင်နေသည့်ကြားမှ ခိုးပြေးခဲ့သည်။

အချစ်ကြောင့်ပဲ ...

"သမီး ဘာဖြစ်ချင်လဲ ... ဒက်ဒီ့ကိုပြောပါ ..."

လမ်းဖွင့်ပေးလိုက်သည်။

"သမီးချစ်သူ ဖွဲ့နဲ့ လက်ထပ်ခွင့်ပြုပါ ဒက်ဒီ ..."

ဒက်ဒီ တစ်ခုခုဖြစ်သွားမလားလို့ သူမ အထိတ်တလန့်ဖြစ်ရသည်။

ဟို ဒရိုင်ဘာကလည်း မရှိဘူး။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်သွားသည်။

ဒက်ဒီ့ကိုဖျောင်းဖျဖို့အတွက် သူ့ကို အကူအညီတောင်းထားကာမှ ...

"ဒက်ဒီ ..."

"ဟင် ..."

"သမီးနဲ့ ဒွဲ ..."

"ဆက်မပြောနဲ့တော့ သမီး ... ဒက်ဒီအားလုံး သဘောပေါက်ပါတယ် ... ဒါပေမယ့် အဖြစ်အပျက်တစ်ခုကို သမီးသိသွားအောင် ဒက်ဒီမပြောလို့ မဖြစ်တော့ဘူး ..."

ဦးစစ်နိုင် ဆုံးဖြတ်လိုက်ပြီဖြစ်သည်။

သားကို အမွေပေးရမယ်။ မပေးလို့ မဖြစ်ဘူး ...။

"သမီး ..."

"ပြောပါ ဒက်ဒီ ..."

"သမီးကို ဒက်ဒီ လုံးဝမပြောချင်တဲ့ စကားတွေကို မပြောမဖြစ် ပြောရတော့မယ် ..."

"ဘာတွေလဲ ဒက်ဒီပြောပါ ... ဒက်ဒီမှာ ဘာအကြောင်းအရာတွေ ရှိလို့လဲ ..."

"မောင်ဒွဲနိုင်ကိုရှေ့မှာပဲ ဒက်ဒီပြောရမယ် ..."

"ပြောပါ ... ဒက်ဒီ"

"သမီးဟာ ဒက်ဒီရဲ့ သမီးအရင်းမဟုတ်ဘူး ..."

"ဟင် ... ဒက်ဒီ ဘယ်လိုပြောလိုက်တယ် ... သမီးက ဒက်ဒီ့ သမီးအရင်း မဟုတ်ဘူး ..."





"ဟုတ်တယ် ... သမီး ဒက်ဒီနောက်ထပ် လက်ထပ်လိုက်တဲ့ မလေးခင်ဆီကပါတဲ့ သမီးပဲ ..."

"ဟင် ..."

ဒွဲနိုင်ကိုပါ အံ့သြတုန်လှုပ်သွားရသည်။

နွေညလေးကို အန်ကယ့်သမီး မဟုတ်ဘူးတဲ့။

"အန်ကယ့်မှာ သားတစ်ယောက်ရှိသေးတယ် ..."

"ရှင် ..."

"ဗျာ ..."

"အဲဒါက မောင်သျှင်နေမင်းပဲ သမီး ..."

ကိုသျှင်နေမင်းက ဒက်ဒီ့သားတဲ့ ...။

ဒက်ဒီ့ကို အံ့သြစွာဖြင့် မော့ကြည့်မိသည်။

"ဒီဓာတ်ပုံက ဒက်ဒီတို့မိသားစုပုံ ... ဒီစာချုပ်က စံပယ်နဲ့ ဒက်ဒီလက်ထပ်ခဲ့တာ ..."

သူမ ...

သူ့ကို ဒရိုင်ဘာအဖြစ် သတ်မှတ်ကာ အထင်သေးနေမိသည်။

နှိမ့်ချဆက်ဆံခဲ့၏။

"ဒက်ဒီ့ ဆန္ဒတွေကိုတော့ ဒက်ဒီဘာမှမပြောလိုပါဘူး ... အရေးကြီးတာက သမီးလေးဆန္ဒအတိုင်း ဒက်ဒီစီစဉ်ဆောင်ရွက်ပေးပါ့မယ် ... တစ်ခုပဲ ရှိသည်။ ဒက်ဒီ့သားကိုတော့ အမွေတစ်ဝက်ပေးရမယ် ..."

ဒွဲနိုင်ကို လုံးဝမကြည့်ဖြူနိုင်ပေ။

"လုပ်ငန်းတချို့ကိုလည်း သားကိုပဲ ဦးစီးစေရမယ် ... သမီး



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ဒက်ဒီမျှတစွာပေးမှာပါ ... ”

“ကိုယ်ပြန်တော့မယ် ... နွေညလေး လက်ထပ်ဖို့ကိစ္စ နောက်မှပဲ ဆွေးနွေးကြတာပေါ့ ... ”

“မောင် ... ”

သျှင်နေမင်းက သားအရင်းတဲ့ ... ။

သူ ...

ထွက်လာခဲ့သည်။

ဒက်ဒီ့ကို ငေးကြောင်ပြီး ညလေးကြည့်နေမိ၏။

မောင် ...

သူမ အပေါ် အထင်သေးသွားပြီလား ... ။

လက်ထပ်ဖို့ ဒက်ဒီက သဘောတူပေမယ့် မောင်က မကျေမနပ်ဖြစ်သွားပြီ ... ။

“သမီး ... ”

“ဒက်ဒီ ရွေးချယ်ထားတဲ့ သားမက်လောင်းက သားနေမင်းနဲ့ပဲ ... ”

“ဟင် ... ”

မထင်မှတ်သော အကြောင်းအရာတွေက အံ့သြတုန်လှုပ်ဖွယ်ကောင်းအောင် ဖြစ်ပျက်သွားရသည်။

ရှက်လိုက်တာ ...

“သမီး အရမ်းရှက်တာပဲ ဒက်ဒီ ... ကိုသျှင်နေမင်းကို ဒရိုင်ဘာ တစ်ယောက်အဖြစ် သမီး ဆက်ဆံခဲ့တာပဲ ... ”

“မောင်သျှင်နေမင်းတောင် မသိသေးပါဘူး ... ဒက်ဒီ ဖြစ်စေချင်တာက သားနဲ့သမီးကို လက်ထပ်ပေးချင်တာပါ ... ”





ဒက်ဒီ ဒီလောက်အထိ မြှောက်စားထားကတည်းက သူမစိတ်ထဲတွင် တစ်မျိုးကြီးဖြစ်နေရသည်။

“သမီးတို့ရဲ့ မင်္ဂလာပွဲကို ဒက်ဒီ ခမ်းခမ်းနားနား လုပ်ပေးမယ် ... သမီးမျက်နှာ မငယ်စေရပါဘူး ... ”

“ဒက်ဒီ ... ”

“ပြောပါ ... သမီး”

“မောင့်ကိုပဲ သမီး လက်ထပ်မယ် ... ”

“မောင်နေမင်းက စိတ်သဘောထားပြည့်ဝတဲ့သူပါ ... သမီးလေးအတွက် ဒက်ဒီ့ကို အများကြီးဖျောင်းဖျခဲ့ပါတယ် ... ”

ဦးစစ်နိုင် စိတ်ထိခိုက်ကြေကွဲစွာဖြင့် အနားမှ ထွက်လာခဲ့သည်။

“တူ ... တူ ... ”

“တူ ... တူ ... ”

ဖုန်းဝင်လာသည်။

သူမ ဖွင့်ကြည့်လိုက်တော့ မောင်ဖြစ်နေသည်။

“ညလေး ... ”

“မောင် ... ”

“မင်း ... ပျော်သွားပြီလား ... ”

“ကျွန်မက ဘာလို့ပျော်ရမှာလဲ ... မောင်”

“သျှင်နေမင်းက သူဌေးသားဖြစ်သွားပြီလေ ... မင်းရဲ့ ဒရိုင်ဘာမှ မဟုတ်တော့တာပဲ ... ”

“မောင် ... လျှောက်မပြောနဲ့တော့ ... ဒက်ဒီက ပြောတယ်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ မင်္ဂလာဆောင်ကို ကြီးကျယ်ခမ်းနားစွာ ကျင်းပပေးမယ် တဲ့ …”

“နွေညလေး …”

“မောင် …”

“သျှင်နေမင်းကို အမွေပေးတာ တခြားဟာတွေပေးပါ … လုပ်ငန်းတွေမှာလာပြီး ဦးစီးတာတော့ မောင် လက်မခံနိုင်ဘူး”

“မောင့်မှာ လုပ်ငန်းတွေရှိတာပဲ …”

“မင်းကိုယ်ပြောတာပဲလုပ်ပါ … မင်းဟာ သမီးအရင်း မဟုတ်တော့ … ကိုယ့်အတွက် ဂုဏ်သိက္ခာကျစရာ ဖြစ်နေပြီ … နွေညလေး …”

“ဟင် …”

မောင် …

ရက်စက်လှချည်လား …

သူမအပေါ် နည်းနည်းမှ ငဲ့ညှာထောက်ထားခြင်း မရှိတော့ပေ။

လောဘတွေ ကြီးနေသည်။

ချမ်းသာကြွယ်ဝတဲ့ မောင်သည် နေရာတကာအတ္တကြီးနေ၏။

မာန်မာနတွေ ထောင်လွှားနေသည်။

သူမ မောင့်ကို နားမလည်နိုင်အောင် ဖြစ်နေ၏။

“နွေညလေး …”

“ရှင် …”





“ငါမိန်းမတစ်ယောက်အတွက် အထိအခိုက် အနစ်နာမခံနိုင်ဘူး …”

“မောင် … ကျွန်မ …”

“မင်းက ငါချစ်မြတ်နိုးတဲ့ မိန်းကလေးဖြစ်နေလို့ … ငါ လက်ထပ်ဖို့အထိ ဆက်ပြီး စဉ်းစားတာ …”

“ဒက်ဒီက လက်ခံမှာ မဟုတ်ဘူးမောင် … ကျွန်မ ပြောတာကို နားထောင်ပါဦး …”

“တော်ပြီ … နွေညလေး မင်းနဲ့ငါ ဘာအကြောင်းမှ ပြောစရာ မလိုတော့ဘူး … ငါက အမြဲတမ်း ငါဖြစ်ချင်တာပဲ ဖြစ်စေရတာ … မင်း ဖြစ်နိုင်အောင် ကြိုးစားပါ …”

မောင် ဖုန်းပိတ်သွားသည်။

သူမ ဘာဆက်လုပ်ရမလဲ …။

ကိုသျှင်နေမင်းက ဒက်ဒီ့သား …

ဒက်ဒီက သားဖြစ်သူကို လုပ်ငန်းတွေ ဦးစီးစေမှာပဲဖြစ်သည်။

မောင့် တောင်းဆိုမှုတွေက လွန်လွန်းနေ၏။

မဖြစ်နိုင်ပေ။

“မမလေး … မမလေး”

“ဟင် …”

“ဘဘကြီး ဘာဖြစ်သွားလည်း မသိဘူး … သတိလစ်ပြီး လဲကျသွားလို့ …”

“ဟင် …”

သူမ …



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီဆီသို့ အပြေးအလွှား သွားလိုက်ရသည်။

"ဒက်ဒီ ... ဒက်ဒီ ..."

ဆေးခန်းသို့ အမြန်ပို့ရသည်။

"ကိုသျှင်နေမင်းကော မအေး ဘယ်ရောက်နေလဲ ..."

"ပြန်သွားပြီ ..."

"ဟင် ..."

"အစ်ကိုသျှင်နေမင်းကြောင့် ဘဘကြီး စိတ်ထိခိုက်သွားတာ ..."

"မမလေး သူ့ကို ဖုန်းဆက်ဦးမှပဲ ..."

"ပြန်အပ်သွားပြီ ..."

"ဟင် ..."

သူမ နှိမ့်ချဆက်ဆံလွန်း၍ အလုပ်ကထွက်သွားပြီလား။

ဒက်ဒီက သူမနှင့် နီးစပ်စေရန် ဒရိုင်ဘာအဖြစ် ထားခဲ့သည်။

သူမ ... ပြန်၍ မစဉ်းစားချင်တော့ ...

"မမလေး ..."

"ဟင် ..."

"ဘဘကြီး စိတ်ချမ်းသာအောင် အစ်ကိုလေးနေမင်းကို လက်ထပ်လိုက်ပါလား ..."

"ဟာ ... ဒီကောင်မလေး ..."

ဒက်ဒီ သတိပြန်ရလာသည်။

"ဒက်ဒီ သတိရပြီလား ... သမီးအနားမှာရှိတယ် ... ဒက်ဒီ"

ဒက်ဒီ့လက်တွေကို သူမတင်းကျပ်စွာ ဆုပ်ကိုင်ထားမိသည်။

"ဒက်ဒီ ..."





"သမီး ..."

"ရှင် ..."

"သားအလုပ်က ထွက်သွားပြီ ... ကားနဲ့ ဖုန်းပြန်အပ်သွားတယ် ... လုပ်ငန်းတွေကိုလည်း သူဦးစီးမှာ မဟုတ်တော့ဘူး ..."

"သူလာလို့လား ဒက်ဒီ ..."

"မလာဘူး ... လူကြုံနဲ့ အပ်သွားတာ ... သားက ဆင်းရဲပေမယ့် မာနကြီးတယ် ... စံပယ့်အတိုင်းပဲလေ ..."

ချမ်းသာတဲ့ ဖွဲ့က စည်းစိမ်ဥစ္စာတွေကို မက်မောနေသည်။

ဆင်းရဲတဲ့ ကိုသျှင်နေမင်းက စည်းစိမ်ဥစ္စာတွေကို စွန့်လွှတ်နေ၏။

"စံပယ် ဖုန်းဆက်တယ် ... သားကို ဖွင့်ပြောလိုက်ပြီတဲ့ သူ့ကို သားအဖြစ် အသိအမှတ် ပြုမနေပါနဲ့တော့တဲ့ ... နွေညလေး ဘယ်လောက် အားငယ်သွားမလဲတဲ့ ..."

ကိုသျှင်နေမင်း စိတ်ဓာတ်ကို လေးစားသွားရသည်။

နောင်တတွေရမိသည်။

ယောကျ်ားပီသတဲ့ ယောကျ်ားတစ်ယောက်ဆိုတာ သူမ တွေးမိလိုက်၏။

ဖွဲ့နဲ့ တစ်ခြားစီပဲ ...

"သမီး ..."

"ရှင် ... ဒက်ဒီ ..."

"စံပယ်က ပြောတယ် ... သမီးကို သားကကျိတ်ပြီး ချစ်နေတာတဲ့လေ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

ဒက်ဒီ့စကားတွေကြောင့် ရင်ထဲမှာ စူးရှနာကျင်သွားရသည်။

"သမီး မင်္ဂလာပွဲကိုတော့ ဒက်ဒီအစွမ်းကုန်ကြိုးစားပါ့မယ် သားနဲ့ သမီးတို့ကို သင့်သင့်မြတ်မြတ် ချစ်ချစ်ခင်ခင်ပဲ ဒက်ဒီမြင်ချင်တယ်ကွယ် ..."

"ဒက်ဒီ ..."

"ဟင် ..."

"သမီးကြိုးစားပါ့မယ် ... ကိုသျှင်နေမင်းကို ဒက်ဒီ့ရှေ့ရောက်အောင် သမီးခေါ်လာခဲ့မယ် ..."

"စံပယ့်ကိုလည်း ခေါ်လာခဲ့နော် သမီး ..."

"ဟုတ်ကဲ့ ..."

ဒက်ဒီ့မျက်ဝန်းတွေက ဝင်းလက်တောက်ပသွားတော့သည်။

အခန်း ( ၂၄ )

ဖွဲ့ပြောတာတွေကို ကျွန်မ ဘယ်လိုမှ လုပ်ဆောင်နိုင်စွမ်း မရှိတော့ပေ။

ဒက်ဒီနေမကောင်းဘူး ...

သမီးအရင်း မဟုတ်တာတောင် ဖခင်မေတ္တာအပြည့်ဖြင့် ချစ်ခင်ယုယတတ်စွာ ပြုစုခဲ့သော ဖခင်တစ်ယောက်။

"တူ ... တူ ..."

"တူ ... တူ ..."

ဖုန်းဝင်လာသည်။

သူမ ကြည့်လိုက်တော့ ဖွဲ့ဖြစ်နေသည်။

"နွေညလေး ..."

ဖွဲ့လေသံတွေက အမြဲတမ်း တင်းမာစွာအပေါ်စီးကဖြစ်နေသည်။

"သျှင်နေမင်း အလုပ်က ထွက်သွားပြီဆို ..."

"ရှင် ..."



www.burmeseclassic.com

www.burmeseclassic.com



"ကားရောဖုန်းရော အပ်သွားပြီဆို ... ဒါတောင် မောင့်ဆီ ဘာလို့ မဆက်သွယ်ရတာလဲ ... သျှင်နေမင်းက အားလုံးကို စွန့်လွှတ်မဲ့ သဘောပဲဟာ ..."

ဖွဲ့အသံတွေက ရှင်လန်းတက်ကြွနေသည်။

သူမကတော့ မပျော်နိုင်ပေ။

ဒက်ဒီအလို အရှိဆုံးက ကိုသျှင်နေမင်းပဲ။

ဒေါ်စံပယ် ...

ပြီးတော့ ...

သူမ ...

မိသားစု ပျော်ရွှင်တဲ့ ဘဝလေးတစ်ခု ...

အသက်အရွယ် ကြီးရင့်နေပြီဖြစ်သော ဒက်ဒီကိုပဲ စိတ်ချမ်းသာမှု ပေးစွမ်းတော့မယ် ...

"နွေညလေး ..."

"ဒက်ဒီနေမကောင်းဘူး ... ဖွဲ့"

"ဟင် ..."

"ဆေးခန်းမှာ ..."

"မင်းအဘိုးကြီး မရှိတော့ရင် ..."

"ဖွဲ့ ..."

"မင်း အဖေအရင်းမှ မဟုတ်တာဘဲ ... မောင် အားလုံး စီစဉ်မယ် ..."

"ဖွဲ့ ..."

"ကျွန်မ ရှင့်ကို စွန့်လွှတ်လိုက်ဖို့ ဆုံးဖြတ်လိုက်ပြီ ... ကိုဖွဲ့နိုင်ကို ..."





"ဘာ ... ဘာပြောတယ် ... နွေညလေး ... မင်း ... မင်း"

"ရှင့်စိတ်ဓာတ်တွေက အရမ်းအောက်တန်းကျတယ် ... ကျွန်မဘဝရဲ့ လက်တွဲဖော်အဖြစ် မရွေးချယ်တော့ဘူး ... ရှင် မေ့ပစ်လိုက်ပါတော့ ..."

"မင်းက ... သျှင်နေမင်း သူဌေးသားဖြစ်သွားလို့ ငါ့ကို ဆန့်ကျင်တာလား ... နွေညလေး ..."

"ရှင် ထင်ချင်သလို ထင်နိုင်တယ် ... ဖွဲ့နိုင်ကို ... ကျွန်မမှာ လောလောဆယ် တာဝန်က ဒက်ဒီအနားကို ဒေါ်စံပယ်တို့သားအမိကို ခေါ်သွားဖို့ပဲ ..."

"နွေညလေး ... မင်း"

ဖွဲ့ ...

ဒေါသတကြီး အော်ဟစ်နေသည်။

သူမ ...

ဖုန်းပိတ်ထားလိုက်သည်။

နွေညလေးက အချစ်ကြီးတော့ အမျက်လည်းကြီးတယ် ဖွဲ့နိုင်ကို ...

ရှင် ...

သိပ်အနိုင်ကျင့်လွန်းတယ် ...

ဒက်ဒီကို အသေမခံနိုင်ဘူး ...

ရှင့်လို ယောကျ်ားတစ်ယောက်အတွက်နဲ့ ကျွန်မရဲ့ကျေးဇူးရှင် ဖခင်ကြီးကို မစော်ကားနိုင်ဘူး ... ။

သူမ ဆုံးဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားကို ဒေါ်စံပယ်တို့ တိုက်အထပ်ကြီးရှေ့ ပလက်ဖောင်းမှာ ရပ်လိုက်၏။

ရှစ်ထပ်တိုက်ရဲ့ အပေါ်ဆုံးထပ်က အခန်းလေး တစ်ခုသာဖြစ်သည်။

ဒေါ်စံပယ်ကိုတော့ လေးစားသွားရ၏။

ဒက်ဒီရဲ့ ဇနီးဟောင်းဖြစ်နေတာတောင် ဘာအခွင့်အရေးမှ မယူခဲ့ပေ။

တိုက်ခန်းကျဉ်းလေးထဲမှာ သေးသိမ်စွာ နေထိုင်ခဲ့ကြသည်။

နွေညလေးကြောင့်ပါပဲ ...

ရင်ထဲမှာ နာကျင်နေမိသည်။

ရှစ်ထပ်တိုက်ကြီးအပေါ်တက်လာပြီး အခန်းတစ်ခုရှေ့တွင် သူမ ရပ်လိုက်သည်။

လူခေါ်ဘဲလ်ကို နှိပ်လိုက်၏။

တံခါး ပွင့်သွားသည်။

အခန်းထဲဝင်လိုက်သည်နှင့် ပစ္စည်းတွေ သိမ်းနေတာတွေ့လိုက်ရ၏။

"မင်း ... မင်း ... "

"ကျွန်မ နွေညလေးပါ ... "

"ဩော် ... မင်းကို ... ဒီမှာ အန်တီတို့ ပစ္စည်းတွေသိမ်းနေကြပြီ ... အခန်းက ဖယ်ပေးကြမလို့လေ ... "

"အန်တီက ... "

"ဒေါ်စံပယ်ပါ ... "





"အန်တီရော ကိုသျှင်နေမင်းရော ... အခု ဒက်ဒီဆေးခန်းမှာ ကျွန်မ အန်တီတို့သားသမီးကို လာခေါ်တာပါ ... "

"ဟင် ... "

ဒေါ်စံပယ်ဆိုတဲ့ ဒက်ဒီ့ဇနီးဟောင်းက ငယ်စဉ်ကအတော်ချောမယ့် ပုံပင်။

ဖြူစင်ခန့်ညားနေသည်။

ဒက်ဒီလို ချမ်းသာတဲ့ သူဌေးကြီးတစ်ယောက်ရဲ့ ဇနီးဟောင်းက ဘာအခွင့်အရေးမှ မယူတာ လေးစားစရာပဲဖြစ်၏။

"အန်တီ ... "

"သမီး ... "

"လိုက်ခဲ့ပါနော် ... ဒက်ဒီက အရမ်းတွေ့ချင်နေတယ် ... သမီးကို ခေါ်လာခဲ့ဖို့ အထပ်ထပ်မှာလိုက်လို့ပါ ... "

"သားက ... "

"ကိုသျှင်နေမင်းရော ဟင် ... "

"အပြင်သွားနေတယ် ... မနက်ဖြန် အန်တီတို့ ဒီအခန်းက နေပြောင်းဖို့ သွားပြီး စီစဉ်နေတယ် ... "

"ပြောင်းဖို့မှ မလိုတာပဲ အန်တီ ... သမီးတို့နဲ့ အတူလာနေပါနော် ... ဒက်ဒီ နေမကောင်းဘူး ... ကျွန်မတို့ ဒက်ဒီဖြစ်ချင်နေတဲ့ မိသားစု ဘဝလေးကို ဖန်တီးပေးကြရအောင်နော် ... "

အန်တီစံကယ်အား တောင်းတောင်းပန်ပန်နှင့် တောင်းပန်နေချိန်တွင် ကိုသျှင်နေမင်းအခန်းထဲသို့ ဝင်လာသည်။

ဧည့်ခန်းမှာ သူမကိုတွေ့လိုက်ရတော့ အံ့ဩတုန်လှုပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုသျှင်နေမင်း ... "

သူ ...

သူမရှေ့မှာ ဝင်ထိုင်သည်။

"သားနဲ့ သမီး စကားပြောကြဦးနော် ... အမေ စားစရာတွေ သွားယူလိုက်ဦးမယ် ... "

ဒေါ်စံပယ်က အလိုက်သိစွာဖြင့် ထသွားသည်။

"မင်း ... ဘာလာလုပ်တာလဲ နွေညလေး ... "

"ရှင့်ကို လာခေါ်တာ ... "

"ကျုပ် ... အလုပ်ကထွက်လိုက်ပြီ ... ပစ္စည်းတွေလည်း ပြန်အပ်လိုက်ပြီပဲ ... မနက်ဖြန် ဒီအခန်းကတောင် ဖယ်ပေးတော့မယ် ... "

"လောကကြီးမှာ ကိုယ်လုပ်ချင်တိုင်း လုပ်ခဲ့ကြတဲ့ အမှားတွေကို ပြန်ပြင်ဖို့ လိုအပ်တယ်လို့ ရှင်မထင်မိဘူးလား ... "

"ကျုပ်က ဘာအမှားမှ မလုပ်ခဲ့ဘူး ... နွေညလေး"

"ကျွန်မကတော့ လုပ်ခဲ့တယ် ... အဲဒါတွေကို ပေးဆပ်ဖို့အတွက် ရှင့်ကိုလာခေါ်တာ ... "

"ကျုပ်နဲ့ ဘာမှ မဆိုင်ဘူး ... "

မင်းပျော်ရွှင်ချမ်းမြေ့နေတာကိုပဲ ကိုယ်မြင်တွေ့ချင်ပါတယ် နွေညလေးရယ် ... ။

"ရှင်က အပြစ်မဲ့ဖြူစင်သူပါ ... ကျွန်မ တောင်းပန်ပါတယ် ... လောလောဆယ်တော့ ဒက်ဒီ ဆေးခန်းရောက်နေတယ် ... "

"ဟင် ... "

"ရှင်အလုပ်က ထွက်လိုက်လို့ အရမ်းစိတ်ထိခိုက်သွားတယ်





ဘာကယ်ဆို ... ဒက်ဒီ့ကို ရှင်ဖခင်တစ်ယောက်အနေနဲ့ အသိအမှတ်ပြုသင့်ပါတယ် ကိုသျှင်နေမင်း ... "

ဖခင်ဖြစ်သူကိုတော့ သျှင်နေမင်းတွေ့ချင်တဲ့ ဆန္ဒတွေ ဖြင်းပြနေမိသည်။

ကျန်းမာရေး မကောင်း၍လည်း ပို၍ စိတ်ပူသည်။

"ကျွန်မ တာဝန်က အန်တီစံပယ်နဲ့ ရှင့်ကို ဒက်ဒီ့ရှေ့ အရောက်ပို့ပေးဖို့ပဲ ... "

ကိုသျှင်နေမင်းရဲ့ နူးညံ့သိမ်မွေ့တဲ့ မျက်ဝန်းနှင့် ဆုံမိသည်။

"ကိုသျှင်နေမင်း ... "

"ဟင် ... "

"ခွဲလို အတ္တကြီးတဲ့ လူတစ်ယောက်ကို ... ကျွန်မ စွန့်လွှတ်လိုက်ပြီ ... ကျွန်မ ဘဝမှာ ဒက်ဒီအလိုအပ်ဆုံးပဲလို့ထင်တယ် ... အဲဒါကြောင့် ဒက်ဒီ့ကို ကျွန်မပေးရမယ် ... အဲဒါ ဘာလဲ သိလား ဒက်ဒီဖြစ်စေချင်တဲ့ မိသားစု ဘဝလေးကို ဖြည့်စွမ်းပေးဖို့ပဲ ... "

"မိသားစု ဘဝ ... "

"အင်းလေ ... ဒက်ဒီ့မှာ သားနေမင်းနဲ့ သမီး ညလေးကို လိုအပ်နေတယ်လေ ... "

သျှင်နေမင်းနှင့် နွေညလေး အကြည့်ချင်းဆုံမိသွားကြသည်။

"ရှင် သဘောတူတယ် မဟုတ်လား ... "

သဘောတူကြောင်း ခေါင်းညိတ်ပြလိုက်မိသည်။

အမေလည်း စားစရာတွေယူပြီး ရောက်လာ၏။

"သမီးတို့ ဒက်ဒီရှေ့ရောက်မှပဲ အတူစားကြတာပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



အမေ ... "

ကိုသျှင်နေမင်းခေါ်သလို အန်တီစံပယ့်အား အမေဟုပဲ ခေါ်လိုက်မိသည်။

ပျော်ရွှင်အေးချမ်းတဲ့ မိသားစုဘဝကို ဖန်တီးချင်လို့ပါ။

ဒက်ဒီ ... သမီး အောင်မြင်ပြီ ... ။

ကိုသျှင်နေမင်းရဲ့ အပြုံးတွေက နွေညလေးရဲ့ နှလုံးသားတွေကို အေးချမ်းသွားစေတာကတော့ အမှန်ပဲဖြစ်သည်။

သင်မြတ်နိုး

BURMESE CLASSIC

www.burmeseclassic.com